# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၇)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၀၁)


# နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်



စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများ စက်ရုံစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပထမနှစ်ဝက်စာမေးပွဲ ဖြေဆိုနေစဉ်

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**

**စစ်တွေ စက်တင်ဘာ ၃၀**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်တို့မှ စာသင်ကျောင်းများကို ယာယီပိတ်ထားခဲ့သော်လည်း ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား စာပေသင်ကြားပေးလျက်ရှိကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"မောင်တောမြို့ပေါ်မှာ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေ ပြန်ဖွင့်နေပါတယ်။ ဘူးသီးတောင်မှာလည်း စာသင်ကျောင်း ၂၁ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နေပါတယ်။ ကျောင်းဆရာ ဆရာမတွေလည်း အကုန်ရှိပါတယ်။ ကလေးတွေကို စာပေပြန်လည်သင်ကြားပေးနေပါတယ်" ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

ထို့အတူ မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းက "စက်တင်ဘာ ၁၉ ရက်က ကျောင်းစဖွင့်တာပါ။ မြို့ပေါ်မှာက ကျောင်းတွေ ဖွင့်ထားပေမယ့် ကျောင်းသားက အကုန်တော့ မရောက်သေးဘူး။ ဆရာ ဆရာမတွေကတော့ အကုန်ရှိပါတယ်"ဟု ပြောသည်။


*စာမျက်နှာ ၁၀ ကော်လံ ၅* ◆


## ကျေးရွာ ၄၈ ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် ခွဲရုံတည်နေရာရွေးချယ်

**ရဲဝင်းထွန်း(မြစ်သား)**

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သား၊ ကျောက်ဆည်နှင့် တံတားဦးမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၄၈ ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် ခွဲရုံမြေနေရာနှင့် ဓာတ်အားလိုင်းလမ်းအူကြောင်းများကို အတည်ပြုနိုင်ရေးအတွက် တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက်တွင် မြစ်သားမြို့နယ် ဒါးရယ်ခေါင်းတိုက်နယ် ဒါးရယ်ခေါင်းကျေးရွာ၌ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြစ်သားမြို့နယ်၏ မြောက်ဘက်အခြမ်း ကျေးရွာများဖြစ်သော ဒါးရယ်ခေါင်းတိုက်နယ်သည် ကျောက်ဆည်၊ တံတားဦးမြို့နယ်များအတွင်းရှိ ကျေးရွာများနှင့် ထိစပ်လျက်ရှိပြီး


*စာမျက်နှာ ၃ ကော်လံ ၄* ✻


## လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

# Yangon Water Bus ခရီးသည်ပို့ဆောင်ရေး ပွင့်လင်းရာသီစတင်နိုင်ရန် မျှော်မှန်း

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်မြို့နေပြည်သူများ ခရီးသွားလာရေးကို အထောက်အကူဖြစ်စေမည့် Yangon Water Bus ခရီးသည်ပို့ဆောင်ရေးကို ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလအတွင်း စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"ပြီးခဲ့တဲ့အပတ်က လိုက်စီးတာ ရန်ကုန်ဘက်က ဆိပ်ကမ်းတွေက အဆင်သင့်ဖြစ်နေပြီ။ လှိုင်သာယာဘက်နဲ့ ရွှေပြည်သာဘက်ဆိပ်ကမ်းက ကျန်သေးတယ်။ အဲဒါကိုတော့ အမြန်လုပ်နေတယ်။ အဲဒါပြီးရင် စဆွဲလို့ရပြီ။ ထိုင်းကလာနေတဲ့ သင်္ဘောကလည်း မရောက်သေးဘူး။ On the way ပေါ့။ ကျွန်တော်တို့ မှန်းတာက အောက်တိုဘာလ ဒုတိယပတ်၊ တတိယပတ်လောက်ပေါ့"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့


*စာမျက်နှာ ၃ ကော်လံ ၁* ❁




ပန်းဆိုးတန်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် Yangon Water Bus ကို တွေ့ရစဉ်




မြန်မာ့အလင်း

# သစ္စာရှိသောစကားတို့ကိုသာ ဆိုပါလေအံ့

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တောင်းဆိုချက်(၃)ရပ် ပြုလုပ်ခဲ့သည့်အနက် တစ်ချက်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စစ်ဆင်ရေးများကို အဆုံးသတ်ရန်ဖြစ်ပါသည်။ စစ်ဆင်ရေးတို့ကို အဆုံးသတ်ပါဟုဆိုသည့်အတွက် ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်တို့ ထပ်မံဖြစ်ပွားမည်မဟုတ်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တာဝန်ယူနိုင်ပါ၏လောဟု မေးခွန်းထုတ်ရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က တာဝန်ယူနိုင်သည့်အနေအထားမရှိသည်မှာ ရှင်းပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်သည် စကားထဲထည့်ပြောရန် မလိုလေဟန် ပြုမူနေပါသည်။ မိမိလူမျိုး သို့မဟုတ် မိမိကိုးကွယ်ရာဘာသာအတွက် အကြမ်းဖက်လိုပါက အကြမ်းဖက်ခွင့်ပြုထားသော အစိုးရရှိပါက ပြပါဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကို မေးမြန်းရမည်ဖြစ်ပါသည်။ အကြမ်းဖက်အဖွဲ့တိုင်းသည် လူမျိုး သို့မဟုတ် ကိုးကွယ်ရာဘာသာအတွက် ကြွေးကြော်လေ့ရှိသော်လည်း အဆိုပါကြွေးကြော်ချက်တို့သည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် ခုတုံးများသာဖြစ်ကြောင်းကို ကမ္ဘာ့ဖြစ်ရပ်တို့က သက်သေထူပြီးဖြစ်ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ နောက်တောင်းဆိုချက်တစ်ရပ်မှာ လူသားချင်းစာနာကူညီမှုတို့ကို လွတ်လပ်စွာခွင့်ပြုရန်ဖြစ်သည်။ လွတ်လပ်စွာဟု ဆိုလိုက်သည့်အတွက် ပေးသင့်ပေးထိုက်သူတို့ထံ လူသားချင်းစာနာထောက်ထားမှုအကူအညီတို့ ရောက်ရှိနိုင်ရေးအတွက် မြန်မာနိုင်ငံတော်အစိုးရ၏ အကူအညီ မလိုအပ်ပါလောဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကို မေးမြန်းရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်ကို အသိအမှတ်ပြုပါ၏လောဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကို ထပ်ဆင့်မေးမြန်းရမည်ဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီတို့ကို ထိထိရောက်ရောက် ဖြန့်ဝေပေးနိုင်ရေးအတွက် မြန်မာနိုင်ငံတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် အဘယ်ကြောင့် ရည်ညွှန်းပြောဆိုခြင်းမပြုပါသနည်းဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကို မေးမြန်းရမည်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရကို ဘေးဖယ်၍ ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းမှုသည် မိုက်မဲသောလုပ်ရပ်တို့သာဖြစ်ကြောင်း အချိန်ကသက်သေထူသွားမည်သာဖြစ်ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ တတိယမြောက်တောင်းဆိုချက်သည် ဒုက္ခသည်တို့အား ၎င်းတို့၏ မူရင်းဒေသသို့ ၎င်းတို့၏ဆန္ဒအလျောက် စဉ်ဆက်မပြတ်ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေးအပေါ် မြန်မာနိုင်ငံတော်အစိုးရက အာမခံချက်ပေးရန် ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ညှိနှိုင်းရရှိထားသော ၁၉၉၃ ခုနှစ် အခြေခံမူများနှင့်အညီ ဒုက္ခသည်တို့အား စိစစ်လက်ခံမည်ဟု ရှင်းလင်းတိကျစွာ ပြောကြားထားပြီး ဖြစ်ပါသည်။ ဒုက္ခသည်ဟုဆိုသည်နှင့် အစစ်အဆေးမရှိ လက်ခံမည်ဟူသောမူဝါဒမျိုးကို မည်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံကမျှ လက်ခံနိုင်မည်မဟုတ်ပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နယ်စပ်မျဉ်းကိုဖြတ်၍ ခိုးကူးဝင်ရောက်သူလုံးဝမရှိဟူသော စကားသည် သမိုင်းယုတ္တိကင်းမဲ့သော စကားသာဖြစ်ပါသည်။ တရားမဝင်ခိုးကူးဝင်ရောက်မှုတိုင်းကို နိုင်ငံသားအခွင့်အရေးပေးမည်ဟူသော မူဝါဒမျိုးကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ လက်ခံကျင့်သုံးမည်မဟုတ်ပါ။ မြန်မာနိုင်ငံတော်အစိုးရအပေါ် အပြင်းအထန် အပြစ်တင်လျက်ရှိသော အမေရိကန်အစိုးရသည်ပင် တရားမဝင်ခိုးကူးဝင်ရောက်လာသည်ဆိုသော မက္ကဆီကိုလူမျိုးတို့ကို အမေရိကန်မြေပေါ်မှ နှင်ထုတ်ရန် ကြံစည်ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာ့နိုင်ငံများသို့ ပူးပေါင်းဆောင်ရွက်ကြပါရန် ပန်ကြားထားပါလျက်"ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းတို့ကို မတင်ပြ၊ ပြစ်တင်သည့်လုပ်ရပ်"တို့ကိုသာ အဘယ်ကြောင့် ကြံစည်လုပ်ကိုင်နေကြသနည်းဟု မေးမြန်းရန်သာ ရှိပါတော့သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ရခိုင်ပြည်နယ်ပြဿနာကို မြန်မာနိုင်ငံသူ နိုင်ငံသားတို့ထက် ပိုသိပါသည်ဟု ဆိုလာပါက ထိုသူသည် သစ္စာမဲ့သောစကားတို့ကို မရှက်မကြောက်ဆိုသူသာဖြစ်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

# သုံးခွမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံ

**သုံးခွ စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၄)ရပ်ကွက် ရှစ်မျက်နှာဘုရားပရိဝုဏ်ရှိ ရှစ်ကျိပ်တစ်ဆူဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ရှစ်ကျိပ်တစ်ဆူဘုရားနှင့် ရဟန္တာများ အဆူ ၂၀၀ ကျော်တို့အား မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၄ ရက်) ညနေနှင့် လပြည့်နေ့ အရုဏ်တက်ချိန်တွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဘုရားပင့်လာသူများနှင့် ဆွမ်းတော်ကြီးတင်လှူရန် လာရောက်လှူဒါန်းကြသူများအား စတုဒိသာကြာဆန်ကြော် ညှော့ခံကျွေးမွေးလှူဒါန်းမည်ဟု သိရသည်။

အဆိုပါဘုရားလှည့်လည်ပွဲတွင် ရှစ်ကျိပ်တစ်ဆူဘုရားဂေါပကဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များက ဘုရားရဟန္တာရုပ်ပွားဆင်းတုတော်များကို ပင့်ဆောင်ရေး မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ဝတ်အသင်းသူများ၊ ကုမ္မာရီအမျိုးသမီးငယ်များ၊ လုံမငယ်များက ဘုရားရဟန္တာဆင်းတုရုပ်ပွားတော်များကို ဦးခေါင်းပေါ်တွင် ပင့်ဆောင်၍လည်းကောင်း လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ ဘုရားပင့်ဆောင်ရာလမ်းတစ်လျှောက်တွင် စေတနာအလှူရှင်များက ဖျော်ရည်၊ အချိုရည်၊ ရေသန့်ဘူးများ၊ မုန့်များဖြင့် ကျွေးမွေးလှူဒါန်းမည်ဟု သိရသည်။

အလားတူ အခြားဘုရားပင့်ဆောင်လှည့်လည်အပူဇော်ခံအဖွဲ့များကလည်း ဘုရားအပူဇော်ခံပွဲကျင်းပမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ညတွင် ရှစ်မျက်နှာဘုရားရင်ပြင်တော်ပေါ်တွင် ဆီမီး၊ အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ကာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# (၁၈)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်)၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၈နာရီက အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်ဆောင်အလှူတော် မင်္ဂလာခန်းမ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် သွေးလှူဒါန်းမည့် သံဃာတော်၊ သီလရှင်နှင့်လူပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဝင်းလွင်က သွေးလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းနှင့် သွေးလှူရှင်များအား ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး အမျိုးသားသွေးဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သွေးလှူရှင်များက သွေးများလှူဒါန်းရာ အမျိုးသားသွေးဌာနက စနစ်တကျလက်ခံရယူသည်။ ယနေ့ သွေးလှူဒါန်းပွဲတွင် သံဃာတော် ၂၂ပါး၊ သီလရှင် ကိုးပါးနှင့် လူပုဂ္ဂိုလ်၃၂၉ ဦး စုစုပေါင်း ၃၆၀ က သွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ သွေးလှူဒါန်းမှုတွင် ဆရာတော် ဦးဣန္ဒြေဘာသဦးစီးသော မိတ္ထီလာမြို့ အောင်သိဒ္ဓိဘုရား စေတနာမွန် သွေးလှူဒါန်းအသင်းက သွေးအလှူရှင် ၆၀ဖြင့် ပါဝင်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် သွေးအလှူရှင်များကို အမျိုးသားသွေးဌာနနှင့် ဆေးကုမ္ပဏီများက အားဆေးများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် ပြင်ပအလှူရှင်များက အာဟာရထုပ်များ၊ အိုဗာတင်းဘူးများနှင့် မုန့်ထုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ထွန်းအောင်ရှိန်**
**ဓာတ်ပုံ-စစ်မှူး**



# (၃၃)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ အောင်ပွဲသဘင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲအခမ်းအနား အောင်ပွဲသဘင်ကို ယနေ့ မွန်းလွဲ ၂ နာရီက ၃၀ ×၃၂လမ်းကြား၊ ၆၈ လမ်းရှိ မဟာဝိဇိတာရုံကျောင်းတိုက် ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားမစတင်မီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နိုင်ငံတော်သြဝါဒါစရိယ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကချုပ် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားသည်။

ထို့နောက် အောင်ပွဲသဘင်အခမ်းအနား ကျင်းပရာ ညှော့ပရိသတ်များက တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ၊ ပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကို စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေမည်။နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၉-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၃၀**

စစ်တွေမြို့နှင့် မောင်တောမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ဆန်အိတ် ၃၀၀၀ အား သွားရောက်လှူဒါန်းရန် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်များသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စစ်တွေမြို့အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၉ စု၊ လူဦးရေ ၃၀၈ ဦးအတွက် ဆန်အိတ် ၃၀၊ ဓမ္မာရာမဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၉၃ စု၊ လူဦးရေ ၂၆၅ ဦးအတွက် ဆန်အိတ် ၃၀၊ မရမာကြီးဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၃၃၈ ဦးအတွက် ဆန်အိတ် ၃၀၊ ဟိန္ဒူဘုရားကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ ၄၈၆ ဦးအတွက် ဆန်အိတ် ၅၀၊ ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၀၆ စု၊ လူဦးရေ ၆၈၆ ဦးအတွက် ဆန်အိတ် ၇၀ တို့ကို သွားရောက်ထောက်ပံ့ပေးအပ်သည်။

ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က မောင်တောဒေသအတွင်း ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးတို့ကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား အားပေးစကားပြောကြားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်များသည် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား ဆက်လက်ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဟိန္ဒူဘုရားကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်စဉ်** (သတင်းစဉ်)

# မြန်မာပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပုံနှိပ်လုပ်ငန်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများနှင့် ခေတ်မီတိုးတက်နေသည့် ပုံနှိပ်နည်းပညာအသစ်များအား ပုံနှိပ်လုပ်ငန်းရှင်များကို အသိပညာပေးနိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) တို့ ပူးပေါင်း၍ မြန်မာပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (Myanmar Printing Industry Development Forum -2017) ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုဖိုရမ်တွင် ပုံနှိပ်လုပ်ငန်းအတွက် အခွင့်အလမ်းနှင့် ပုံနှိပ်နည်းပညာများကို ဆွေးနွေးကြမည်ဟု သိရပါကြောင်း၊ ယခုခေတ်တွင် ပုံနှိပ်စက်များနှင့် ပုံနှိပ်နည်းပညာများသည် အသွင်သဏ္ဍာန်ပြောင်းလဲလာပါကြောင်း၊ တစ်ဖက်ကလည်း မီဒီယာလောကတွင် အီလက်ထရွန်နစ်မီဒီယာပေါ်လာသည့်အတွက် ပုံနှိပ်မီဒီယာအခန်းကဏ္ဍ ပျောက်ကွယ်သွားမည်လားဟု ပြောဆိုသည်များ ရှိပါကြောင်း၊ ထိုသို့ စိုးရိမ်မှုများရှိနေသော်လည်း ပုံနှိပ်လုပ်ငန်းသည် မပျောက်ကွယ်မည့်အပြင် ယခင် ပုံသဏ္ဍာန်မဟုတ်ဘဲ အသွင်သဏ္ဍာန်သစ်အမျိုးမျိုးဖြင့် ဆက်လက်ဖွံ့ဖြိုးနေသည်ဟု သုတေသနပြုသူများက ထောက်ပြထားသည်ကို တွေ့ရပါကြောင်း။

ပုံနှိပ်လုပ်ငန်းရှင်များကလည်း မိမိတို့လုပ်ငန်း ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တီထွင်ကြံဆ နည်းလမ်းရှာရန် ယနေ့ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့လုပ်ကိုင်သည့် လုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊ လုပ်ငန်းတူသူများ စုဖွဲ့၍ဖြစ်စေ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပြန်လည်သုံးသပ်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပုံနှိပ်လုပ်ငန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်၊ စိတ်ကူးစိတ်သန်းအသစ်များနှင့် လမ်းကြောင်းသစ်များ ချမှတ်နိုင်ရန် အကြံဉာဏ်ကောင်းများ ရလာမည်ဖြစ်ပါကြောင်း၊ စုပေါင်းလုပ်ဆောင်ခြင်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းအသစ်များ ရလာနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပုံနှိပ်လုပ်ငန်းသည် စိုးရိမ်ကြောင့်ကြရသည့် အနေအထားမရှိပါကြောင်း၊ သို့သော် ကမ္ဘာတွင် စက္ကူဖြင့် ပုံနှိပ်သည့်လုပ်ငန်းသည် ကျဆင်းနေသည်ဟု ယူဆရပါကြောင်း၊ ထို့ကြောင့် တိုးတက်ရှင်သန်အောင် စဉ်းစားတိုင်ပင်နေရသည့် ကာလမျိုးတွင် မိမိတို့နိုင်ငံရှိ ပုံနှိပ်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် နည်းလမ်းရှာဆွေးနွေးကြခြင်းသည် နောက်မကျဘဲ ခေတ်ရှေ့ပြေးသည်ဟု ပြော၍ရပါကြောင်း၊ ထို့ကြောင့် ယနေ့တွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ပုံနှိပ်လုပ်ငန်းအတွက် အခွင့်အလမ်းများ တိုးတက်ရရှိရန် နည်းလမ်းရှာ စဉ်းစားဆွေးနွေးခြင်း၊ နည်းပညာအသစ်များ ရရှိရန် ဆွေးနွေးတိုင်ပင်ကြခြင်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ပါစေကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှ နည်းပညာနှင့် ပုံနှိပ်လုပ်ငန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများ ထွက်ပေါ်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) ဥက္ကဋ္ဌ ဦးမင်းဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် Graphic Consult Group မှ အဖွဲ့ခေါင်းဆောင် ဦးကျော်သူက ယနေ့ခေတ် ပုံနှိပ်နည်းပညာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Fuji Xerox Asia Pacific Operation Pte.,Ltd မှ Operations Manager Mr. Tiomthy J. Howard က ဒစ်ဂျစ်တယ်စနစ်ဖြင့် ပုံနှိပ်ထုတ်ဝေမှုနှင့်စပ်လျဉ်း၍လည်းကောင်း ၊ Mya Kyun Tha Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဇံက ဂရပ်ဖစ်နည်းပညာနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဌေးမင်းက ပုံနှိပ်လုပ်ငန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ၊ ပုံနှိပ်လုပ်ငန်းရှင်များနှင့်ပညာရှင်များက ပုံနှိပ်လုပ်ငန်းနှင့်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများနှင့် ပုံနှိပ်ထုတ်ဝေခြင်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ ခေါင်းစဉ်များကို မျက်နှာစုံညီဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ ပုံနှိပ်လုပ်ငန်း ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

“ပုံနှိပ်လုပ်ငန်းတွေက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို မှီခိုနေရတော့ Social Media ပေါ်လာတာနဲ့အမျှ တဖြည်းဖြည်း ပြိုလဲလာတာပေါ့လေ။ လက်ရှိ ပုံနှိပ်လုပ်ငန်းကတော့ အားနည်းနေတဲ့ သဘောရှိပါတယ်။ အဲဒီအခြေအနေကို ထိန်းသိမ်းချင်တဲ့သဘောနဲ့ ဒီဖိုရမ်ကို ကျင်းပတာဖြစ်ပါတယ်။ ဒီဖိုရမ်ကနေ အားလုံး စုပေါင်းပါဝင်တဲ့ အများပိုင်ကုမ္ပဏီလို ပေါ်လာပြီဆိုရင် နိုင်ငံတကာကဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ရင်ဆိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) ဥက္ကဋ္ဌ ဦးမင်းဟန်က ပြောသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းကို အသင်းသားများ စည်းလုံးညီညွတ်ရန်၊ ပုံနှိပ်လုပ်ငန်းနှင့် ပုံနှိပ်နည်းပညာများ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရန်နှင့် အသင်းသားလုပ်ငန်းရှင်များနှင့် နိုင်ငံတော်အကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၉၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

***ရှေ့ဖုံးမှ***

အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်က ပြောကြားသည်။

Yangon Water Bus ခရီးသည်ပို့ဆောင်ရေးအတွက် ရန်ကုန်ဘက်အခြမ်းတွင် ဆိပ်ကမ်းခြောက်ခုနှင့် လှိုင်သာယာဘက်အခြမ်းတွင် ဆိပ်ကမ်းနှစ်ခု ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ဆိပ်ကမ်းများအနေဖြင့် အင်းစိန်တံတားအနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်မြို့နယ် ဘူတာရုံလမ်း၊ ကြည့်မြင်တိုင် (ဈေးကြီးတံတား)၊ လသာ(လမ်းသစ် တံတား)၊ ပန်းဆိုးတန်း(နန်းသီတာ)၊ ဗိုလ်တထောင် (တံတားအမှတ်-၄) တို့ ဖြစ်ကြောင်း သိရသည်။

Yangon Water Bus ခရီးစဉ်အနေဖြင့် ရန်ကုန်၊ အင်းစိန်၊ လှိုင်သာယာခရီးစဉ်ကို စတင် ပြေးဆွဲမည်ဖြစ်ပြီး နောက်ပိုင်းတွင် သန်လျင်ဘက်ခရီးစဉ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) ခရီးစဉ်များကို ဆက်လက်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းနှင့် ဩစတြေးလျတို့တွင် တည်ဆောက်ထားသော သင်္ဘောများမှာ အဆင်သင့်ဖြစ်နေပြီး ထိုင်းနိုင်ငံမှ လာရောက်နေသော သင်္ဘော မှာ ရောက်ရှိသေးခြင်းမရှိကြောင်း သိရသည်။ ခရီးသည်တစ်ဦးလျှင် ခရီးစဉ်အစအဆုံးအတွက် ငွေကျပ် ၅၀၀ သတ်မှတ်ထားပြီး ရန်ကုန်-လှိုင်သာယာ ခရီးစဉ်အတွက် ရေယာဉ် ၁၆ စင်းဖြင့် ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

ရေကြောင်းခရီးသွားလာမှုကို အသုံးချနိုင်သော နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ရေကြောင်းခရီးသွားလာမှုကို အသုံးမချနိုင်သောနိုင်ငံများမှာ ဖွံ့ဖြိုးမှုနောက်ကျကျန်နေတတ်ကြောင်း သိရသည်။

***ရှေ့ဖုံးမှ***

ဒါးရယ်ခေါင်းတိုက်နယ်အပါအဝင် ငှင်းပတ်ဝန်းကျင် ကျေးရွာများ၌ ခတ်အားခွဲရုံမရှိခြင်း၊ ၁၁ ကေဗွီလိုင်းများ မရှိခြင်းတို့ကြောင့် မီးလင်းနိုင်ရေးခက်ခဲလျက်ရှိရာ ဒါးရယ်ခေါင်းကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ၃၃ ကေဗွီ ၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံတစ်ရုံ တည်ဆောက်ရန် ဦးစားပေးအဖြစ် လျာထားကြောင်း မြစ်သားမြို့နယ် အမှတ်-၁ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်ထံမှ သိရသည်။

အဆိုပါ လျာထားချက်အတည်ပြုနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးလှိုင်ဝေနှင့် အဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် အမှတ်-၁ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမင်းအောင်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမင်းထွန်းနှင့် ကျောက်ဆည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းလင်းအောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မျိုးဝင်း၊ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ခွဲရုံတည်ဆောက်မည့် တည်နေရာကို အတည်ပြုနိုင်ရေး ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံသစ်ဖွင့်ပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့သစ်များကို ကြိုဆိုခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည့် Mmpo Cinema ဖွင့်ပွဲ ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင် အဖွဲ့သစ်များအား ကြိုဆိုပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဟောင်းများအား နှုတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းတို့က Magic Ball အား ထိကိုင်၍ Mmpo Cinema အား ဖွင့်လှစ်ပေးသည်။

ထို့နောက် ရုပ်ရှင်ရုံ၏ အရုပ်/အသံ ပိုင်းဆိုင်ရာ နမူနာပြကွက်များကို အနည်းငယ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာတရစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအဖွဲ့သစ်ကို ရုပ်ရှင် လောကသားများအနေဖြင့် သဘောတူထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ရွေးချယ်တင်မြှောက်ခဲ့ပြီး ရုပ်ရှင်အစည်းအရုံးအဖွဲ့ဟောင်းများကလည်း ယခုကဲ့သို့ ဂုဏ်သရေရှိရှိ ချောမွေ့စွာ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားဖြစ်သည်နှင့်အတူ Mmpo Cinema ဖွင့်ပွဲ ကျင်းပသည့်အတွက် မင်္ဂလာရှိသည်ဟု ပြောကြားလိုပါကြောင်း၊ မည်သည့်နယ်ပယ်တွင်မဆို မိမိတို့လုပ်ငန်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် စုပေါင်းဆောင်ရွက်ရခြင်းရှိပါကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရုပ်ရှင်လောကသားများ၏ အနုပညာအဆင့်အတန်း မြင့်မားစေရန် ယခုကဲ့သို့ စိတ်တိုင်းကျရွေးချယ်နိုင်ခဲ့သည့်အပေါ်လည်း အသိအမှတ်ပြုပါကြောင်း၊ ယခုလို ရွေးချယ်ခြင်းသည် မိမိတို့တိုင်းပြည်အတွက်သာမက အခြားသော အဖွဲ့အစည်းများအတွက်လည်း နမူနာကောင်းဖြစ်ပါကြောင်း၊ အမှုဆောင်သစ်ရွေးချယ်မှုအပေါ် ပြည်သူများကများစွာစိတ်ဝင်စားမှုရှိပါကြောင်း၊ လက်ရှိ ဥက္ကဋ္ဌ ဦးလူမင်းနှင့် ဥက္ကဋ္ဌသစ် ဦးဇင်ဝိုင်း



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း နှုတ်ဆက်စကားပြောကြားစဉ်



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအသစ် ဦးဇင်ဝိုင်း မိတ်ဆက်စကားပြောကြားစဉ်




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Mmpo Cinema ဖွင့်ပွဲ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်များအား ကြိုဆိုပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဟောင်းများအား နှုတ်ဆက်ပွဲအခမ်းအနား၌ အမှာတရစကားပြောကြားစဉ်** (သတင်းစဉ်)

တို့၏ သရုပ်ဆောင်မှုသာမက အဖွဲ့အစည်းကို ဦးစီးဦးဆောင်ပြုနိုင်သည့် အရည်အချင်းကိုလည်း သဘောကျနှစ်ခြိုက်ပါကြောင်း၊ ထိုအရည်အချင်း အစွမ်းအစများဖြင့် ရုပ်ရှင်လောကသားများ၏အရေးကိစ္စများကိုပါ စွမ်းစွမ်းတမံဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သရွေ့ ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နှုတ်ဆက်စကားပြောကြားပြီး ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအသစ်အဖြစ် ရွေးချယ်ခြင်းခံရသည့် ဦးဇင်ဝိုင်းက မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ Mmpo Cinema ရုပ်ရှင်ရုံအတွက် အသံပိုင်းဆိုင်ရာ ပစ္စည်းများ လှူဒါန်းသည့် Clover Solutions Co.,Ltd မှ ဦးဇင်အောင်စိုးအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက ဂုဏ်ပြုလွှာချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်ဖခင်ကြီးများ ရုပ်တုရှေ့ရှိ မြက်ခင်းပြင်၌ ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းများ မြှင့်တင်ရေး၊ သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေး၊ အင်္ဂလိပ်ဘာသာစကားစွမ်းရည်မြှင့်တင်ရေး၊ စီမံခန့်ခွဲရေးနှင့် ခေါင်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်းများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ စသည့် Software ဆိုင်ရာ လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ၊ ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်များ၊ ICT ဆိုင်ရာလုပ်ငန်းများ စသည့် Hardware ဆိုင်ရာ လုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရေးအတွက် Master Plan များအရ စနစ်တကျဆောင်ရွက်သွားနိုင်ရေး အရေးကြီးပါကြောင်း။

တက္ကသိုလ်များ၏ လက်ရှိဖွဲ့စည်းပုံများကို ဌာနအလိုက် လုပ်သားဈေးကွက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဘွဲ့သင်တန်းများနှင့် လိုက်လျောညီထွေစွာဖြင့် တိုးချဲ့ဖွဲ့စည်းရန် လိုအပ်လျက်ရှိပါကြောင်း၊ ဒေသကို လက်တွေ့အကျိုးပြုနိုင်သော သင်တန်းများကို ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပြီး လုပ်သားဈေးကွက်လိုအပ်ချက်အရ ကျွမ်းကျင်ဘွဲ့ရလူငယ်များ မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များ၏အရည်အသွေး ပိုမိုတိုးတက်လာစေရန်အတွက် နိုင်ငံတကာအဆင့်စွမ်းဆောင်နိုင်မှုများကို တီထွင်ကြံဆဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး ပညာရပ်ဆိုင်ရာများ၊ သုတေသနလုပ်ငန်းများ၊ ဆရာ ဆရာမ၊ ဝန်ထမ်းအရည်အသွေး မြင့်မားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်လာစေရန် မွမ်းမံသင်တန်းများပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များရှိ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်အလိုက် အရည်အသွေးပိုမိုကောင်းမွန်လာရန် သုတေသနလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျောင်းသား ကျောင်းသူများ၏ အနာဂတ် ပိုမိုလှပစေရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေး (Hardware) ကော်မတီဥက္ကဋ္ဌ ဒေါက်တာဦးညီလှငယ်၊ ရန်ကုန်တက္ကသိုလ် ပညာရေးမြှင့်တင်မှုကော်မတီ (Software) ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ရန်ကုန်တက္ကသိုလ်ပြုပြင်မွမ်းမံရေးအတွက် (Software Committee) နှင့် (Hardware Committee) ဆိုင်ရာလုပ်ငန်းစဉ်များ၊ ရန်ကုန်တက္ကသိုလ် အဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲနို့အာဟာရတိုက်ကျွေးခြင်းနှင့်စပ်လျဉ်းပြီး သုတေသနလုပ်ငန်းတစ်ရပ် ဆောင်ရွက်သွားမည်ဖြစ်




**ရန်ကုန် စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများတွင် ပဲနို့အာဟာရ တိုက်ကျွေးနိုင်ရေးအတွက် ပဲနို့စက် ၁၁ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ တစ်လစာ ကုန်ကြမ်းပစ္စည်းများကို ရွှေပါရမီပဲနို့ အာဟာရ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဓာတ်ပုံ)**

ပဲနို့စက်များ အသုံးပြုပုံ နည်းပညာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ သင်တန်းကျောင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ဖောင်ဒေးရှင်းရုံးခွဲများ၌ သင်တန်းများပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါ ဖောင်ဒေးရှင်းသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ပဲနို့အာဟာရတိုက်ကျွေးခြင်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မူလတန်းကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ဘိုးဘွားရိပ်သာနှင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ တစ်ပတ်လျှင် တစ်ကြိမ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ဒေသထွက် ပဲပုပ်ကို ဝယ်ယူကာ ဘုန်းတော်ကြီးသင်ကျောင်းများ၊ မူလတန်းကြိုကျောင်းများ၊ အခြေခံပညာကျောင်းများတွင် တစ်ပတ်လျှင် သုံးကြိမ် တိုက်ကျွေးလျက်ရှိရာ အာဟာရပြည့်ဝရေးကို အထောက်အကူပြုသည့်အပြင် ဒေသခံများသည် ပဲပုပ်ပဲကို ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည့်အတွက် ယင်းဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖော်ဆောင်ပေးနိုင်လျက်ရှိသည်။

အဆိုပါ ပဲနို့အာဟာရတိုက်ကျွေးခြင်းသည် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်လည်း ကိုက်ညီသည့်အပြင် ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် (၈)ရပ်ပါ လုပ်ငန်း တစ်ရပ်ဖြစ်သည့် ကျောင်းတွင်းအာဟာရတိုက်ကျွေးခြင်း၏ အစပျိုးလုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပြီး ဝန်ကြီးဌာန အနေဖြင့် ပဲနို့အာဟာရ တိုက်ကျွေးခြင်းနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းတစ်ရပ်ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးအတွက် ၂၃၀/၆၆/ ၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ အမှတ်(၁) ထရန်စဖော်မာနှင့် ၆၆ ကေဗွီ Indoor GIS တို့မှ ဓာတ်အားစတင်ပို့လွှတ်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးနှင့် တိုးတက်သုံးစွဲလာသော ဓာတ်အားပမာဏကို တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်လျက် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ အမှတ်(၁) ထရန်စဖော်မာနှင့် ၆၆ ကေဗွီ Indoor GIS တို့မှ ဓာတ်အားစတင်ပို့လွှတ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဘုရင့်နောင်ပင်မ ဓာတ်အားခွဲရုံ အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**




အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၃၀ ကေဗွီဘုရင့်နောင်ဓာတ်အားခွဲရုံမှာ တပ်ဆင်ထားသည့် ထရန်စဖော်မာများ ဝန်အားပြည့်နေခြင်းကို လျှော့ချနိုင်ရန်နှင့် ၂၀၁၇ ခုနှစ် နွေရာသီ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ၂၃၀ ကေဗွီရွာမ ဓာတ်အားပေးစက်ရုံမှာ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေထရန်စဖော်မာတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း၊ လှိုင်သာယာမြို့နယ်နှင့် စက်မှုဇုန်ဧရိယာများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရန်နှင့် ၂၃၀ကေဗွီ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံရှိ ထရန်စဖော်မာများ ဝန်အားပြည့်နေခြင်းကိုလျှော့ချနိုင်ရေးတို့အတွက် ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကနောင်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ သန်းနှင့်ပြည်တွင်းငွေကျပ် ၂ ဒသမ ၅၀၅ ဘီလီယံကျခံသုံးစွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုလို နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများကိုလည်း အချိန်မီပြီးစီးနိုင်ရေးတို့ကို အထူးအားထည့်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် မိဘပြည်သူများကလည်း စီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံ၏ အဓိကလျှပ်စစ်ဓာတ်အားလိုအပ်ချက်စိန်ခေါ်မှုကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေ အမှတ်(၁) ထရန်စဖော်မာနှင့် ၆၆ ကေဗွီ Indoor GIS တို့မှ ဓာတ်အားစတင်ပို့လွှတ်ခြင်းအတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာဟုန်လျန်က မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် CITIC Construction Co.,Ltd မှ တာဝန်ရှိသူက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးအတွက် ၂၃၀ ကေဗွီ ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံတွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၂၅အမ်ဗွီအေ အမှတ်(၁) ထရန်စဖော်မာနှင့် ၆၆ ကေဗွီ Indoor GIS တို့ ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် CITIC Construction Co.,Ltd ဥက္ကဋ္ဌMr.ChenXiaojia တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ၂၃၀/၆၆/၁၁ကေဗွီ၊ ၁၂၅ အမ်ဗွီအေထရန်စဖော်မာနှင့် ၆၆ ကေဗွီ Indoor GIS Control Building ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ Indoor GIS နှင့် Control Room တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံမှ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးတည်းဖြင့် ဓာတ်အားပေးခဲ့ရာမှ ဝန်အားမနိုင်တော့၍ ၁၂၅ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံး အသစ်အစားထိုးတည်ဆောက်ကာ ရန်ကုန်မြို့ကို လျှပ်စစ်တိုး၍ ဖြန့်ဖြူးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်၌ တည်ရှိသည့် ၂၃၀ ကေဗွီကနောင်ပင်မဓာတ်အားခွဲရုံ၌ တည်ဆောက်ပြီးစီးသည့် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေထရန်စဖော်မာနှင့် တည်ဆောက်နေဆဲဖြစ်သည့် ၂၃၀/၃၃/ ၁၁ ကေဗွီ၊ ၁၅၀ အမ်ဗွီအေ ထရန်စဖော်မာလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၂၃၀ ကေဗွီလှိုင်သာယာပင်မဓာတ်အားခွဲရုံသို့သွားရောက်၍ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေထရန်စဖော်မာနှစ်လုံးဖြင့် လှိုင်သာယာနှင့် ရွှေလင်ပန်းစက်မှုဇုန်အပါအဝင် ကျန်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးမှုအခြေအနေနှင့် နောက်ထပ် ၁၅၀ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တည်ဆောက်နေမှုလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။နေ့လယ်ပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခရီးသွားလုပ်ငန်းဆိုင်ရာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်/ခရီးညွှန်ကြားမှုဦးစီးဌာန ညှော်လမ်းညွှန်သင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၇)ကို စက်တင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ပြည်ထဲရေး(ရုံးဟောင်း) စုစည်းခန်းမ၌ သင်တန်းသား ၄၀ ဖြင့် ဖွင့်လှစ်သည်။



သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ရက်က ကျင်းပရာ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် မြဝင်းက ယခုဖွင့်လှစ်သည့် သင်တန်းသည် ရဲတပ်ဖွဲ့ဝင်များ အရည်အသွေးမြင့်မားစွာ ဆောင်ရွက်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့လုံခြုံစွာဖြင့် မိမိနိုင်ငံအတွင်း ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အခန်းကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးအတွက် အထောက်အကူရမည့် သင်တန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင်နှင့်ထိုင်းလက်ရွေးစင်တို့ ချစ်ကြည်ရေးဘောလုံးပွဲလက်မှတ်များ ယနေ့ရောင်းချမည်

**မန္တလေး စက်တင်ဘာ ၃၀**

မြန်မာနှင့်ထိုင်းအသင်းတို့၏ အောက်တိုဘာ ၅ ရက်တွင် ချစ်ကြည်ရေးယှဉ်ပြိုင်ကစားမည့် ဘောလုံးပြိုင်ပွဲ ပွဲစဉ်အတွက် ဝင်ခွင့်လက်မှတ်များကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစ၍ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်း၌ အထူးတန်းလက်မှတ် ငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်းဝင်ခွင့် ငွေကျပ် ၂၀၀၀ ဖြင့် လက်မှတ်များကို နံနက်ပိုင်းမှ စတင်ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်း လက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေးယှဉ်ပြိုင်ပွဲ လက်မှတ်များကို အား/ကာသိပ္ပံ (မန္တလေး)နှင့်ဗထူးအားကစားကွင်းအထူးတန်းရှေ့၌ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁ ရက်တွင် မြန်မာဘောလုံးအကယ်ဒမီကျောင်း မန္တလေး၌ လေ့ကျင့်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၂ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းရောက်ရှိလေ့ကျင့်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

***(ယမန်နေ့မှအဆက်)***

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို “ဆရာတိုင်းကထုဆစ်ကြ၊ နိုင်ငံ့သားကောင်းဘဝ” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မောင်နိုင်ရဲလွင် ဒုတိယနှစ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း ပြည်မြို့ပညာရေးကောလိပ်၊ ဒုတိယဆုကို မဟန်နီလွင် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း မြစ်ကြီးနားပညာရေးကောလိပ်နှင့် တတိယဆုကို မောင်အောင်ကိုလင်း လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း မိတ္ထီလာပညာရေးကောလိပ်တို့ကလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို “အနာဂတ်လမ်းညွှန်၊ ဆရာမွန်” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မအက်စတာခင်ဆန်းဦး နဝမတန်း အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၊ ဟားခါးမြို့နယ် ချင်းပြည်နယ်၊ ဒုတိယဆုကို မသန့်ကြည်စင်အောင် အဋ္ဌမတန်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မုဒုံမြို့နယ် မွန်ပြည်နယ်နှင့် တတိယဆုကို မဖူးပွင့်ဝေ အဋ္ဌမတန်း မိုင်းယန်း- အခြေခံပညာအထက်တန်းကျောင်း ရှမ်းပြည်နယ် အရှေ့ပိုင်း တို့က လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို “အနာဂတ်လမ်းညွှန်၊ ဆရာမွန်” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မနှင်းပွင့်မောင် သတ္တမတန်း ဇောဓိရက္ခ- အခြေခံပညာအလယ်တန်းကျောင်း ကြို့ပင်ကောက်မြို့နယ် ပဲခူးတိုင်းဒေသကြီး (အနောက်)၊ ဒုတိယဆုကို မောင်ရှင်းသန့်အောင် ဆဋ္ဌမတန်း အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမြို့နယ် နေပြည်တော် တိုင်းဒေသကြီးနှင့် တတိယဆုကို မ မဏိစန္ဒာ သတ္တမတန်း၊ နမ့်ကွတ်-အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) လွိုင်ကော်မြို့နယ် ကယားပြည်နယ်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုကို မောင်တွယ်တာလင်း စတုတ္ထနှစ် ဓာတုဗေဒ မြိတ်တက္ကသိုလ် ဒုတိယဆုကို မောင်အောင်မျိုးထွဋ် ဒုတိယနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ မန္တလေးပညာရေးကောလိပ်နှင့် တတိယဆုကို မောင်သူရပိုင်စိုး စတုတ္ထနှစ် မြို့ပြ ပုသိမ်နည်းပညာတက္ကသိုလ်တို့က ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၄ ရက်တွင် အစမ်းလေ့ကျင့်ရမည်ဖြစ်၍ အောက်တိုဘာ ၃ ရက်(အင်္ဂါနေ့)အရောက် ဒေါ်မြင့်ဝင်း ညွှန်ကြားရေးမှူး ဖုန်း- ၀၉-၂၅၄၈၇၁၀၈၉၊ ဦးကျော်ထွန်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉-၇၉၇၅၆၁၇၁၈ နှင့် ဦးမောင်မောင်လွင် ဦးစီးအရာရှိ ဖုန်း- ၀၉-၄၄၈၅၃၅၈၇၅ တို့ထံသို့ မပျက်မကွက် ရောက်ရှိကြောင်း သတင်းပို့ပြီး နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)၊ တိုက် အတွဲ-၄(Cluster-4) တိုက်(၈)(၉)(၁၀) တွင် လူကိုယ်တိုင် ရောက်ရှိ (မပျက်မကွက်)တည်းခိုနေထိုင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်ကုန်းမြို့နယ်၌ အခမဲ့ဆေးဝါးကုသပေး

**တပ်ကုန်း စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းနှင့် တပ်ကုန်းမြို့နယ် သဒ္ဒါမိက ကရုဏာရှင်လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ တပ်ကုန်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များ၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ ကလေးနှင့် အထွေထွေရောဂါလူနာများအား နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်အထိ လူနာပေါင်း ၇၀၀ ကျော်အား အခမဲ့ဆေးဝါးကုသပေးမည်ဖြစ်သည်။ ဆေးဝါးကုသရာသို့ တပ်ကုန်းမြို့ ဘိုးဘွားရိပ်သာတပ်ကုန်း မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# နေပြည်တော်မှာ တစ်ထောက်နားလို့ အင်းလေးကိုတဲ့ သွားကြမယ်

**မြင့်စိုး (နတလ)**

သည်ချိန်၊ သည်ခါ၊ သည်ကာလရောက်ပြီဆိုမှဖြင့် ကျွန်တော်တို့ရုံးရှေ့မှာ အလွန်လှပသော၊ အရောင်အသွေးစုံသော၊ မွှေးရနံ့တို့ သင်းထုံပျံ့လွင့်နေသော ပန်းခင်းကြီးတစ်ခင်းက ပေါ်ပေါက်လာစမြဲဖြစ်သည်။ မွှေးရနံ့ဟု ဆိုရာမှာလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ စုံစုံညီညီရောက်ရှိလာသော စံပယ်လို တစ်မျိုး၊ နှင်းဆီလို တစ်ဖုံ၊ ခတ္တာလို တစ်သွယ်၊ ပန်းသော်ကနှယ်သို့ စိမ်းတချို့၊ ဝါတစ်လီ၊ နီတစ်ထွေဖြင့် လှချင်တိုင်းလှနေကြသော ပြည်ထောင်စုပန်းခင်းကြီးထဲမှ ထွက်ပေါ်လာသည့် ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များဖြစ်သည်။

စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ B.Ed ငါးနှစ်သင်တန်းအမှတ်စဉ် (၁) မှ သင်တန်းသား၊ သင်တန်းသူ ၂၂၃ ဦး တို့အား နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။ ပြည်ထောင်စုပန်းခင်းကြီးဟု ကျွန်တော် တင်စားခေါ်ဝေါ်လိုက်သည်နှင့် လျော်ညီစွာ သူတို့လေးတွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့မှ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တည်းဟူသော တိုင်းရင်းသားလူမျိုးများအားလုံး ပါဝင်လျက်ရှိသည်။ ထို့အပြင်တဝ သေချာစွာ စေ့ငုလေ့လာကြည့်သောအခါ ယခုရောက်ရှိလာသော သင်တန်းသား သင်တန်းသူများထဲတွင် ကချင်ပြည်နယ်ထဲက ရှမ်းတိုင်းရင်းသား၊ ရှမ်းပြည်နယ်ထဲက ရခိုင်တိုင်းရင်းသား၊ ကယားပြည်နယ်ထဲက ဓနုတိုင်းရင်းသူ၊ တနင်္သာရီတိုင်းဒေသကြီး ထဲက မွန်တိုင်းရင်းသူစသည်ဖြင့် တွေ့မြင်ရမည်ဖြစ်ပေရာ ဤသည်ပင်လျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ရောနှောနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုငယ်ကလေးများ တည်ရှိနေသည့် ပြယုဂ်ပေတည်း။

ထို့အပြင် လူမျိုးစုများလည်း များစွာပါဝင်လာကြသည်။ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဂျိန်းဖော၊ လာချိတ်၊ ဂျိန်းဖော / ခနူး၊ ခန္တီးရှမ်း၊ ကယန်း / ပဒေါင်၊ ယင်းဘော်၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ စကောကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ဧရာ့ချင်း၊ ဒိုင်ချင်း၊ တီးတိန်ချင်း၊ ဇိုဖေချင်း၊ ဇိုတုန်းချင်း၊ မွင်းချင်း၊ တိုက်ချွန်းချင်း၊ လိုင်ချင်း၊ ချင်းပုံ၊ မွန်ချင်း၊ အရှိုချင်း၊ အူပူးချင်း၊ တန်ရှုန်းနာဂ၊ ကူကီးနာဂ၊ ပါရာနာဂ၊ ကဒူး၊ ဂုဏ်ဝမ်ပိုညို၊ ရှမ်းနီ၊ မြိတ်၊ ထားဝယ်၊ ခမီ၊ ဒိုင်းနက်၊ တောင်ရိုး၊ ရှမ်းကြီး၊ မောရှမ်း၊ ပလောင်၊ လားဟူ၊ "ဝ"၊ အာခါ စသည်တို့ ဖြစ်ကြသည်။

သင်တန်းသား သင်တန်းသူလေးများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရခြင်းမှာ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေမှုများကို တွေ့မြင် သိရှိရလေအောင်၊ နှစ်ပေါင်းရာထောင်ချီ၍ ထည်ထည်ဝါဝါ တည်ရှိလာခဲ့သော အမိနိုင်ငံတော်အတွင်းမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကြည့်ရှုလေ့လာနိုင်အောင် ဖြစ်ကြောင်း၊ လေ့လာရေးခရီးစဉ်မှ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပြန်လည် အသုံးချစေလိုကြောင်း၊ လူငယ်များ၏ အနာဂတ်အလင်းရောင်သည် စာပေဖြစ်ပြီး

**နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေမှုများကို တွေ့မြင်သိရှိရလေအောင်၊ နှစ်ပေါင်းရာထောင်ချီ၍ ထည်ထည်ဝါဝါတည်ရှိလာခဲ့သော အမိနိုင်ငံတော်အတွင်းမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုလေ့လာနိုင်အောင်ဖြစ်ကြောင်း၊ လေ့လာရေးခရီးစဉ်မှ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ထိထိရောက်ရောက် ပြန်လည်အသုံးချစေလို**




"အလိမ္မာ စာမှာရှိ" ဟူသော ဆိုရိုးစကားနှင့်အညီ လူ့လောကကြီးထဲက လူတွေရဲ့ဘဝ အဖုံဖုံ၊ ဇာတ်ကြောင်းအဖုံဖုံ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာ အစုံအလင်တို့အား သိရှိလေ့လာနိုင်ရန်အတွက် စာများများဖတ်ဖို့လိုကြောင်း၊ မောင်တို့ မယ်တို့အနေနဲ့ ဆရာ / ဆရာမများအဖြစ် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဦးဆောင်ဦးရွက်ပြုရမည့်သူများဖြစ်သည့်အတွက်လည်း လူတိုင်းလူတိုင်း၏ ကိုယ်နှုတ်နှလုံးစောင့်စည်းမှု အကျင့်သိက္ခာဖြစ်သော စာရိတ္တမဏ္ဍိုင် မယိုင်မလဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုကြောင်း၊ ရိုသားဖြောင့်မတ်စွာ ကျင့်ကြံနေထိုင်ကြရန်၊ အချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် တစ်ဦး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံစံများကို တစ်ဦးက လေးစားလိုက်နာကြရန်၊ နိုင်ငံတော်အတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ် ဒွန်တွဲ လိုအပ်နေသော အရာများဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံကို ကျင်းပလျက်ရှိရာ မိမိတို့ကျရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးမြဝင်း ဦးဆောင်လျက် ပါမောက္ခ၊ နည်းပြ ဆရာ / ဆရာမကြီးများ အနီးကပ်ကြီးကြပ်လိုက်ပါကာ အဆိုပါ သင်တန်းသား၊ သင်တန်းသူ လေ့လာရေးအဖွဲ့ဝင်များသည် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမိတက္ကသိုလ်မှ စတင်ထွက်ခွာလာကြပြီး ပခုက္ကူမြို့ရှိ သီဟိုရှင်ဘုရားကိုလည်းကောင်း၊ ပုဂံ၊ ညောင်ဦးဒေသရှိ ရွှေစည်းခုံ၊ လောကနန္ဒာ၊ အလိုတော်ပြည့်၊ ဓမ္မရံကြီး ဘုရားများကိုလည်းကောင်း ဖူးမြော်၍ ယွန်းပညာကောလိပ်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်တို့သို့ ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျောက်ပန်းတောင်း / ပုပ္ပားဒေသသို့ ရောက်ရှိကြပြီး တောင်ကလပ်ကို တက်ရောက်ကာ ထိုမှတစ်ဆင့် မိတ္ထီလာမြို့သို့ ထွက်ခွာ၍ မြေပြင်အတတ်သင်လေတပ်စခန်းသို့ ရောက်ရှိလေ့လာခဲ့ကြသည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် မိတ္ထီလာမှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာပြီး မြဝတီရုပ်မြင်သံကြားသို့ သွားရောက်ကာ ရိုက်ကူး ထုတ်လွှင့်ပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် စက်တင်ဘာလ ၂၆ ရက်နေ့က နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြပြီး ညဦးပိုင်းတွင် ရေပန်းဥယျာဉ်၌ ရောက်ရှိနားနေအပန်းဖြေခဲ့ကြသည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး၏ ကြိုဆိုနှုတ်ဆက်တွေ့ဆုံခြင်း အခမ်းအနားအပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များသို့ သွားရောက်ကြည့်ရှုလေ့လာပြီးနောက် သတ္တသတ္တာဟစေတီတော်သို့ ဖူးမြော်ကြဦးမည်ဖြစ်သည်။ ဆက်လက်၍ စက်တင်ဘာလ ၂၈ ရက်နေ့တွင်မှ ရှမ်းပြည်နယ်သို့ ခရီးဆက်ကြမည်ဖြစ်ပြီး ကလော၊ အောင်ပန်းမြို့များသို့လည်းကောင်း၊ ထိုမှ အင်းလေးဒေသ ဖောင်တော်ဦးဘုရားနှင့် အလိုတော်ပေါက်ဘုရားများရှိရာသို့လည်းကောင်း သွားရောက်ဖူးမြော် လေ့လာကြည့်ရှုကြပါဦးမည်။ စက်တင်ဘာလ ၂၉ ရက်နေ့၌လည်း တောင်ကြီးမြို့မှတစ်ဆင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ သွားရောက်ကာ ထမ်စန်းသဘာဝလိုဏ်ဂူဘုရားများ၊ ပင်းတယ ရွှေဥမင်ဘုရားများအား ဖူးမြော်ကြည်ညိုကြမည်။ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (ယခင် ဖွံ့ဖြိုးရေးသိပ္ပံ) ကျောင်းဆင်း ကျောင်းသားဟောင်းကြီးများက ကြိုဆိုနှုတ်ဆက်ကျွေးမွေးဧည့်ခံကြမည့် အစီအစဉ်များလည်းရှိကြောင်း သိရသည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကလောမြို့ပတ်ဝန်းကျင်၌ လေ့လာကြည့်ရှုကြပြီးနောက် မိတ္ထီလာမြို့သို့ ဆက်လက်ထွက်ခွာကာ ထိုမှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြန်လည်ဝင်ရောက်ကြမည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ အေးမြသော အရိပ်အာဝါသအောက်တွင် လာရောက်ခိုလှုံပညာသင်ယူနေကြသော တိုင်းရင်းသား၊ တိုင်းရင်းသူ သွေးချင်းညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာနေထိုင်ကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရင့်သန်ခိုင်မာလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်စေရန် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်မှ လာရောက်သင်တန်းတက်နေသော သင်တန်းသူ နန်းမေစန်းက သင်တန်းသား၊ သင်တန်းသူလေးများ အားလုံး၏ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ကမိမိတို့ အားလုံးအပေါ် ရည်မှန်းချက်ကြီးမားစွာထား၍ ပညာရေးဝန်ထမ်းကောင်းများ ဖြစ်လာအောင် လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးသဖြင့် ဖွံ့ဖြိုးရေးဘာသာနှင့် အထူးဖွံ့ဖြိုးရေးဘာသာရပ်များကို လက်တွေ့ကျကျ သင်ယူတတ်မြောက်ခဲ့ပါကြောင်း၊ မကြာမီ သင်တန်းပြီးဆုံး၍ တာဝန်ကျရာဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရချိန်တွင် အမိတက္ကသိုလ်က သင်ကြားပေးလိုက်သော ပညာရပ်များဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများကိုလည်း မွေးထုတ်နိုင်အောင် ကြိုးပမ်းရွက်ဆောင်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားသွားခဲ့ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုသင်တန်းကျောင်း ခုနစ်ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၃ ကျောင်း ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနေပြီး နယ်စပ်ဒေသများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## ဆောင်းသီးနှံချေးငွေများကို တောင်သူများထံ တိုက်နယ်ကျေးရွာအရောက်ထုတ်ချေးပေးမည်

**မော်လမြိုင် စက်တင်ဘာ ၃၀**

မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းရှင် တောင်သူများထံသို့ ယခုနှစ်ဆောင်းရာသီ စိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို တိုက်နယ် ကျေးရွာများ အထိ သွားရောက်ကာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ပြည်နယ်ဘဏ်ခွဲ)၊ မော်လမြိုင်မြို့မှ ပြည်နယ်မန်နေဂျာ ဦးကျော်စွာလှိုင်က ပြောသည်။

"မနှစ်ကတော့ မြို့နယ်ဘဏ်ခွဲတွေမှာပဲ ထုတ်ချေးပေးတယ်။ ပြီးတော့ တောင်သူတွေဘက်က ချေးငွေပြန်ဆပ်ဖို့ တာဝန်ကျေကြတယ်။ နှစ်စဉ်ကြွေးကျန် မကျန်ခဲ့ဘူး။ ဒီနှစ်မှာ တောင်သူတွေဘက်က စိတ်ဝင်စားမှုလည်းများလာသလို လိုအပ်ချက်အလိုက် တစ်ဧကေ ငွေကျပ် ၃၀၀၀၀ ပိုပြီးတော့ ချေးပေးမှာဖြစ်ပြီး တိုက်နယ် ကျေးရွာတွေအရောက် ဘဏ်ဝန်ထမ်းတွေ သွားရောက်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ပြည်နယ်မန်နေဂျာက ဆက်လက်ပြောသည်။

ပြီးခဲ့သည့်နှစ်က နွေစပါးအတွက် တစ်ဧကေ ငွေကျပ် ၁၅၀၀၀၀ နှင့် ဆောင်းရာသီစိုက်ပျိုးသီးနှံ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၂၀၀၀၀ နှုန်း ထုတ်ချေးပေးခဲ့ရာ ယခုနှစ်တွင် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း တိုးမြှင့်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာတွေကတော့ ဒီနှစ်ဆောင်းသီးနှံကို ပဲတီစိမ်းနဲ့ မြေပဲစိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲတီစိမ်းအတွက်ဆို စိုက်ပျိုးစရိတ် ငွေကျပ် ၅၀၀၀၀ အထိတိုးပေးတာ အဆင်ပြေပေမယ့် မြေပဲအတွက်ဆိုရင်တော့ မျိုးစရိတ်အရင်းအနှီးများလို့ ငွေကျပ် တစ်သိန်းလောက်အထိ ထပ်တိုးပေးရင် ပိုကောင်းပါတယ်။ ကျွန်တော်တို့ တောင်သူတွေကလည်း နှစ်စဉ်ကြွေးအကျေပြန်ဆပ်နေကြပါတယ်" ဟု ကျိုက္ကသာရွာမှ တောင်သူ ဦးမြင့်လွင်က ပြောသည်။

တိုက်နယ် ကျေးရွာအရောက် ထုတ်ချေးပေးမည့် ဝန်ဆောင်မှုကို အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ချေးငွေများကို ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလတို့တွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က မွန်ပြည်နယ်အတွင်း ဆောင်းသီးနှံချေးငွေ ကျပ်သန်း ၃၀၀၀ ကျော် ထုတ်ချေးပေးခဲ့ရာ ယခုနှစ်အတွက် ငွေကျပ် ၄၈၈၇ ဒသမ ၇၅ သန်းကို ထုတ်ချေးပေးသွားမည်ဖြစ်သည်။ မွန်ပြည်နယ်တွင် နွေစပါး စိုက်ဧက ၂၀၀၀၀ ကျော်နှင့် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံစိုက်ဧက ၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မြတ်မွန်ထွေး (မြန်မာ့အလင်း)**

# နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် အလှူငွေများလာရောက်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၃၀**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ကျင်းပရာ ရန်ကုန်မြို့ ဝါးတန်းလမ်း ဆန်ကုန်စည်ဒိုင်က လှူဒါန်းငွေကျပ် ၆၃ သိန်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးနှင့်အဖွဲ့က လှူဒါန်းငွေကျပ်သုံးသိန်းကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် အလှူရှင်များက နေရပ်မစွန့်ခွာဘဲနေထိုင်လျက်ရှိသည့် ပြည်သူများအား စားနပ်ရိက္ခာများလှူဒါန်း

**မောင်တော စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ ဦးဆောင်၍ မေတ္တာအရိယာန်ဖောင်ဒေးရှင်းအဖွဲ့မှ အလှူရှင်များသည် မောင်တောခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များနှင့် နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများအား ယနေ့ မွန်းလွဲပိုင်းက အစားအစာ၊ အဝတ်အထည်များနှင့် အလှူငွေများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာနှင့် အဖွဲ့သည် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးသို့ သွားရောက်ကာ ပြည်သူလူထုက အသိအမှတ်ပြုသည့်အနေဖြင့် လှူဒါန်းသည့် လက်ဖက်၊ ငါးနီတူခြောက်၊ ခေါက်ဆွဲခြောက်စသည့် ရိက္ခာခြောက်များအား ထောက်ပံ့ပေးအပ်ရာ ရဲမှူးချုပ်သူရစန်းလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာရှိ ရွာမဘုန်းကြီးကျောင်းစုရပ်တွင် ရွာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပါလထံ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ကျေးရွာများမှ ရပ်မိရပ်ဖများအား လက်ဖက်၊ ငါးနီတူခြောက်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ ဖိနပ်များ၊ အစားအသောက်များနှင့် အလှူငွေများ အထောက်အပံ့များအား ပေးအပ်သည်။

ယနေ့ လှူဒါန်းမှုနှင့်ပတ်သက်၍ မေတ္တာအရိယာန် ဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစံကျော်က “ ကယ်ဆယ်ရေးစခန်းတွေက လှူဒါန်းတာတွေများတယ်။ မထွက်ပြေးဘဲ လက်ရှိလည်း နေနေတဲ့လူတွေအတွက် လှူဒါန်းမှုတွေ နည်းတယ်။ အဲဒီအတွက် အခုလို ရွာတွေကို လိုက်လံလှူဒါန်းရခြင်း ဖြစ်ပါတယ်။ ငွေသားက တစ်အိမ်ထောင် ၁၅၀၀၀ နှုန်း ပေးပါတယ်။ စုစုပေါင်း ပစ္စည်းတန်ဖိုးရောငွေသားပါငွေကျပ် သိန်း ၃၀၀ ဖိုးလောက်ရှိပါတယ်။ ငွေသား ပေးအပ်လှူဒါန်းမှုအပိုင်းမှာတော့ အိမ်ထောင်စုက တိုးလာရင်လည်း တိုးလာမယ်၊ လျော့သွားရင်လည်း လျော့သွားနိုင်တာတွေလည်း ရှိလာနိုင်ပါတယ်။ အားလုံးပေါင်း ၁ ခုနစ်ရွာ၊ ရှစ်ရွာလောက် သွားရောက်လှူဒါန်းဖို့ရှိပါတယ်။ တချို့ရွာတွေက အိမ်ခြေ ၇၀ ရှိတယ်ဆိုရင် အိမ်ပဲရှိပြီး ထွက်ပြေးသွားတဲ့လူတွေလည်းရှိမယ်။ တခြားနယ်တွေက ဝင်လာတာလည်းရှိမယ်။ အဲဒီအတွက် လှူဒါန်းငွေနဲ့ပတ်သက်ပြီးတော့ အတိအကျ ပြောလို့မရသေးပါဘူး”ဟု ပြောသည်။

မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒေသနေပြည်သူများ အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သူများရှိသကဲ့သို့ နေရပ်စွန့်ခွာခြင်းမရှိဘဲ ဆက်လက်နေထိုင်လျက်ရှိသည့် ပြည်သူများလည်းရှိနေသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဆောင်၍ မေတ္တာအရိယာန်ဖောင်ဒေးရှင်းက နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာနှင့် ရန်အောင်မြင်ကျေးရွာတို့ရှိ ကျေးရွာနေပြည်သူများအား သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**သန့်ဇင်ဝင်း၊ နိုင်လင်းကြည်**




# ပြည်တွင်းအခွန်များဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် အခွန်ပညာပေး ဆိုင်းဘုတ်ဖွင့်

**စစ်တွေ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ပြည်တွင်းအခွန်များဦးစီးဌာန (၄၅)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အခွန်ပညာပေးဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှေ့၌ ကျင်းပသည်။

ပြည်တွင်းအခွန်များဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် အခွန်ပညာပေးဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် ရခိုင်ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညို တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်ဆိုသည့် အခွန်ပညာပေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခွန်ကောက်ခံရရှိမှုနှင့်စပ်လျဉ်းပြီး ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူးက “ကျွန်တော်တို့ဌာနမှာ အဓိကကကျွောင်းရပ်ဖြစ်တဲ့ ဝင်ငွေခွန်၊ ကုန်သွယ် လုပ်ငန်းခွန်၊အထူးကုန်စည်ခွန်၊ အောင်ဘာလေသိန်း ဆုခွန်နဲ့ တံဆိပ်ခေါင်းခွန်တို့က ရတာပါ။ အောင်ဘာလေ သိန်းဆုခွန်ဆိုတာက ထီရောင်းရတဲ့ငွေအပေါ်ကရတာပါ၊ ဒါကတော့ ပုံမှန်အနေအထားက ရတာပါ၊ ရခိုင်မှာ အခွန်အများဆုံး ကောက်ခံရရှိတာကတော့ ဝင်ငွေခွန်နဲ့ ကုန်သွယ်လုပ်ငန်းခွန်ကနေ အဓိကရရှိတာပါ”ဟု ပြောသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း - ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**
**ဓာတ်ပုံ - ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**စစ်တွေ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်) ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် လုပ်ငန်းခွဲအလိုက် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ သမဝါယမအသင်းစုချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းစုချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများနှင့် အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးက အခြေခံသမဝါယမအသင်းများ၊ မြို့နယ်အသင်းစုများ၏ စံနမူနာပြအသင်းစုအဖြစ် လုပ်ငန်းများကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားပြီး အသင်းစုချုပ် အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဇော်မင်းက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အသင်း၏လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချေးငွေလချုပ်စာရင်းပေးပို့မှုနှင့် ချေးငွေပေးဆပ်မှု အကောင်းအဆုံးဆု၊ ငွေစုငွေချေးလုပ်ငန်းခွဲ၌ အသင်းအဖွဲ့ ဌာနအလိုက် အသင်းသားအများဆုံးနှင့် ချေးငွေပေးဆပ်မှုအကောင်းဆုံးဆု၊ ဦးဆောင်စည်းရုံးမှုအကောင်းဆုံးပုဂ္ဂိုလ်ဆု၊ ချေးငွေပေးဆပ်မှု အကောင်းဆုံးပုဂ္ဂိုလ်ဆု၊ အစုငွေနှင့် စုဆောင်းငွေ အများဆုံးပုဂ္ဂိုလ်ဆု၊ မြသဇင်အသေးစား ချေးငွေလုပ်ငန်းခွဲမှ ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသည့် အသင်းသားများ၏ သားသမီးများကို ဆုများပေးအပ်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မိုးညှင်းတွင် တိုက်ပွဲရှောင်မိသားစုဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ငွေပေးအပ်

**မိုးညှင်း စက်တင်ဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက် စိန့်ပက်ထရိတ် ဘုရားရှိခိုးကျောင်းတွင် စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက တိုက်ပွဲရှောင်နေရပ်စွန့်ခွာလာသော မိသားစုဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သတ်မှတ်ချက်ဖြင့် ငွေကြေးထောက်ပံ့ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း မြစ်ကြီးနားမြို့ ကချင်အထူးစီမံချက်ရုံးမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရာရှိ ဦးခေါင်ဒေါင်က ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ခရိုင်ကြက်ခြေနီအသင်း တပ်ခွဲမှူး (ဒုတိယတန်း)မှ တိုက်ပွဲရှောင် မိသားစု ၁၀ စုအား တစ်စုလျှင် ငွေကျပ် ၁၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မြစ်ကြီးနားမြို့ ကချင်အထူးစီမံချက်ရုံးမှ ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးဝင်းဇော်ထွန်းက “မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေနဲ့ မိုးညှင်းမြို့က တိုက်ပွဲရှောင် နေရပ်စွန့်ခွာလာတဲ့ မိသားစုဝင်တွေကို ပထမအနေနဲ့ အိမ်ထောင်စုတစ်စုကို ငွေကျပ် တစ်သိန်းခွဲ ထောက်ပံ့ပေးပါတယ်။ နောက်ထပ် ဒုတိယအနေနဲ့လည်း ငွေကျပ်တစ်သိန်း ထပ်မံထောက်ပံ့ပေးဦးမှာပါ။ ဒီက ထောက်ပံ့ငွေတွေနဲ့ တစ်ပိုင်တစ်နိုင် မွေးမြူရေးနဲ့စိုက်ပျိုးရေး လုပ်ကိုင်နိုင်ဖို့ရည်ရွယ်ပြီး အကူအညီပေးတာပါ”ဟု ပြောသည်။

အဆိုပါ တိုက်ပွဲရှောင် နေရပ်စွန့်ခွာလာခဲ့ကြသော မိသားစုဝင်များသည် ၂၀၁၅ ခုနှစ်မှ စတင်ရောက်ရှိ နေထိုင်ကြသူများဖြစ်ပြီး စိန့်ပက်ထရိတ် ဘုရားကျောင်းဝင်းအတွင်း၌ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(ဝ၆၇)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

# မုံရွာ ကလေးစာပေပွဲတော်ကို သုံးရက်တာ ကျင်းပမည်

မုံရွာ စက်တင်ဘာ ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်(မုံရွာ)ကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မုံရွာမြို့ မုံရွာတက္ကသိုလ် ဘက်စုံခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ ကလေးစာပေပွဲတော်ကို စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများဖြင့် သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ပထမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၃၅ ခုဖြင့်လည်းကောင်း၊ ဒုတိယနေ့တွင် အစီအစဉ် ၅၀ ဖြင့် လည်းကောင်း၊ တတိယနေ့တွင် အစီအစဉ် ၄၀ ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား မျက်လှည့်၊ ရုပ်သေးနှင့် မြန်မာ့ရိုးရာသိုင်းပြပွဲများဖြင့်လည်း ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များအတွင်း စာပေဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့တွင် စာရေးဆရာ ဦးအောင်ဗိုလ်ဝင်း (ဗိုလ်မြန်မာ)က "စာအုပ်စာပေ ကလေးတို့ရဲ့မိတ်ဆွေ"၊ စာရေးဆရာမ ဒေါ်မြမြဆွေ(စိတ်ပညာ)က "စာပေဖွံ့ဖြိုး လူငယ်အကျိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယနေ့တွင် စာရေးဆရာ ဦးရဲလွင်(ရဲလျှမ်း)က "လာရာနှင့် လားရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ဦးဇော်နောင်ဟိန်း(Guitar)က "အလုပ်နှင့်ရည်ရွယ်ချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တတိယနေ့တွင် စာရေးဆရာမ ဒေါက်တာတင်ဝင်းက "ကနေ့လူကြီးတွေနဲ့မတူတဲ့ လူငယ်တွေဖြစ်အောင်" "ကောင်းကင်တစ်ဆုံး လူငယ်ကျောက်သင်ပုန်း"၊ စာရေးဆရာ ဘာမထီခင်အောင်(ရွှေဘို)က "ကလေးသူငယ်များနှင့်အကျင့်စာရိတ္တ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသွားကြမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့တွင် "စာဖတ်အကျင့် တိုးမြှင့်မြတ်နိုး၊ ဘက်စုံတိုးတက် ကလေးတို့အတွက်" ခေါင်းစဉ်ကို ဦးဖေသန်း (နေမင်းသန်း)၊ ဦးတင်အောင်(ချိမ့်သဲ)၊ ဦးသိုက်စိုးထွန်း(နတ်ရွှာ)၊ ဦးထူးဝေဖြိုးဆင့်(ထူးအောင်ဝင့်)၊ ဦးကျော်သက်ခိုင်(မုံရွာ)တို့က လည်းကောင်း၊ ဒုတိယနေ့တွင် "စာဖတ်ခြင်း အကျိုးကျေးဇူး" ခေါင်းစဉ်ကို ဦးရဲလွင်(ရဲလျှမ်း)၊ ဦးဇော်နောင်ဟိန်း (Guitar)၊ ဒေါက်တာနိုင်လင်းအောင်၊ အမောင်(ပုဂံ)၊ ဦးသက်နိုင်ထွန်း(M-ed)၊ ဦးသန့်စင်ထွန်း (သစ်ဝေခ) တို့က လည်းကောင်း၊ တတိယနေ့တွင် "ပြည်သူ့နီတိနဲ့ လူငယ်အစိုးရအဖော်ကောင်း ပြည်သူ့ကျောင်း"ခေါင်းစဉ်ကို ဒေါက်တာတင်ဝင်း၊ ဘာမထီခင်အောင် (ရွှေဘို)၊ ဦးကျော်သောင်း(ဘုတလင်)၊ ဦးစိန် လွင် (မင်းကင်း)၊ ဦးစိုးနိုင်(စိုးကြီး-မုံရွာ) တို့ကလည်းကောင်း ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး မြို့များတွင် ကျင်းပခဲ့ပြီး ယခု မုံရွာတွင် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ- သန်းမင်းအောင်**



ကလေးစာပေပွဲတော် (တောင်ကြီး)ကျင်းပစဉ်

## နိုင်ငံတော်သြဝါဒါစရိယ မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် စက်တင်ဘာ ၃၀**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နိုင်ငံတော်သမ္မတ၏ သာသနာတော်ဆိုင်ရာ နိုင်ငံ့စွမ်းဆောင်ရည် ဂုဏ်ထူးဆောင်လက်မှတ်ရ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၆) နှစ် သိက္ခာတော် (၆၆) ဝါအရ ၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက် (၃၀-၉-၂၀၁၇) စနေနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ် (၈) ဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၈) ဆင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ အသင်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် သင်တန်းမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က သင်တန်းစာပေပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ပြဇာတ်စာပေဆုနှင့် သင်တန်းသား ထူးချွန်ဆုရရှိသူတို့အား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်များအတွက် စာရေးဆရာမ ခိုင်ယဉ်မွန် (ဝိဇ္ဇာ/သိပ္ပံ) ရေးသားသည့် **ဣတ္ထိယမာန်နှင့် အခြားဝတ္ထုတိုများ** စာအုပ် ၁၀၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင် စာရေးဆရာမ ခိုင်ယဉ်မွန်(ဝိဇ္ဇာ/သိပ္ပံ)က စာအုပ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် စာရေးဆရာမ ခိုင်ယဉ်မွန် (ဝိဇ္ဇာ/သိပ္ပံ) က တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ တန်ဖိုးရှိ **ဣတ္ထိယမာန်နှင့် အခြားဝတ္ထုတိုများ** စာအုပ် ၁၀၀ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး စာရေးဆရာမ ခိုင်ယဉ်မွန်(ဝိဇ္ဇာ/သိပ္ပံ)က မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် ၁၀၀၀၀၀ ကိုလည်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော စက်တင်ဘာလ (၂၁) ရက်နေ့မှ စက်တင်ဘာလ (၂၇) ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | စွဲရိပ်ထင်ထင် ဝတ္ထုတိုများ | ကလောင်စုံ | ၉၀၀ | စိတ်ကူးချိုချို |
| ၂။ | ဂျိုကာမပါဘဲတုတ်စားခြင်းနှင့် အခြားဝတ္ထုတိုများ | ကြည်အေး | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃။ | မိမိကိုယ်ကိုလေးစားမှုတည်ဆောက်ဖို့ အကြံပြုချက် ၅၀ | ဆုပြည့်စုံထွန်း | ၁၀၀၀ | ဆုပြည့်စုံထွန်း |
| ၄။ | မြန်မာများမသိသော မြန်မာတပ် | စောကြာအောင် | ၃၅၀၀ | မှန်နန်းဆောင်စာပေ |
| ၅။ | နေပျော်ကြည်မြရွှင်လန်းတူရိယာ | အတ္တကျော် | ၃၅၀၀ | နန်းဒေဝီ |
| ၆။ | ဘဝထဲက မိန်းမသားများ | အေးမွန် | ၃၀၀၀ | ဆန်းစသော်တာ |
| ၇။ | လယ်ယာမြေဥပဒေ ပထမအကြိမ် ပြင်ဆင်ရေး လိုတိုရှင်းအကြံပြုချက်များ | ရွှေနေဦးဖိုးဖြူ | ၃၀၀၀ | Phoe Phyu & Associates Ltd. |
| ၈။ | မဲ့ကြည့်နည်း | ကျော်ခိုင် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၉။ | သင့်အတွက်နေ့စဉ်အကြံပေး ဒိုင်ယာရီ ၂၀၁၈ | နျူမာန်(MOTAA) | ၃၀၀၀ | အောင်ဆက်ခိုင် |
| ၁၀။ | အကျော်ဇေယျရာဇဝင်ထဲမှ မိဖုရားများ | သန်းဝင်းလှိုင် | ၃၀၀၀ | စာပေခရီးသွား |
| ၁၁။ | ဒါတွေသင်သိသလား ၂၀၁၇ အမေးနှင့်အဖြေ စွယ်စုံကျမ်း | ဂျူနီယာဝင်း | ၄၀၀၀ | ရန်အောင်စာပေ |
| ၁၂။ | တနင်္ဂနွေ ရုပ်ရှင်ကဗျာများ | ကလောင်စုံ | ၁၅၀၀ | ယဉ်မျိုးစာပေ |
| ၁၃။ | ကတ္တီပါဖိနပ်ကလေးတောင်မှမနိုင် | မြင့်မိုရ်ဆွေ | ၂၅၀၀ | မျိုးဆက်သစ် |
| ၁၄။ | ဝတ္ထုတို (၅) ပုဒ် | ရွှေဥဒေါင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၅။ | ဝတ္ထုတို (၅) ပုဒ် | ညီပုလေး | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၆။ | ဝတ္ထုတို (၅) ပုဒ် | ထင်လင်း | ၉၀၀ | စိတ်ကူးချိုချို |
| ၁၇။ | ဝတ္ထုတို (၅) ပုဒ် | ခင်ခင်ထူး | ၁၀၀၀ | စိတ်ကူးချိုချို |
| ၁၈။ | ရန်ကုန်သူပုန်ကြီးနဲ့ အပြာရောင်ကျားရဲ | လှစိုးဝေ | ၃၀၀၀ | နှင်းဆီဖြူ |
| ၁၉။ | ဓမ္မကထိကလက်စွဲ ( ပ+ဒု ) ပေါင်းချုပ် | သကျဝံသ | ၂၅၀၀ | ကောင်းထွဋ် |
| ၂၀။ | သမိုင်းပန်းကုံး | မောင်သန်းဆွေ (ထားဝယ်) | ၃၀၀၀ | နေရီရီ |
| ၂၁။ | ကိုင်းဖျားလှုပ်ခါလွမ်းနေမိ | မေဇွန်အေး | ၂၅၀၀ | ဓူဝံစာအုပ်တိုက် |
| ၂၂။ | စနိုက်ပါကဗျာများ-၃ | မောင်မိုးပွင့်(ရေကြည်) | ၂၀၀၀ | Journalist |
| ၂၃။ | ဓူဝံကြယ်မြေခအောင် ခြွေပြမယ့်သူ | ထန်းတပင်စန်းလွင် | ၂၀၀၀ | ညီမေတ္တာစာပေ |
| ၂၄။ | ဇော်မွှေးပန်းလှလှလေးနှင့် နိုင်ငံစုံပုံပြင်များ | မောင်ခေတ်ထွန်း | ၅၀၀၀ | ရန်အောင် (၂) |
| ၂၅။ | မိုးမခပင်ရိပ် | မောင်သာနိုး | ၅၅၀၀ | ကွမ်းခြံလမ်း |
| ၂၆။ | မတ်တတ်ရပ်လို့လမ်းမှာငို | မောင်သာရ | ၃၀၀၀ | မျိုးဆက်သစ် |
| ၂၇။ | ကုန်းဘောင်ရာဇဝင်ထဲမှ ရုပ်ပုံလွှာများ | ဦးစိန်မောင်ဦး | ၂၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၈။ | ရသာစုံ ရှုဖွယ်ကျမ်း | ဘဒ္ဒန္တအဂ္ဂဝံသ (အင်းမ) | ၂၅၀၀ | ဟန်သာဆုစာပေ |
| ၂၉။ | တကွဲတပြား | ဒီနိုဗို | ၃၅၀၀ | မိတ်ဆွေများစာပေ |
| ၃၀။ | သမိုင်းတွင်မည့်စကား သမိုင်းဝင်မည့်စကား အင်တာဗျူးများ | ကလောင်စုံ | ၃၅၀၀ | မိတ်ဆွေများစာပေ |
| ၃၁။ | လူ့တိရစ္ဆာန်များ၊ အရုပ်လူသားများနှင့် လူသားသစ်များ | အောင်ရင်ငြိမ်း | ၄၀၀၀ | ဝါးလည် |
| ၃၂။ | ကင်ဆာခယောင်းလမ်းဖြတ်သန်း အောင်မြင်ကြသူများ | ဇွန်ခိုင်ဦး (ဆေးဝါးတက္ကသိုလ်) | ၃၅၀၀ | အာရုံသစ် |
| ၃၃။ | ကြိယာအသုံးပြုပုံနည်းလမ်းများ | ဆရာနိုင်ဦး (မဟာဝိဇ္ဇာ) | ၂၀၀၀ | ယဉ်မျိုးစာပေ |

*ဆက်လက်ဖော်ပြပါမည်*

# ရခိုင်ပြည်သူများအားလှူဒါန်းရန် ပန်းချီကားများပြသရောင်းချ

**မြင်းခြံ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ်အတွင်း ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ရှောင်တိမ်းနေရသည့် ပြည်သူများအား လှူဒါန်းရန်အတွက် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ပန်းချီဆရာများစုပေါင်း၍ ပန်းချီကားများ ပြသရောင်းချပွဲကို စက်တင်ဘာ ၂၈ ရက်မှစ၍ ကျင်းပခဲ့ကြောင်း သိရသည်။



ပန်းချီကားများပြပွဲနှင့်ရောင်းချပွဲကို မြင်းခြံမြို့ရှိ မာလာဟောဝန်မြိုင်ပန်းခြံအတွင်း၌ ကျင်းပပြီး ရခိုင်ပြည်သူများအား လှူဒါန်းရန်အတွက် 'ရောဝတီမှသည် ကစ္ဆပနဒီသို့' ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ ပန်းချီပြပွဲကို ပန်းချီဆရာ ဦးရဲဝင်း(82 Art Gallery)က ဦးဆောင်စီစဉ်ခဲ့ပြီး ပန်းချီချစ်သော်၊ ပန်းချီကျော်သန်း အစရှိသည့် ပန်းချီဆရာများ၏ ပန်းချီကားများအပြင် ကျောင်းသားကျောင်းသူများ၏ ပန်းချီကားများကိုပါ ပြသ ရောင်းချခဲ့ကြောင်း၊ စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအချိန်အထိ ပြသခဲ့ကြောင်း သိရသည်။

ပြပွဲတွင်ပါဝင်ပြသသည့် ပန်းချီဆရာတစ်ဦးဖြစ်သူ ပန်းချီချစ်သော်က ယခုပန်းချီပြပွဲတွင်ပြသထားသော ပန်းချီကားများမှာ မူရင်းတန်ဖိုး၏ထက်ဝက်ခန့်လျှော့ချ၍ ရောင်းချခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဈေးလျှော့ရောင်းချရခြင်းမှာ ပန်းချီနှစ်သက်မြတ်နိုးသူများ ဝယ်ယူနိုင်ရန်နှင့် ပန်းချီကားများများ ရောင်းချရလေလေ ရခိုင်ပြည်သူများအား များများလှူဒါန်းနိုင်လေဖြစ်၍ ပိုမိုလှူဒါန်းနိုင်ရန်ဖြစ်ကြောင်း ပြောသည်။

ပြပွဲတွင် ပန်းချီဆရာများနှင့် ပန်းချီကျောင်းသားများ၏ ပန်းချီကားများကို ဈေးနှုန်းလျှော့ချ၍ ရောင်းချသည့်အပြင် လာရောက်ကြည့်ရှုသူတို့ စိတ်ကြိုက် ရှုခင်းပန်းချီ၊ ပုံတူပန်းချီများကိုလည်း ဝန်ဆောင်ခယူ၍ လက်တွေ့ရေးဆွဲပေးခြင်းများ ပြုလုပ်ခဲ့ကြကာ အဆိုပါ ရောဝတီမှသည် ကစ္ဆပနဒီသို့ ပန်းချီပြပွဲနှင့် ရောင်းချပွဲ၌ ပန်းချီကားရောင်းချရသောငွေ၏ တစ်ဝက်ကို ရခိုင်ပြည်သူများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တနင်္သာရီရိုးရာ နဂါးလှေသဘင်ပွဲတော် စည်ကားထူးခြားစွာကျင်းပမည်

**တနင်္သာရီ စက်တင်ဘာ ၃၀**

တနင်္သာရီမြို့နယ်၌ နှစ်စဉ်ကျင်းပသော ရှေးဟောင်းရိုးရာအမွေအနှစ် ပွဲတော်တစ်ခုဖြစ်သည့် နဂါးလှေသဘင်ပွဲတော်ကို ယခုနှစ် အောက်တိုဘာ ၉ ရက် (သတင်းကျွတ်လပြည့်ကျော် ၄ ရက်) တွင် တနင်္သာရီမြို့ ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်ရေပြင်အတွင်း စည်ကားထူးခြားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကို ယခုနှစ်တွင် (၅၆) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ နဂါးလှေဖွဲ့စည်းပုံအတိုင်း မင်္ဂလာဦးပေါက် (ဦးဆောင်သူ)၊ မင်္ဂလာလည်ရွှဲ၊ မင်္ဂလာလည်ရွှဲအကူ၊ လှေတော်သားများ၊ ရိုးရာတီးဝိုင်း(ကြေး+မောင်း+ဗုံ+လကွင်း +နှဲ)အဖွဲ့၊ လျှာတက်ကိုင်အကူနှင့် လျှာတက်ကိုင်(ပဲ့နင်း)စသည်ဖြင့် ပါဝင်ကာ နဂါးလှေတော် ခြောက်စင်း၌ လှေတော်သား ၂၃၆ ဦးတို့က တက်ညီလက်ညီ အားမာန်အပြည့်နှင့် စီးနင်းလှော်ခတ်ရင်း အားမာန်တက်ကြွစေသည့် တေးသီချင်းများဟစ်ကြွေးသီဆိုလျက် နဂါးလှေသဘင်ပွဲတော်ကို ကျင်းပမည်ဖြစ်သည်။

လှော်ခတ်ပြသကြမည့် နဂါးလှေခြောက်စင်းမှာ တနင်္သာရီမြို့မမှ ရွှေနန်းသာရီနှင့် ငွေနန်းသာရီနဂါးလှေနှစ်စင်းနှင့် မြို့နယ်အတွင်းရှိ လယ်သစ်ကျေးရွာအုပ်စုအတွင်းမှ မြကြီးအောင်၊ ရန်ကြီးအောင်၊ ပတ္တမြားသွယ်နှင့် စိန်ပန်းသွယ် နဂါးလှေလေးစင်း စုစုပေါင်း နဂါးလှေတော် ခြောက်စင်းတို့ဖြစ်သည်။



ပွဲတော်နေ့တွင် တနင်္သာရီမြို့ကို ဝိုင်းရံထားသည့် ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်ခေါ် ညီနောင်မြစ်နှစ်သွယ်၏ ရေပြင်အတွင်း၌ နံနက် ၇ နာရီအချိန်မှ မွန်းလွဲ ၂ နာရီအထိ လှေပွဲတော်ကို ကျင်းပပြီး ချောင်းကြီးကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ဩဝါဒကိုခံယူလျက် စုပေါင်းမဟာဘုံကထိန်ပွဲနှင့်ယှဉ်တွဲ၍ ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ နံနက် ၇ နာရီတွင် နဂါးလှေ ခြောက်စီးအား ဦးခေါင်းဆေးခြင်းမင်္ဂလာပြုလုပ်ပြီး မြစ်ရေပြင်တစ်လျှောက်၌ လှော်ခတ်ပြသသွားမည်ဖြစ်သည်။

မွန်းလွဲ ၁ နာရီအချိန်၌ နဂါးလှေတော်ခြောက်စီးတို့က ရှေးဟောင်းနဝထပ်စေတီ၊ မြဝတ်ဆင်စေတီ၊ လေသာတောင်စေတီနှင့် ဝင်္ကဘာစေတီ စသည့် ရှေးဟောင်းဘုရားပုထိုးစေတီများအား ရည်မှန်း၍ ဆရာတော်၊ သံဃာတော်ကြီးများအား ဦးခိုက်ပူဇော်ကြမည်ဖြစ်ကြောင်း၊ နာဂသာရီယုဝတီ နဂါးယိမ်းအဖွဲ့ကလည်း နဂါးရိုးရာအကများဖြင့် ဖျော်ဖြေကပြရင်း ရိုးရာနဂါးလှေသဘင်ပွဲတော်ကို စည်ကားထူးခြားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မီးရှူးမီးပန်းနှင့်ဖြောက်အိုးများ ရောင်းချခြင်းမရှိရန် လိုက်လံစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ သီတင်းကျွတ်ပွဲတော်ရက်များအတွင်း ဖြောက်အိုးများပစ်ဖောက်မှုကြောင့် ပြည်သူများ အထိတ်တလန့်မဖြစ်စေရေးအတွက် ဈေးဆိုင်များတွင် ဖြောက်အိုးများ ရောင်းချခြင်းမရှိစေရန် တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်တွင် လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောက်ဆည်မြို့တွင်း နေရာအနှံ့မှ ဖြောက်အိုးများရောင်းချနိုင်သည့်ဆိုင်များကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။ စစ်ဆေးရာတွင် ဆိုင်များကျန်ရှိသွားခြင်း မရှိစေရန်အတွက် စစ်ဆေးရေးအဖွဲ့များသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ကျောက်ဆည်မြို့မဈေးကြီးနှင့် အေးမြကြည်လင်ဈေးကြီး၊ ရှော့ပင်းစင်တာများ၊ စတိုးဆိုင်များ၊ အိမ်ဈေးဆိုင်များစသည့် ဆိုင်အားလုံးကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာအစဉ်အလာအရ နှစ်စဉ် သီတင်းကျွတ်ပွဲတော်များတွင် ဘုရား ဆီမီးကပ်လှူခြင်းနှင့် မီးထွန်းပွဲတော်များသာ အစဉ်အမြဲ ကျင်းပလာခဲ့ကြရာမှ ယခုအခါ သီတင်းကျွတ်ပွဲတော်နီးလာသည့်အခါတိုင်း လူငယ်များအကြား မီးရှူးမီးပန်းပစ်လွှတ်ခြင်းနှင့် ဖြောက်အိုးများပစ်ဖောက်သည့် အလေ့အထ ဖြစ်ပေါ်လျက်ရှိခဲ့ရာ ပြည်သူများ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် ဖြောက်အိုးများ၊ မီးရှူးမီးပန်းများ ရောင်းချမှုကို လိုက်လံစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။ **သက်မောင်**

# မြစ်သားမြို့၌ သီတဂူအထူးဓမ္မသဘင် ကျင်းပ

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကလျာဏမိတ္တအသင်းမှ ကြီးမှူး၍ (၂၄) ကြိမ်မြောက် မြစ်သားမြို့ ရွှေမုဋ္ဌောဘုရား ပရိဝုဏ်အတွင်း၌ အထူးဓမ္မသဘင်ပွဲတော်ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းက စတင်ကျင်းပခဲ့ပြီး အောက်တိုဘာ ၁ ရက် (ယနေ့) ညတွင်လည်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက် ဓမ္မသဘင်တွင် သီတဂူအရှင်ဒေဝိန္ဒာဘိဝံသက ဟောကြားခဲ့ကာ အောက်တိုဘာ ၁ ရက် ည ၇ နာရီခွဲတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ တရားပွဲသို့လာရောက်ကြမည့် တရားနာပရိသတ်များအတွက် ဒါနပြု၍ ကြိုပို့ဆောင်ရွက်ပေးမည့် ယာဉ်များကိုလည်း ကလျာဏမိတ္တအသင်းကြီးက ဒီဇယ်ဆီများ ကူညီလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# သန်လျင်မြို့နယ်၌ နိဗ္ဗာန်ဈေးပွဲ၊ ပျော်ပွဲရှင်ပွဲနှင့် မီးထွန်းပွဲတော်များ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

သန်လျင်မြို့လုံးဆိုင်ရာ သဲပုံစေတီ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များနှင့် ပဲခူးစုအနောက်ခြမ်း နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံပွဲနှင့် မြို့မတောင်ရပ်ကွက် စေတနာရှင်လူငယ်များ၏ ပဉ္စမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၃ ရက် ညနေပိုင်းတွင် သီတာရေမြောင်းကြီးလမ်းထိပ်၌ စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံကာ စေတနာရှင်ပြည်သူများနှင့် လူငယ်များစုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းပွဲနှင့် မီးထွန်းပွဲတော်များ ကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရှင်ပွဲ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# အဘိဓမ္မာ ရွတ်ဆိုပူဇော်ပွဲကျင်းပ

**ကျောက်တံခါး စက်တင်ဘာ ၃၀**

(၂၁)ကြိမ်မြောက် အဘိဓမ္မာရွတ်ဆိုပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့မဟာလောကစန္ဒမုနိကပ်ကွင်းစေတီတော်မြတ်ကြီး၌ စတင်ဖွင့်လှစ်ရာ တောကျွဲအင်းမြို့ ဇေယျာသိဒ္ဓိကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၏ဩဝါဒကို ခံယူ၍ အောင်ဇေယျာရပ်ကွက်သူ ရပ်ကွက်သားများ၊ နယ်သူ နယ်သား အလှူရှင်မိသားစုများက နာယူကြကြောင်း သိရသည်။ ကပ်ကွင်းစေတီတော်မြတ်ကြီး၌ အဘိဓမ္မာရွတ်ဆိုပူဇော်ပွဲကို အဘိဓမ္မာဝတ်ရွတ်အသင်း ၁၉ သင်းက သီတင်းကျွတ်လဆန်း ၅ ရက်မှ လပြည့်နေ့အထိ နေ့စဉ် ၁၁ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း မွမ်းမံသင်တန်းပို့ချ

**ကျောက်တန်း စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၇၈ ရွာတွင် ပထမစက်ဝန်းအဖြစ် အကောင်အထည်ဖော်ခဲ့ပြီးနောက် ယခုအခါ ဒုတိယနှစ်စက်ဝန်းလုပ်ငန်းများ စတင်ရန်အတွက် လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးများ၊ ကျေးလက်ဝန်ထမ်းများနှင့် နည်းပညာအကြံပေးဝန်ထမ်းများ စုစုပေါင်း ၄၆ ဦးအား စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ မွမ်းမံသင်တန်းပို့ချခဲ့သည်။

သင်တန်းကို ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးရုံးခန်း၌ ဖွင့်လှစ်ပို့ချခဲ့ပြီး ဝယ်ယူရေးအရာရှိ ဦးကြည်ခိုင်၊ အချက်အလက်များစီမံခန့်ခွဲခြင်းဆိုင်ရာ အရာရှိ ဦးကျော်ဇေယျဝင်းဆွေတို့က စီမံကိန်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(၀၁၉)**

# ရေတာရှည်မြို့နယ်တွင် ဝက်မွေးမြူထုတ်လုပ်မှုဆိုင်ရာ သင်တန်းဖွင့်

**ရေတာရှည် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကြီးမှူး၍ ဒုတိယအကြိမ်မြောက် ဝက်မွေးမြူထုတ်လုပ်မှုဆိုင်ရာသင်တန်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဦးစီးအရာရှိရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။ လူမှုဘဝ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် အားလျော်စွာ တစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားမည့်သင်တန်းတွင် ဝက်ငယ်ပြုစုစောင့်ရှောက်ခြင်း၊ ဝက်မဒန်းနှင့်ဇီးဝက်မပြုစုစောင့်ရှောက်ခြင်း၊ ဝက်များကိုထိန်းချုပ်ခြင်း၊ ဝက်မျိုးများနှင့် မြေနေရာရွေးချယ်ခြင်း၊ ခြံအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဝက်သိုးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်းနှင့် သားစပ်လုပ်ငန်းများကိုင်တွယ်အသုံးပြုခြင်းအစရှိသည့်သင်ခန်းစာများကို ပို့ချမည်ဖြစ်ပြီး ယနေ့ပြုလုပ်သည့်အခမ်းအနားသို့ နယ်မြေခံတပ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး အောင်ကျော်မျိုးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ သင်တန်းသား အရာရှိနှစ်ဦး၊ အခြားအဆင့် ကိုးဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မန္တလေး ကျောက်တော်ကြီးဘုရား စောင်းတန်းတော်ကြီးများဖွင့်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရားပရိဝုဏ်အတွင်းရှိ စောင်းတန်းတော်ကြီးလေးသွယ်ကို ယနေ့နံနက်တွင် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။



ဘုရား၏ အရှေ့ဘက်မုခ်တွင် ပုရတ္ထိရတနာစောင်းတန်း၊ တောင်ဘက်မုခ်တွင် ဒက္ခိဏရတနာစောင်းတန်း၊ အနောက်ဘက်မုခ်တွင် ပစ္ဆိမရတနာစောင်းတန်း၊ မြောက်ဘက်မုခ်တွင် ဥတ္တရရတနာစောင်းတန်းတို့ဖြစ်ကြပြီး တောင်ဘက်နှင့်မြောက်ဘက် စောင်းတန်းများသည် ပေ ၃၆၀အရှည်ရှိပြီး အကျယ်မှာ ဆိုင်ခန်းများအပါအဝင် ပေ ၅၀ ကျယ်သည်။ အရှေ့ဘက်နှင့် အနောက်ဘက်စောင်းတန်းများသည် အရှည် ပေ၂၀၀ရှိ၍ ပေ ၅၀ ကျယ်ကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ ဦးကျော်ဝင်းက ပြောသည်။

"ဗုဒ္ဓပူဇနိယပွဲတော်ကြီးနဲ့အတူ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ကျင်းပတာ (၁၂၉)ကြိမ်ရှိပါပြီ။ ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပပြီး သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ အောက်တိုဘာ ၈ ရက် နံနက်မှာ ပင့်သံဃာအပါး ၂၁၆၀ ကို ဆွမ်းသပိတ်လောင်းလှူပြီး နဝကမ္မအလှူငွေကျပ်နှစ်သောင်းစီ ကပ်လှူသွားမှာပါ၊ ထူးခြားတာက ယခင်က မြောက်ဘက်စောင်းတန်းမှာသာ ဈေးဆိုင်ခန်းတွေရှိခဲ့ပေမယ့် အခုစောင်းတန်းလေးခုလုံးမှာ ဈေးဆိုင်ခန်းတွေနဲ့ စည်ကားအောင်ပြုလုပ်ထားပါတယ်။ စောင်းတန်းလေးခုလုံး စုစုပေါင်းဈေးဆိုင် ၁၂၆ ဆိုင်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ စောင်းတန်းများဖွင့်ပွဲကျင်းပခဲ့ပြီး စောင်းတန်းများတွင် နိဗ္ဗာန်ကုန်အရောင်းဆိုင်၊ ထိုးမုန့်၊ လေမုန့်ဆိုင်၊ ကြေးသွန်းပစ္စည်းအရောင်းဆိုင်၊ ပိုးထည်ချည်ထည်၊ ကျောက်မျက်ပန်းချီဆိုင်၊ ကျောက်မျက်ရတနာဆိုင်၊ သင်္ကန်းဆိုင်၊ ပန်းပုဆိုင်၊ မုန့်ပေါင်ဆိုင် အစရှိသည့်အရောင်းဆိုင်ပေါင်း ၁၂၆ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မောင်တောမြို့နယ် လောင်းဒုံရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဒေသခံဆရာတစ်ဦး၏ သင်ကြားပေးမှုဖြင့် ဆက်လက်ဖွင့်လှစ်

**မောင်တော စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဩဂုတ် ၂၅ ရက်မှစ၍ ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်ခံရပြီးနောက် ကျေးရွာများရှိ အခြေခံပညာကျောင်းများအား ပိတ်ထားလျက်ရှိသော်လည်း လောင်းဒုံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဒေသခံတိုင်းရင်းသား ကျောင်းဆရာတစ်ဦးဖြစ်သည့် ဦးမဲချေက ဝဍ္ဍကျော်ဖောင်ဒေးရှင်း၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆက်လက်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"သူငယ်တန်းကနေ စတုတ္ထတန်းအထိ ရှိပါတယ်။ ဆရာ ဆရာမတွေက အကုန်လုံးအရေးအခင်းဖြစ်တာကြောင့် ပြောင်းသွားပြီ။ မောင်တောတို့၊ စစ်တွေတို့ ရောက်သွားကြပြီ။ အခုကျောင်းသား ၁၂၉ ဦး ရှိပါတယ်။ ဘင်္ဂါလီကျောင်းသားတွေနဲ့ဆိုရင် ကျောင်းသားအားလုံး ၈၀၀ ကျော်ရှိပါတယ်။ ဘင်္ဂါလီကျောင်းသားတွေက အခုမရှိဘူး။ ကျွန်တော် ဒီကျောင်းမှာ သင်ပေးတာ လေးနှစ်ရှိပါပြီ။ အခု အရေးအခင်းဖြစ်တဲ့အတွက် ကျောင်းဖွင့်ရက်မှာ ကျောင်းပျက်တဲ့အတွက်ကြောင့် ဝဍ္ဍကျော်ဖောင်ဒေးရှင်းနဲ့ စာရေးဆရာ ဝေဟင်အောင်တို့က ထောက်ပံ့ပေးပါတယ်။ တစ်လကို ငွေကျပ်ငါးသောင်း ထောက်ပံ့ပေးပါတယ်။ ခုနစ်ရက်ရှိပြီ တစ်ယောက်တည်း သင်ပေးနေတာ။ ဆရာ ဆရာမတွေက သူတို့ကကြောက်လို့ မလာကြဘူး။ ကျွန်တော့်ခံစားချက်က ကလေးတွေ ပညာမသင်ရတဲ့အတွက်ကြောင့် စိတ်အားငယ်ပါတယ်။ ပညာမတတ်တဲ့လူဆိုတာ ဘဝရဲ့ရည်မှန်းချက်ကို မရောက်နိုင်တော့ဘူး။ အဲဒါကြောင့်မို့ စိတ်အားငယ်မိသလို သူတို့ကလည်းစိတ်အားငယ်တယ်။ အဲဒါကြောင့် ကိုကျော်ဝင်းနဲ့ ကိုဝေဟင်အောင်တို့တွေ့ပြီး ပူးပေါင်းပေးပြီး ဆောင်ရွက်ပေးတဲ့အတွက်ကြောင့်မို့ ဒီကနေ့အထိ ရပ်တည်နိုင်ခဲ့တာပါ။ ကျွန်တော်လည်း ဝမ်းသာပါတယ်" ဟု ပြောသည်။



"ဒီကျောင်းသားတွေထဲမှာ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊ မရမာ၊ ဗမာ၊ ပလောင်၊ ကရင် လူငယ်လေးတွေပါတယ်။ သူငယ်တန်းက ၄၈ဦး၊ ပထမတန်းက ၃၆ ဦး၊ ဒုတိယတန်းက ၁၉ ဦး၊ တတိယတန်းက ကျောင်းသားမရှိဘူး။ စတုတ္ထတန်းက ၂၄ ဦး၊ ပဉ္စမတန်းက နှစ်ဦးပဲရှိတယ်။ သူတို့က ဒီလောင်းဒုံရွာကပဲ၊ ဒီနားမှာ ရဲကင်းလည်း ရှိပါတယ်"ဟု စာသင်ကျောင်းတွင် လာရောက်စောင့်ကြည့်ပေးသည့် ဒေသခံ ကိုကျော်ဝင်းက ပြောသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

◆ *ရှေ့ဖုံးမှ*

နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကျေးရွာများရှိ စာသင်ကျောင်းများကို နယ်မြေလုံခြုံရေးအခြေအနေအရ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"မောင်တောနဲ့ ဘူးသီးတောင်မြို့နယ်တွေက ကျေးလက်ဒေသတွေမှာရှိတဲ့ စာသင်ကျောင်းတွေ ပြန်ဖွင့်နိုင်ဖို့က လုံခြုံရေးနဲ့ ဆိုင်ပါတယ်။ တိုင်းရင်းသားကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေက လုံခြုံမှုရှိပေမယ့် ဘင်္ဂါလီရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေကျတော့ စဉ်းစားရမယ်။ အုပ်ချုပ်ရေးပိုင်းက လုံခြုံပြီဆိုရင်တော့ ကျောင်းတွေပြန်ဖွင့်မှာပါ။ ဆရာ ဆရာမတွေလည်း အရန်သင့်ရှိနေပါတယ်"ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

ထို့အတူ မောင်တောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဦးအောင်မြင့်သိန်းက "မြို့ပေါ်မှာ ကျောင်းတွေဖွင့်ထားပေမယ့် ကျောင်းသားက အကုန်တော့ မရောက်သေးဘူး။ စက်တင်ဘာ ၁၉ ရက်နေ့က ကျောင်းစဖွင့်တာ။ ဆရာ ဆရာမတွေကတော့ အကုန်ရှိပါတယ်"ဟု ပြောသည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်တို့မှ တိမ်းရှောင်လာပြီး စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် မိသားစုနှင့်အတူ ရောက်ရှိနေသည့် ကျောင်းသားကျောင်းသူ ၃၀၀၀ ခန့်ကိုလည်း စာပေသင်ကြားရေး နှောင့်နှေးမှုမရှိစေရန်အတွက် စစ်တွေမြို့ပေါ်ရှိ စာသင်ကျောင်းများတွင် စာပေသင်ကြားပေးလျက်ရှိကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ဒုတိယကျောင်းအုပ် ဦးသန်းမြင့်က "ကယ်ဆယ်ရေးစခန်းတွေကနေလာပြီး ဒီမှာကျောင်းလာတက်တဲ့ ကလေးတွေက KG တန်းကနေ ဒသမတန်းအထိ ပါတယ်။ စာအုပ်၊ ခဲတံကအစ အခမဲ့ထောက်ပံ့ပေးထားပါတယ်။ သူတို့ကို ဒီမှာရှိတဲ့ ကလေးတွေနဲ့ရောပြီး သင်ကြားပေးတယ်။ အကြမ်းဖက်မှုစဖြစ်တုန်းကတော့ ကလေးတွေများတယ်။ အခုနယ်မြေအေးချမ်းလာတော့ တချို့ပြန်သွားကြပြီ။ ဒီမှာ ကျောင်းသားနည်းနည်းပဲ ကျန်တော့တယ်"ဟု ပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်မှ မိသားစုနှင့်အတူ တိမ်းရှောင်လာပြီး စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် နဝမတန်းကျောင်းသား မောင်ကျော်နိုင်က "အကြမ်းဖက်မှုတွေကြောင့် ရွာကနေ မိသားစုနဲ့အတူ စစ်တွေကို ထွက်ပြေးလာတာပါ။ အခုကယ်ဆယ်ရေးစခန်းမှာ နေပါတယ်။ ကယ်ဆယ်ရေးစခန်းမှာနေပြီး စက်ရုံစုရပ်ကွက်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ပညာဆက်လက်သင်ယူနေပါတယ်။ နယ်မြေအေးချမ်းရင်တော့ မိသားစုနဲ့ ရွာကို ပြန်မှာပါ။ ရွာမှာ ကျောင်းပြန်တက်မယ်" ဟု ပြောသည်။

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ကျောင်းများပိတ်ထားခဲ့ရပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး နှောင့်နှေးဖြစ်ပေါ်ခဲ့မှုအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အစားထိုးသင်ကြားခြင်းများ၊ အချိန်ပိုသင်ကြားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

# Miss Universe Myanmar 2018 သရဖူအလှမယ် နှင်းသွေးယုအောင်(ပဲခူး) က ဆွတ်ခူးရရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံတွင် (၆) ကြိမ်မြောက် Miss Universe Myanmar 2018(မယ်စကြဝဠာမြန်မာ)နောက်ဆုံး Final ရွေးချယ်ပွဲကိုယနေ့ ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ဂန္ဓမာဟိုးဆေး ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအလှမယ် နှင်းသွေးယုအောင်က သရဖူဆု ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းစီ မိတ်ဆက်ကြပြီး အလှမယ်လေးများ၏ Performance များဖြင့် တင်ဆက်သည်။ ထို့နောက် အလှမယ် ၃၀ က ဆန်ခါတင် ၁၃ ဦး၊ ထိုမှတစ်ဆင့် အလှမယ် ငါးဦးတို့ကို အသီးသီးရွေးချယ်သည်။ ပြိုင်ပွဲတွင် အမျိုးသမီးများ၏ ခန္ဓာကိုယ်အလှ၊ ကိုယ်နေ ကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ခြင်း၊ ကိုယ်ရည် ကိုယ်သွေး စွမ်းရည်နှင့်အခြားအရည်အသွေးအမျိုးမျိုးတို့ကို အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲ၏ အမြင့်ဆုံး သရဖူဆုကို ခါးနံပါတ် (၄) မှ အလှမယ် နှင်းသွေးယုအောင်(ပဲခူး)က ဆွတ်ခူးရရှိသွားပြီး ဆုငွေကျပ် သိန်း ၁၀၀ နှင့် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ သရဖူအပြင် ကျန်းမာရေးစောင့်ရှောက်မှုဆု LUX ရေချိုးဆပ်ပြာ၏ သံတမန်အဖြစ် တစ်နှစ်တာ ဆောင်ရွက်ခွင့်နှင့် Miss Universe 2018 ( ၂၀၁၈ မယ်စကြဝဠာ) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

Miss Universe Myanmar 2018 သရဖူဆုရရှိသွားသော အလှမယ် နှင်းသွေးယုအောင်သည် အသက် (၂၁)ရှိပြီး အရပ် ၅ ပေ ၆ လက်မရှိသော အလှမယ်တစ်ဦးဖြစ်သည်။

ထပ်မံ၍ 1st Runner Up ဆုကို ခါးနံပါတ် ( ၂၁) မှ အလှမယ် ဆုမြတ်ဖူး က ဆွတ်ခူးရရှိသွားကာ ဆုငွေကျပ် သိန်း ၅၀ နှင့် ငွေကျပ် ၂၂ သိန်း တန်ဖိုးရှိ သရဖူကိုလည်းကောင်း၊ 2nd Runner Up ဆုကို ခါးနံပါတ် (၂၇) မှ အလှမယ် နန်းမွေဖောင်လုံက ဆွတ်ခူးရရှိပြီး ဆုငွေကျပ် ၂၅ သိန်းနှင့် ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ သရဖူကိုလည်းကောင်း 3rd Runner Up ဆုကို ခါးနံပါတ် (၆ ) မှ အလှမယ်မြင့်မိုရ်မေက ဆွတ်ခူးရရှိပြီး ဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ 4th Runner Up ဆုကို ခါးနံပါတ် (၂၀)မှ အလှမယ် ရိုစလင်းက ဆွတ်ခူးရရှိကာ ဆုငွေကျပ်ခုနစ်သိန်းနှင့် Miss Photogenic ဆုနှင့် Miss Congeniafity ဆုများ ပေးအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမယ်စကြဝဠာ ပြိုင်ပွဲများကို ၁၉၅၉ မှစတင်ကာ ၁၉၆၀ ပြည့်နှစ်အထိ သုံးနှစ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်လွန်ပြီး ၂၀၁၃ ခုနှစ်မှ ပြန်လည်စတင်ကာ ကျင်းပနိုင်ခြင်းဖြစ်သည်။

**သတင်း - အေကေလင်း**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**



မယ်စကြဝဠာ (၂၀၁၈) အလှမယ်ဆု ဆွတ်ခူးသွားသော နှင်းသွေးယုအောင်အား တွေ့ရစဉ်

# ကက်သာရွာတွင် ကယ်ဆယ်မွေးမြူထားသော ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို အန္တရာယ်ကင်းစွာ သဘာဝနှင့်နီးစပ်စွာနေနိုင်ရေးဖန်တီးပေးရန် ဝန်ကြီးချုပ်က သစ်တောဦးစီးဌာနသို့မှာကြား

**ဟုမ္မလင်း စက်တင်ဘာ ၃၀**



စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာ ရွှေဘုံသာဘုန်းကြီးကျောင်းတွင် ကယ်ဆယ်မွေးမြူထားသော ရှားပါးတိရစ္ဆာန်စာရင်းဝင် ဟိမဝန္တာ ဝက်ဝံအထီး အမတစ်စုံကို အန္တရာယ်ကင်းစွာဖြင့် သဘာဝနှင့် ပြန်လည်နီးစပ်စွာနေထိုင်နိုင်ရေး ဖန်တီးဆောင်ရွက်ပေးရန် သစ်တောဦးစီးဌာနသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စက်တင်ဘာ ၂၈ ရက်က ဟုမ္မလင်းမြို့နယ် ကက်သာ-တမူးကားလမ်း နမ့်ပခတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိစဉ် ကက်သာရွာ ဘုန်းကြီးကျောင်းရှိ ဝက်ဝံများကို ဝင်ရောက်ကြည့်ရှုခဲ့သည်။

နမ့်ပခတံတား လုပ်ငန်းခွင်သို့ရောက်ရှိစဉ် တာဝန်ရှိသူများနှင့်ဒေသခံများအား လမ်းဝဲယာရှိ သဘာဝသစ်တောများကို ထိန်းသိမ်းရန်နှင့် တောရိုင်းတိရစ္ဆာန်များကို ပစ်ခတ်ခြင်းမပြုရန် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းဧရိယာများအား ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းရန် ဝန်ကြီးချုပ်က ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှေ့တန်းစခန်းသို့ ရောက်ရှိစဉ် ဒေသခံတိုင်းရင်းသားများအား ထမံသီဒေသရှိ ရှားပါးတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေး၊ သဘာဝသစ်တောများ ထိန်းသိမ်းရေး၊ တရားမဝင် ရွှေနှင့် သတ္တုများတူးဖော်မှုမပြုရေးနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပြောင်းလဲလာသော အသိအမြင်များဖြင့် ဒေသခံများ၏သဘာဝပတ်ဝန်းကျင်အပေါ် ဝိုင်းဝန်းထိန်းသိမ်းမှု အားကောင်းလာခြင်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ချီးကျူးပြောဆိုခဲ့သလို တိုင်းဒေသကြီး သစ်တောဦးစီးဌာနတို့နှင့်အတူ ဒေသခံများအနေဖြင့် ပိုမိုပေါင်းစည်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ထားဝယ်ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ထားဝယ် စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းမှ အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်နှင့် မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ စက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များကိုလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကူညီသည့် အမှိုက်သိမ်းယာဉ်များဖြင့် စည်ပင်သာယာ အမှိုက်ပုံသို့ သွားရောက်စွန့်ပစ်ပေးခဲ့သည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်လေးရပ်မှပြည်သူ့အကျိုးပြုသန့်ရှင်းရေးဆောင်ရွက်ပေးသော တိုင်း၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့ဝင် ၁၁၀ နှင့် အရန်မီးသတ်တပ်ဖွဲ့မှူး ဦးသန်းနိုင်ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း တပ်ဖွဲ့ဝင် ၁၄၀ အား ထားဝယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်ဦးဆောင်သော ကုသရေးဦးစီးဌာနအဖွဲ့မှ အချိုရည်၊ မုန့်များဖြင့် ညှော်ခံကျွေးမွေးခဲ့သည်။ ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာသို့ တနင်္သာရီတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးနှင့် တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စံရွှေမောင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ကောလင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအလိုက် အသက် ၂၂ နှစ်အောက်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲက ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်တို့က အမှာစကားပြောကြားသည်။ အဆိုပါဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်/ကျေးရွာများမှ အသင်း ၄၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိုး(မြန်/ဆက်)**

# ညောင်ရမ်းကန် ထူးပေါက်၍ အမြန်ဆုံးစုပေါင်းပြုပြင်

**သာစည် စက်တင်ဘာ ၃၀**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းကန်ပေါင်ပေါ်ရှိ တာတိုင် ပေ ၄၇၂၀၀၊ လက်တံမြောင်း(၂) ရေထုတ်ပေါက် ညာဘက်ခြမ်းအနီးတွင် စက်တင်ဘာ ၂၉ ရက် နံနက် ၆ နာရီက စတင်ထူးပေါက်မှုဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သား စုစုပေါင်း ၅၀၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ ညောင်ရမ်းကျေးရွာမှ တောင်သူလယ်သမားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ ခန့်တို့က ကန်ပေါင် ထူးပေါက်နေရာကို မျှောရိုက်ခြင်း၊ ကပ်ကာခြင်း၊ သဲအိတ်ချခြင်းစသည့် ယာယီပိတ်ဆို့ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ကန်ပေါင်မှ ရေစိမ့်ထွက်ခြင်းမရှိဘဲ ကန်အတွင်းရေပြည့်မှတ်နီးပါး ရေသိုလှောင်ထားသည်ကို တွေ့ရသည်။ ညောင်ရမ်းကန် ထူးပေါက်သော်လည်း ချက်ချင်း စုပေါင်းပြုပြင်နိုင်ခဲ့သဖြင့် ကန်အောက်ပိုင်းရှိ စိုက်ပျိုးထားသော သီးနှံများ၊ ရေမြုပ်ပျက်စီးခြင်းမရှိဘဲ ထူးပေါက်ရေများသည် စမုံမြစ်အတွင်းသို့ စီးဝင်သွားခဲ့သည်။

ညောင်ရမ်းကန် ထူးပေါက်နေရာကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများ၊ သာစည်မြို့နယ်အတွင်းရှိ လုပ်ငန်းများဆောင်ရွက်နေသော တောင်ပေါ်သားကုမ္ပဏီမှ စက်ယန္တရားများ လာရောက်ပူးပေါင်း ကူညီဆောင်ရွက်ခဲ့သဖြင့် ည ၈ နာရီတွင် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း ပြန်လည်ပြုပြင်ပြီးစီးခဲ့သည်။

ညောင်ရမ်းကန်ထူးပေါက် ပြုပြင်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဦးနှင့် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က ကြီးကြပ်၍ စက်ယန္တရားများဖြင့် လုပ်ငန်းများကို အမြန်ပြီးစီးရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**တင်လှိုင်(မိတ္ထီလာ)**

## သာကြီးတောင်စံပယ် ရေနံမြေသဘာဝဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်

**ပခုက္ကူ စက်တင်ဘာ ၃၀**

ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၁၂)ရပ်ကွက်၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ ဦးထွန်းသိန်း၏ ယာမြေအတွင်း သာကြီးတောင်စံပယ်ရေနံမြေမှ ကျွန်းချောင်းဓာတ်ငွေ့စက်ရုံသို့ပို့လွှတ်သော သာကြီးတောင်စံပယ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း(၂)နေရာသည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ယိုစိမ့်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်ရာနေရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်၊ အမှတ်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြို့ဦး၊ အရန်မီးသတ်တပ်ခွဲမှူး ဦးလှငွေနှင့်တပ်ဖွဲ့ဝင်များ၊ သာကြီးတောင်စံပယ် ရေနံမြေမှ စက်မှုကျွမ်းကျင်-၃ ဦးဌေးအောင်နှင့် ဝန်ထမ်းများက ဓာတ်ငွေ့ယိုစိမ့်သော ပိုက်လိုင်းများပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**ချယ်လူလေး (ခရိုင်ပြန်/ဆက်)**

## ဇီးကုန်းမြို့တွင် မိုးလုံလေလုံအားကစားရုံသစ် တည်ဆောက်မှုလုပ်ငန်းများပြီးစီးသော်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိသေး

**ဇီးကုန်း စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြို့နယ်အားကစားပြိုင်ကွင်းဝင်းအတွင်း ၂၀၁၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သော မိုးလုံလေလုံအားကစားရုံသစ်ကြီးမှာ ယခုနှစ် ဇွန်လတွင် လုပ်ငန်းများအားလုံးတည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းအားကစားရုံသစ်ကြီးကို ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၂၂၃ ဒသမ ၄၁၁ သန်းဖြင့် သာယာကြယ်စင်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း ဇီးကုန်းမြို့နှင့်အတူ လက်ပံတန်းနှင့်ညောင်လေးပင်မြို့များတွင်လည်း အားကစားရုံသစ်များ ဆောက်လုပ်ခွင့်ရရှိခဲ့သည်။ ဇီးကုန်းအားကစားရုံသစ်ကြီး တည်ဆောက်ပြီးစီးခဲ့သည်မှာ ယခုအခါ လေးလခန့် ကြာမြင့်လာခဲ့သော်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိသေးသဖြင့် အားကစားသမားများအနေဖြင့် လေ့ကျင့်ကစားခွင့်ရရေးအတွက် အမြန်ဆုံးဖွင့်လှစ်ပေးရန် ဆန္ဒရှိနေကြကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## ထိုင်းနိုင်ငံသို့ အောက်တိုဘာလအတွင်း လာရောက်လည်ပတ်မည့် နိုင်ငံခြားခရီးသွားများသို့ ထိုင်းအစိုးရမှ ကြေညာချက်တစ်ရပ်ထုတ်ပြန်

**ဗန်ကောက် စက်တင်ဘာ ၃၀**

နိုင်ငံတကာမှ ထိုင်းနိုင်ငံသို့ အောက်တိုဘာလအတွင်း လာရောက်လည်ပတ်မည့် နိုင်ငံခြားခရီးသွားဧည့်သည်များ သိရှိနိုင်ရေး စက်တင်ဘာ ၂၉ ရက်က ထိုင်းအစိုးရမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် နတ်ရွာစံခဲ့ပြီးဖြစ်သည့် ထိုင်းနိုင်ငံဘုရင်၏ ဈာပနအခမ်းအနားအား လာမည့်အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သောကြောင့် အောက်တိုဘာ ၁ ရက်မှ ၂၉ ရက်အထိ ဗန်ကောက်မြို့ရှိ မြဘုရား ( Emerald Buddha ) နှင့် ထိုင်းဘုရင့်နန်းတော် (Grand Palace ) တို့ကို ပိတ်မည်ဖြစ်၍ ခရီးသွားဧည့်သည်များ အဆိုပါရက်ပိုင်းအတွင်း ဝင်ရောက်လည်ပတ်လေ့လာခွင့်ရရှိ မည်မဟုတ်ကြောင်း ထိုင်းဘုရင်ဈာပနအခမ်းအနားကျင်းပမည့် အောက်တိုဘာ ၂၆ ရက်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် DREAM WORLD , SAFARI WORLD, SIAM PARK စသည့် ကစားကွင်းများနှင့် အခြားပျော်ပွဲရွှင်ပွဲ များအားလုံးကို ပိတ်ထားမည်ဖြစ်ကြောင်း၊ ထိုင်းဘုရင်၏ ဈာပနကျင်းပမည့် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးသွားများ အနေဖြင့် လုံခြုံသောအဝတ်အစားများ ဝတ်ဆင်ပေးကြပါရန် မေတ္တာရပ်ခံထား ကြောင်း၊ ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်အရောင်းဌာနများ၊ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြမည့်သူများအားလုံးသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်ရေး ထုတ်ပြန်ချက်များ ကြေညာထားကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် သွင်းကုန်ကြေညာလွှာထက် ပိုမိုတင်ဆောင်လာသော ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၂ စီး၊ သွင်းကုန် ၇၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၈၇ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မြဝတီမှရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာလွှာထက် ပိုမိုတင်ဆောင်လာသော Refrigerator (One-Door) 2U၊ (Two- Door)3U၊ Washing Machine (Fully) 7U၊ 15" Speaker 8U စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၄၇ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

## စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ညနေ ၆နာရီတွင် ချမ်းမြသာစည်မြို့နယ် သံလျက်မော် (တောင်ပိုင်း) ရပ်ကွက် ကန်တော်ကြီးပတ်လမ်းတွင် မစိုးမိုးနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂ခွက် (ဘိန်းဖြူ အလေးချိန် ၂၂၀ ဂရမ်) နှင့် ငွေကျပ် ၂၀၅၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာ ဘုန်းကြီးကျောင်းရှေ့ လှိုင်လင်-နမ့်စန် ကားလမ်းတွင် စိုင်းရှိန်ဆာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ တို့ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက် မြကန်သာလမ်းရှိ ခရီးသည်တင်မော်တော်ယာဉ်ဂိတ်တွင် အမျိုးသမီးနှစ်ဦးသည် ခရီးဆောင်အိတ်တစ်လုံးကို ရန်ကုန်သို့ပို့ဆောင်ပေးရန် (လူမဲ့တန်ဆာ) လာရောက်အပ်နှံထားကြောင်း မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်ဂိတ်တွင် အပ်နှံထားသည့် ခရီးဆောင်အိတ်အား သွားရောက်စစ်ဆေးရှာဖွေရာ ၎င်းအိတ်အတွင်းရှိ မုန့်ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် အမှတ်(၇)ရပ်ကွက် နယ်မြေ ၆ ကောင်းမှုလမ်း အမှတ်(ဆ ၆/၈၉)နေ ဝင်းမြတ်သူ(ခ) ဖူဝေရန်၏ နေအိမ်ကိုရှာဖွေရာ ဝင်းမြတ်သူ(ခ) ဖူဝေရန်၊ လီကျိန်ချန်း(ခ) အားချန်၊ ကျော်ကျော်ဦး (ခ) ယွိလုံနှင့် ရွှဲယုံဖူးတို့အားတွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၂၉ ရက် နံနက် ၃နာရီက သပိတ်ကျင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာနေ ဝင်းနိုင်(ခ)ကုလား၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၆ ပြား ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၃၀ ရက် နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် သန်းထွန်း(ခ) အားဝေ၏ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၈ ရက် ည ၇ နာရီခွဲက နမ့်ပေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်လင်းကျေးရွာနေ မအေးယုံ၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၅၁ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## လင်မယားနှစ်ဦးစကားများရန်ဖြစ်ရာမှ ယောက်ျား၏ဓားချက်ဖြင့် မိန်းမဖြစ်သူ သေဆုံး

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက်တွင် စက်တင်ဘာ ၂၈ ရက် ည ၇ နာရီကျော်ခန့်က လင်မယားနှစ်ဦး စကားများရန်ဖြစ်ရာမှ ယောက်ျား၏ဓားချက်ဖြင့် မိန်းမဖြစ်သူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဆရာစံရပ်ကွက် နယ်မြေ(၁၁)နေ ဆိုက်ကားနင်းသူ ဇော်ကြီး(ခ) မောင်ဇော်(၄၅နှစ်)နှင့် မစံပယ်(၂၃နှစ်)တို့ နေအိမ်မှ ည ၇ နာရီကျော်ခန့်တွင် စကားများပြီး အော်ဟစ်သံများကြားရသဖြင့် အိမ်နီးချင်းများက ဝင်ရောက်ကြည့်ရှုကြရာ နေအိမ်ခြေရင်း လှေကားအနီးတွင် မစံပယ်မှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ ဇော်ကြီးမှာ ဓားဖြင့်ထိုးပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေးအတွက် တပ်ကုန်းမြို့မရဲစခန်းက လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## လင်မယားချင်းစကားများကာ ဇနီးဖြစ်သူက ခင်ပွန်းအား တူဖြင့်ထုသတ်

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၉) ပွဲစားကြီးကုန်းတွင် စက်တင်ဘာ ၃၀ ရက် နံနက် ၂ နာရီခန့်က အိပ်ပျော်နေသော ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက ခြောက်ပေါင်တူဖြင့် ထုသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းရပ်ကွက်နေ ကိုမျိုးသန့်(၃၅နှစ်) ဖောင်ရွာ ကျောက်ဆည်မြို့ ဇာတိနှင့် ဇနီးဖြစ်သူ မလှကြည်သင်း(၂၁နှစ်) အောင်ကမ္ဘာကျေးရွာ ပဲခူးမြို့နယ် နေသူတို့သည် လူမှုကွန်ရက်တွင် အခြားသော မိန်းကလေးများနှင့် ဆက်သွယ်မှုများ မပြုလုပ်ရန်ပြောဆိုရာမှ စကားများရန်ဖြစ်ခဲ့ကြကြောင်း။

ထိုသို့စကားများရန်ဖြစ်စဉ် ကိုမျိုးသန့်က ဇနီးဖြစ်သူအား ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ခဲ့ကြောင်း၊ မလှကြည်သင်းသည် ခင်ပွန်းဖြစ်သူ အိပ်ပျော်နေစဉ် ခြောက်ပေါင်တူဖြင့် ဦးခေါင်းအား အချက်ပေါင်းများစွာထုနှက်ခဲ့၍ သေဆုံးသွားခြင်းဖြစ်ကြောင်းသိရ၍ ပဲခူးအမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ခင်ဦး -ရေဦးကားလမ်း၌ ကုန်တင်ယာဉ်တစ်စီး ဝါယာရှော့ဖြစ် မီးလောင်

**ခင်ဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ခင်ဦး-ရေဦးကားလမ်း မိုင်တိုင်အမှတ် (၆/၆) နှင့် (၆/၇)ကြား ငွေးကုန်းကျေးရွာအနီး၌ စက်တင်ဘာ ၂၉ ရက် ည ၈ နာရီက ဒိုင်နာ ကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဇာနည်ထွန်းနှင့်အတူ တေဇာမောင်၊ ဝမ်ဆွေ၊ အောင်မိုးသူတို့ မောင်းနှင်လာသော ဒိုင်နာကုန်တင်ယာဉ် YGN/6I--- ခြောက်ဘီးယာဉ်သည် ရေဦးမြို့မှ ခင်ဦးမြို့ဘက်သို့ မောင်းနှင်လာစဉ် ငွေးကုန်းကျေးရွာ သုသာန်ဇရပ်အနီးတွင် ဘက်ထရီရှော့ဖြစ်၍ ယာဉ်ရှေ့ခန်းမီးလောင်ခဲ့ရာ လူများထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ရဲအုပ်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ည ၈ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ယာဉ်မီးလောင်မှုကြောင့် ယာဉ်မောင်း ဇာနည်ထွန်း (၂၇နှစ်)တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူအား ခင်ဦးမြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/8456 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/1883 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ယုဇနကွန်ဒိုတာဝါ၊ တိုက်အမှတ်၆၇(A)နေ မောင်ဟန်နီသူ(ခ) မောင်ဟန်စစ်သူ ၁၂/လကန(နိုင်)၁၇၄၄၃၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအေးအေးလီ ၁၃/လရန(နိုင်)၁၀၈၆၇၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ အမှတ် (F-၈၁)၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ်(၆၇၂-A) ကျောင်းကုန်းမြောက်ကွင်း ဦးပိုင်အမှတ် (F-၈၁)မြေ အကျယ်အဝန်း ၄၀ပေ ×၆၀ပေ(၀ဒသမ၀၅၅) မြေအမျိုးအစားလ/န၃၉လျှောက်ထားဆဲမြေနှင့် မြေပေါ်မြေအောက်သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသူရအောင် ၁၂/သလန(နိုင်)၀၀၉၆၆၁၊ အမှတ် (၁၇)၊နွယ်နီလမ်း၊ အောင်သုခ၊ သန်လျင်မြို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ၎င်းမြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာ နှင်းရွှေရည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်လွင်(စမ်းချောင်း)၊**
**စဉ်(၁၂၀၉၇)(ဥပဒေအကျိုးဆောင်)**
**အမှတ်(၂၂)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၃၄၀၀၂၊ ၀၉-၇၇၅၆၂၂၄၇၃**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၄၈၅၂ Shan Star S/W ယာဉ်လက်ဝယ်ရှိသူ ဦးလှငွေး ၅/မရန(နိုင်)၁၂၆၄၀၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**လားရှိုးမြို့နယ်တရားရုံး၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

ဒေါ်နန်းအေးမွန်းခမ်း နှင့် ဦးစိုင်းအောင်မိုး
**တရားလို** **တရားပြိုင်**

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အင်ကြင်းလမ်း၊ အမှတ် ၇၃ နေ ဦးစိုင်းအောင်မိုး (ဘ)ဦးမာစိုင်ရင် (ယခုနေရပ်လိပ်စာမသိ) သိစေအပ်ပါသည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းအေးမွန်းခမ်းက လားရှိုးမြို့နယ်တရားရုံးတော်တွင် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက် (၁၃၇၉ ခုနှစ် သီးတင်းကျွတ်လပြည့်ကျော် ၈ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသော သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာအေးလွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လားရှိုးမြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လားရှိုးခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

၁။ ဒေါ်နန်းခမ်းလှ (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ကြည်ကြည်ခိုင်) နှင့် ၁။ ဒေါ်စန်းစန်းနွဲ့
၂။ ဒေါ်ကြည်ကြည်ခိုင် ၂။ ဒေါ်စန်းစန်းခိုင်
**တရားလိုများ** **တရားပြိုင်များ**

ဒေါ်စန်းစန်းခိုင် အမှတ်(၂)တရားပြိုင်၊ နယ်မြေ(၁၇)၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ငွေ ၂၁၈၀၀၀၀၀ိ/-(ကျပ်နှစ်ရာတစ်ဆယ့်ရှစ်သိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၁ရက်(၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**လားရှိုးခရိုင်တရားရုံး**

### အမည်ပြောင်း

ဦးသန်းငွေး ၁၃/ကလန(နိုင်)၀၀၆၀၃၉၏သမီး အထက(၂၊ ရပ်စောက်)၊ တက္ကသိုလ်ဝင်တန်း(က)မှ မနှင်းပွင့်ဖြူသင်းအား မပွင့်ဖြူဖြူသင်း ၁၃/ရစန (နိုင်) ၁၀၈၈၁၇ဟု ပြောင်းလဲခေါ်ပါရန်။

**မပွင့်ဖြူဖြူသင်း**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-5F/8600၊ SUZUKI CARRY၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ကြိုင် ၁၃/တကန(နိုင်)၀၇၁၈၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ် (၅+၆+၇) တိုးချဲ့ကွက်သစ်အတွင်းရှိ ဦးပိုင်အမှတ် (၈၁၃)(၈၁၄)(၈၁၅)(၈၁၆)အား ဒေါ်နန်းနွံစံအေးမှ မူလမြေပိုင်ရှင်ထံမှဝယ်ယူရရှိခဲ့ပြီး မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် တစ်ရက်နေ့မှစ၍ ၂၀ရက်အတွင်း ကန့်ကွက်လိုပါက လာရောက်ကန့်ကွက်နိုင်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။ **လျှောက်ထားသူ နန်းနွံစံအေး ၁၃/တယန(နိုင်)၀၄၃၂၃၆ (၅+၆+၇)တိုးချဲ့ကွက်သစ်၊ လားရှိုးမြို့**




# ဘောလုံးနည်းပြဆရာကြီးများအား ဘောလုံးများထောက်ပံ့

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘောလုံးအားကစားနည်း တိုးတက်ဆောင်ရွက်လျက်ရှိသော မြို့နယ်များရှိ ဘောလုံးနည်းပြဆရာကြီးများနှင့် မြို့နယ်ခရိုင်များရှိ အားကစားမှူးများ၊ အားကစားအရာရှိများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂၉ ရက်က တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက မြန်မာဘောလုံးအားကစား တိုးတက်မြင့်မားရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအသင်းအုပ်ချုပ်သူ ဦးသန်းတိုးအောင်က မြို့နယ်များတွင် ဘောလုံးအားကစားနည်း ယခုထက်ပိုမိုကျယ်ပြန့်စွာ လူငယ်များပါဝင်ကစားလာရေးအတွက်ကို လည်းကောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်များမှ ဘောလုံးနည်းပြဆရာကြီးများက လိုအပ်သည့်အခက်အခဲများကို တင်ပြကြရာ အဖွဲ့ချုပ်က ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အလိုက်ဘောလုံးနည်းပြဆရာကြီးများအား နိုင်ငံခြားဖြစ်



ဘောလုံးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်း- အေကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မန်ယူတို့ ပဲလေ့စ်ကို ဂိုးပြတ်နိုင်

**အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၇) စနေနေ့ ညပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် ပဲလေ့စ်ပွဲတွင် မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။**

ယင်းပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးကို ပွဲစပြီး သုံးမိနစ်တွင် ရက်ရှ်ဖို့ဒ်၏ ဖန်တီးမှုမှတစ်ဆင့် မာတာက သွင်းယူခဲ့သည်။ ပွဲချိန် ၃၅ မိနစ်နှင့် ၄၉ မိနစ်တို့တွင် ဖယ်လိုင်နီက သွင်းယူခဲ့ပြီး မန်ယူအတွက် စတုတ္ထမြောက်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် တိုက်စစ်မှူး လူကာကူက သွင်းယူခဲ့သည်။ မန်ယူသည် ယနေ့ပွဲ အနိုင်ရရှိသည့်အတွက် ပရီမီယာလိဂ်တွင် ခြောက်ပွဲနိုင်၊ တစ်ပွဲသာ သရေကျထားပြီး ပွဲပေါင်းစုံ ခြောက်ပွဲဆက် နိုင်ပွဲရခဲ့သည်။ မန်ယူသည် ရမှတ် ၁၉ မှတ်ရရှိထားပြီး ဇယားထိပ်ရပ်တည်ရန်အတွက် မန်စီးတီးကို ဖိအားပေးလျက်ရှိသည်။

အခြားပွဲစဉ်များအဖြစ် စပါးက အဝေးကွင်းတွင် ဟက်ဒါဖီးလ်ကို လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စတုတ်စီးတီးက ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဝက်စ်ဟမ်းက ဆွမ်ဆီးကို တစ်ဂိုး- ဂိုးမရှိ၊ ဘုန်းမောက်နှင့် လက်စတာတို့ ဂိုးမရှိ သရေကျခဲ့ပြီး ဝက်စ်ဘရွန်းနှင့် ဝက်ဖို့ဒ်မှာ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။ **သီဟ**

# အဆင့်မြင့် အမျိုးသားဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီက ဦးစီး၍ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရား (၁၂၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ပထမအကြိမ် စေတီတော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား အဆင့်မြင့် အမျိုးသားဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ)ထံမှ သိရသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ကုသိုလ်တော်ဘုရားဝင်း အနောက်ဘက် ဝင်ပေါက်အနီးရှိ ဘော်လီဘော အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်လိုသည့် ဘော်လီဘောအသင်းများသည် ပွဲစဉ်ရေးဆွဲရေးအတွက် အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ဂေါပကရုံး ပြိုင်ပွဲကျင်းပရေးကော်မတီ ရုံးခန်းသို့ မပျက်မကွက် ကစားသမားစာရင်းတိကျစွာဖြင့် ပြိုင်ပွဲအဓိကအုပ်ချုပ်သူက တက်ရောက်ရန်နှင့် ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

✪*ကျောဖုံးမှ*

အသင်းကြီးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်။ ရန်ကုန်အသင်းမှ ဆီဇာ၊ ကျော်ကိုကို၊ ရတနာပုံအသင်းမှ ပက်ထရစ်၊ စည်သူအောင်နှင့် အောင်သူတို့ အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းက ခြေပိုသာခဲ့သော်လည်း မိနစ် ၆၀ နောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ကြည်လင်း ဝင်ရောက်လာသောကြောင့် ရန်ကုန်အသင်း တောင်ပံတိုက်စစ် ပိုကောင်းလာခဲ့ပြီး ရတနာပုံ ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ တိုက်စစ်မှူးအောင်သူ၏ အပိုင်ကန်သွင်းမှုကို ရန်ကုန်ဂိုးသမား ဆန်းဆက်နိုင်ကာကွယ်နိုင်ခဲ့သည်။ ၆၉ မိနစ်တွင် ရန်ကုန်အသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူးဆီဇာက သွင်းယူခဲ့သည်။ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များကို အောက်တိုဘာလ တတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၁၈ ရက်တွင် ပုသိမ်ကွင်း၌ ရှောဝတီနှင့် ရှမ်းယူနိုက်တက်၊ အောက်တိုဘာ ၁၉ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရန်ကုန်အသင်းတို့ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။


**နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

**အောက်တိုဘာလ(၁)ရက်နေ့မှစ၍ (၃၀)ရက်နေ့အထိ စရံငွေပေးသွင်းသူများ အထူးဈေးနှုန်း၊**

**၈ ရက် ခရီး - ဟိုတယ်(၂)ည → စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)**

**၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)**

**၁၅ ရက်ခရီး - ဟိုတယ်(၅)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)**

**၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ**

**ဂယာ သီးသန့် ၂ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ခရီးစဉ်သီးသန့် အဖွဲ့များလည်းပို့ဆောင်ပေးပါသည်၊**

**စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်း စာရင်း ပေးသွင်းပါက(၁)ဦးအခမဲ့**

**ဗုဒ္ဓဂယာ ၈ ရက် ခရီး (လေးဌာန + နီပေါ) - 3Star ဟိုတယ်(၇)ည → ဒေါ်လာ ၁၀၀၀**

**သီရိလင်္ကာစွယ်တော် + ထိုင်းနိုင်ငံဘန်ကောက် မြဘုရား(၈)ရက်ခရီး - 3Star ဟိုတယ် ဒေါ်လာ ၁၅၀၀**

**ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။**

**အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ရန်ကုန်ရုံးချုပ် ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊**

**မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆၈လမ်း၊ ၃၃x၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်။ဖုန်း - ၀၉-၇၇၅၅၅၅၃၄၀၊ ၀၉-၇၇၅၅၅၅၃၄၁**



**ထာဝရဘုရားဖူးခရီးသွားလုပ်ငန်း**

Ph: 09 260360066, 09 260360006, 09 250570004 (အိမ်အရောက်ပို့/ကြို)


## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှအပ်နှံသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း)ခွင့်ပြု ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ကုသရေးဦးစီးဌာန၊ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကုမ္ပဏီအဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့် ရက်/အချိန်** - ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)

၃။ **တင်ဒါပိတ်မည့် ရက်/အချိန်** - ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့)

၄။ **တင်ဒါဖွင့်မည့် ရက်/အချိန်** - ထပ်မံကြေညာပေးပါမည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဒု-ညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦအထူးအဖွဲ့(၆)၊
အကွက်(၈၈၀)၊ ကျွဲဆည်ကန် သံလမ်းအနီး၊
ချမ်းမြသာစည် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၂-၇၆၀၀၁၊ ၀၂-၇၆၃၆၄၊ ၀၉-၂၀၆၄၅၀၅၊ ၀၉-၂၅၃၈၈၃၉၀၀

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး၊ အဆောက်အဦဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အပ်နှံသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း)ခွင့်ပြု ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကုမ္ပဏီအဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့် ရက်/အချိန်** - ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)

၃။ **တင်ဒါပိတ်မည့် ရက်/အချိန်** - ၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့)

၄။ **တင်ဒါဖွင့်မည့် ရက်/အချိန်** - ထပ်မံကြေညာပေးပါမည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဒု-ညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦအထူးအဖွဲ့(၆)၊
အကွက်(၈၈၀)၊ ကျွဲဆည်ကန် သံလမ်းအနီး၊
ချမ်းမြသာစည် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၂-၇၆၀၀၁၊၀၂-၇၆၃၆၄၊ ၀၉-၂၀၆၄၅၀၅၊၀၉-၂၅၃၈၈၃၉၀၀

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး၊ အဆောက်အဦဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်မ စုစန္ဒီရွှေ ၁၃/တကန(နိုင်)၂၆၉၀၃၇၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 169219)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ထွန်းမြ ၁၃/ကတလ(နိုင်)၀၁၄၀၅၆၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၀၈၅၁၈၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဇော်လီ (ခ) မမြကြည် ၁၃/တကန(နိုင်)၁၂၅၈၄၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၀၅၀၅၇၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သန်းယဉ် ၁၃/ကလန(နိုင်)၀၀၄၅၄၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၈၂၂၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော်ဧရိယာအတွင်း ပလက်ဖောင်းကပ်တုံးနှင့် လမ်းလယ်ကျွန်းကပ်တုံးများ ရေဆေးသုတ်ရန်အတွက် လိုအပ်သောပလတ်စတစ်ရေဆေးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | UPG(UNITEX) အဖြူရောင် (UE 9000) | ၁၅၅၃.၂၅ ဂါလံ |
| (ခ) | UPG(UNITEX) အနီရောင် (SSUE-9700) | ၁၅၅၆.၂၅ ဂါလံ |
| (ဂ) | UPG(UNITEX) အဝါရောင် (SUE 9200) | ၂၉၁၀.၇၅ ဂါလံ |
| (ဃ) | UPG(UNITEX) အနက်ရောင် (SUE 9900) | ၂၉၁၀.၇၅ ဂါလံ |

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂-၁၀-၂၀၁၇ ရက်

**တင်ဒါပိတ်မည့်ရက်** - ၁၃-၁၀-၂၀၁၇ ရက်(၁၆း၀၀နာရီ)

**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေသည် ဦးသိန်းအောင်-ဒေါ်ပပခင်ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၂ လမ်း၊ အပိုင်း(၄)၊ အမှတ် ၇၅၉၊ မှန်ခန်း(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၁ပေခွဲ×ပေ၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်း အဝယ်ပြုလုပ်ပြီး လက်ရောက်ရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဟန်**
**LL.B, DML,DAPsy,DIL,DBL**
**စာပေဗိမာန်(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၁)**
**လိပ်စာ-တိုက်အမှတ်(၇၇၆)၊ မြေညီထပ်၊ ၂လမ်း၊ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း မြို့နယ်**
**ရုံး-ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)အဒူးတက္ကသိုလ်ဝင်တန်းမှ မရီရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၇/သနပ(နိုင်)၀၀၁၃၉၅ ဖြစ်ပါကြောင်း။ **ဦးတင်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ သမိုင်း(၄)လမ်း၊ အမှတ် ၁၁၁(ဒုတိယထပ်)ခြေရင်းခန်း၊ အကျယ်အဝန်း(၁၆ပေ×၄၈ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့် ရှိသည်ဟုဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမြင့်အောင်(LL.B)** စဉ်-၂၅၁၆၅

**ဦးအေးမင်းသူ(LL.B)** စဉ်-၂၆၁၉၉

**အထက်တန်းရှေ့နေများ**

**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**



# သမ္မတထရန့် နိုဝင်ဘာလအတွင်း အာရှသို့သွားမည်

**နယူးယောက် စက်တင်ဘာ ၃၀**

အမေရိကန်သမ္မတထရန့်သည် နိုဝင်ဘာလအတွင်း အာရှသို့သွားရောက်မည်ဖြစ်သည်။ ၎င်းသမ္မတအဖြစ်တာဝန်ယူပြီးသည့်အချိန်မှစ၍ပထမဦးဆုံးအကြိမ် အာရှသို့ သွားရောက်ခြင်းပင်ဖြစ်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့သို့ သွားရောက်မည်ဖြစ်သည်။

သမ္မတထရန့်သည် ဇနီးဖြစ်သူမယ်လာနီနှင့်အတူ နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ခရီးထွက်မည်ဖြစ်ပြီး ဗီယက်နမ်၌ပြုလုပ်မည့် အာရှပစိဖိတ်ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်နှင့်ဖိလစ်ပိုင်၌ ပြုလုပ်မည့် အရှေ့တောင်အာရှနိုင်ငံများအသင်း အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်၌ကျင်းပမည့် အစည်းအဝေးသို့ တက်ရောက်ရန်မှာမူ ထရန့်မှာ ဇဝေဇဝါဖြစ်ခဲ့ရသည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးကြောင့် အမေရိကန်ဆန့်ကျင်မှုများဖြစ်ပေါ်လာသည့်အတွက် ဒူတာတေးကိုထောက်ခံသလိုဖြစ်မှာ စိုးရိမ်သည့်အတွက်ကြောင့်ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့်အာရှခေါင်းဆောင်များက အမေရိကန်ကို အာရှ၏မဟာမိတ်အဖြစ် ယင်းအစည်းအဝေးသို့တက်ရောက်ရန် ကူညီတိုက်တွန်းမှုများ ပြုလုပ်ခဲ့သောကြောင့် ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်သို့သွားရောက်ရန် အမေရိကန်သမ္မတ၏ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း အာရှသံတမန်များကပြောသည်။ ဖိလစ်ပိုင်သမ္မတကလည်း အမေရိကန်သမ္မတ လာရောက်မည်ကို ကြိုဆိုလျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။


**(ရိုက်တာ)**

# လေယာဉ်စင်းလုံးငှားမှုနှင့် ပတ်သက်၍ အမေရိကန်ကျန်းမာရေးဝန်ကြီး ရာထူးမှနုတ်ထွက်

**နယူးယောက် စက်တင်ဘာ ၃၀**

အမေရိကန် ကျန်းမာရေးဝန်ကြီး တွန်ပရင့်စ်သည် အခွန်ထမ်းပြည်သူများ၏အခွန်ငွေဖြင့် လေယာဉ်စင်းလုံးငှားမှုအတွက်ဝေဖန်မှုများ ထွက်ပေါ်လာ၍ ရာထူးမှ နုတ်ထွက်စာတင်ခဲ့ကြောင်း သိရသည်။

သမ္မတထရန့်ကလည်း သောကြာနေ့က ၎င်း၏နုတ်ထွက်စာကို လက်ခံခဲ့ကြောင်း ၎င်းနေရာတွင် နောက်ထပ်တစ်ဦး အသစ်ခန့်ထားသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ကြေညာခဲ့သည်။ ပရင့်စ်သည် ပြည်တွင်းခရီးသွားလာရန်အတွက် လေယာဉ်စင်းလုံးအကြိမ် နှစ်ဆယ်ခန့်ငှားခဲ့ကြောင်းနှင့် ပြည်ပသို့ခရီးထွက်ရန်မှု စစ်ဘက်သုံးလေယာဉ်ကို အသုံးပြုခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြခဲ့ကြသည်။



၎င်း၏ပျံသန်းမှုခရီးစဉ်များအတွက် ဒေါ်လာတစ်သန်းကျော် ကုန်ကျခဲ့ကြောင်း မီဒီယာများက ဖော်ပြကြသည်။ သမ္မတထရန့်ကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။ ပရင့်စ်က ၎င်းအနေဖြင့် ကုန်ကျငွေများကို ပြန်လည်ပေးဆောင်မည်ဖြစ်ကြောင်း၊ နောက်ထပ်လည်း လေယာဉ်စင်းလုံးငှားရမ်းမှု မပြုတော့ကြောင်း ပြန်လည်တောင်းပန်ခဲ့သည်။

ထရန့်အစိုးရအဖွဲ့ဝင် နှစ်ဦးဖြစ်သော ပြည်ထဲရေးဝန်ကြီးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီအကြီးအကဲတို့သည်လည်း လေယာဉ်စင်းလုံးငှားလေ့ရှိကြောင်း သိရသည်။

အစိုးရစုံစမ်းထောက်လှမ်းရေးအရာရှိများကလည်းစုံစမ်းထောက်လှမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီရတ်ကာဒစ္စတန်ဒေသမှ ရေနံစိမ်းတင်ပို့မှုကို အီရန်ပိတ်ပင်

**တီဟီရန် စက်တင်ဘာ ၃၀**

အီရန်ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့အစည်းက အီရတ်ကာဒစ္စတန်ဒေသသို့ ရေနံစိမ်းများတင်ပို့မှုနှင့် ယင်းဒေသမှ ရေနံစိမ်းများတင်သွင်းသယ်ဆောင်မှုများကို ပိတ်ပင်လိုက်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီက ဖော်ပြသည်။

လွန်ခဲ့သောသီတင်းပတ်က ကာ့ဒ်ဒေသ၌ ပြုလုပ်ခဲ့သောဆန္ဒမဲကောက်ခံမှုကြောင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီများသည် ကာ့ဒ်ဒေသမှ ရေနံစိမ်းများသယ်ယူပို့ဆောင်မှုကို ပိတ်ပစ်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းကပြောသည်။

မလိုက်နာသည့် သယ်ယူပို့ဆောင်ရေးအေဂျင်စီများ ပြစ်ဒဏ်များကျခံရမည်ဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံသည် အီရတ်ကာဒစ္စတန်ဒေသနှင့် လေယာဉ်ပျံသန်းမှုများကိုလည်း တားဆီးသည့်အနေဖြင့် နိုင်ငံပိုင်ဝေဟင်ပိုင်နက်ကို ပိတ်ထားခဲ့သည်။

စက်တင်ဘာ ၂၅ ရက်က အီရတ်ကာ့ဒ်ဒေသတွင် လွတ်လပ်ရေးအတွက် လူထုဆန္ဒကောက်ခံပွဲကျင်းပခဲ့ရာ ရင်းရလဒ်ကို အီရန်၊ တူရကီ၊ အီရတ်နှင့် အမေရိကန်တို့က လက်မခံခဲ့ပေ။

**(ဆင်ဟွာ )**

# ဆီးရီးယား၌ အမေရိကန်စစ်ဘက်လေယာဉ်ပျက်ကျ

**ဒမတ်စကက် စက်တင်ဘာ ၃၀**

ဆီးရီးယား၌ အမေရိကန်စစ်ဘက်သုံးလေယာဉ်ပျက်ကျခဲ့ရာ လေယာဉ်အမှုထမ်းနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများက အဆိုပါ လေယာဉ်သည် သောကြာနေ့နံနက်က အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်နေသော တပ်ဖွဲ့ဝင်များရှိရာစခန်းသို့ ထောက်ပံ့ရေးသွားရောက်ပေးစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသွားသော လေယာဉ်အမှုထမ်းနှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိကြောင်း ပြောသည်။ ယင်းလေယာဉ်ပျက်ကျမှုမှာ ရန်သူများ၏ တိုက်ခိုက်မှုကြောင့်မဟုတ်ကြောင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆဲဖြစ်ကြောင်း အမေရိကန်အရာရှိများက ပြောသည်။

ဩဂုတ်လအတွင်းကလည်း ဂျပန်နိုင်ငံအိုကီနာဝါစီရင်စုရှိ အမေရိကန်အခြေစိုက်စခန်းရှိ လေယာဉ်တစ်စင်းမှာလည်း ဩစတြေးလျကမ်းလွန်တွင် ပျက်ကျခဲ့ရာ လေယာဉ်အမှုထမ်းသုံးဦး သေဆုံးခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**




# ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲအတွက် ယာယီလေဆိပ်အဆောက်အအုံ ပြင်ဆင်

**တိုကျို စက်တင်ဘာ ၃၀**

၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့်အားကစားသမားများအတွက် တိုကျိုမြို့အနီး နာရီတာလေဆိပ်တွင် ယာယီလေဆိပ်အဆောက်အအုံတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လူများစုပြုံတိုးဝှေ့ခြင်း မဖြစ်ပွားစေရန်ရည်ရွယ်၍ ယာယီလေဆိပ်ပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအားကစားပြိုင်ပွဲကို ဩဂုတ် ၉ ရက်တွင် ပြီးဆုံးရန် စီစဉ်ထားပြီး ယင်းအချိန်မှာ ဂျပန်နိုင်ငံ၌ နွေရာသီအားလပ်ရက်ရာသီဖြစ်သည်။

အားကစားပွဲအပြီး ပြန်လည်ထွက်ခွာမည့် နိုင်ငံခြားအားကစားသမားများနှင့် အရာရှိများအတွက် ယာယီလေဆိပ်ဆောက်လုပ်နေမှု လုပ်ငန်းစဉ်များကိုလည်း အင်န်အိတ်ချ်ကေမှ သွားရောက်လေ့လာခဲ့သည်။




ယာယီလေဆိပ်အဆောက်အအုံတွင် လုံခြုံရေးစစ်ဆေးဂိတ်များ ထားရှိမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်မှုဧရိယာလည်း ထားရှိမည်ဖြစ်သည်။

အဆိုပါ လေဆိပ်အဆောက်အအုံတွင် တစ်နာရီလျှင် လူပေါင်း၁၀၀၀ ကျော် ဝင်ရောက်နိုင်ပြီး ဖွင့်လှစ်မည့်အချိန်နှင့် အရွယ်အစားကိုမူ စဉ်းစားဆဲဖြစ်သည်။

အိုလံပစ်အားကစားပြိုင်ပွဲ အဆင်ပြေချောမွေ့စွာစီစဉ်နိုင်ရေး လေကြောင်းလိုင်းများကလည်း အတူတကွပူးပေါင်းဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း ကုမ္ပဏီမှ ထိပ်တန်းအရာရှိက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ပြည်ပသို့ ခရီးထွက်ခွာမည့် တရုတ်ခရီးသွားအရေအတွက် စံချိန်တင်မြင့်တက်

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံ၌ အမျိုးသားနေ့အားလပ်ရက်နီးကပ်လာပြီ ဖြစ်သည့်အတွက် တရုတ်နိုင်ငံသားသန်းပေါင်းများစွာတို့သည် နိုင်ငံခြားသို့ အလည်အပတ်ခရီးထွက်ခွာရန် ပြင်ဆင်နေကြသည်။ တရုတ်ပြည်တစ်လွှား သင်္ဘောဆိပ်များနှင့် လေဆိပ်များတွင် စနေ့နေ့က လူများဖြင့်ပြည့်နှက်နေပြီး ပိတ်ရက်မတိုင်မီတစ်ရက်ကပင် လူများဖြင့် စည်ကားနေခြင်းဖြစ်သည်။

ပေကျင်းလေဆိပ်တွင်လည်း ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များမှာ များပြားလွန်းသည့်အတွက် တန်းစီသည့်အခါ လူတန်းရှည်ကြီးသဖွယ် ဖြစ်နေခဲ့သည်။ တရုတ်နိုင်ငံ၏ အဓိကခရီးသွားဆိုက်တစ်ခုက တရုတ်လူမျိုး ခြောက်သန်းခန့်မှာ ယခုအားလပ်ရက်အတွင်း ပြည်ပသို့ထွက်ခွာမည်ဟု ယူဆရကြောင်း ပြောသည်။ တရုတ်လူမျိုးများ အများဆုံးသွားရောက်သည့်နေရာမှာ ထိုင်းနိုင်ငံပြီးလျှင် ဂျပန်နိုင်ငံသို့ အများဆုံးသွားရောက်ကြခြင်းဖြစ်သည်။ တိုကျိုသို့ မိသားစုနှင့်အတူ သွားရောက်မည့်အမျိုးသမီးတစ်ဦးက ၎င်းအနေဖြင့် ဈေးဝယ်ထွက်ခြင်းထက် ပြတိုက်များတွင် ဂျပန်ယဉ်ကျေးမှုကို လေ့လာရန်မျှော်လင့်ထားကြောင်း ပြောသည်။

**(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဖိလစ်ပိုင်နိုင်ငံ၌ အိမ်ထောင်စုပေါင်း ၂ ဒသမ ၃၆ သန်း လျှပ်စစ်မီးမရ

**မနီလာ စက်တင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လကတည်းကစတင်ကာ ယခုအချိန်အထိ အိမ်ထောင်စုပေါင်း ၂ ဒသမ ၃၆ သန်းခန့် လျှပ်စစ်မီးမရရှိသေးကြောင်း သောကြာနေ့တွင် ပြုလုပ်ခဲ့သည့် လေ့လာမှုအသစ်တစ်ရပ်၌ ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း၌ အိမ်ထောင်စုလျှပ်စစ်မီးရရှိမှုပမာဏသည် ၈၉ ဒသမ ၆ ရာခိုင်နှုန်းတွင် ရပ်တည်လျက်ရှိပြီး ၂ဒသမ ၃၆ သန်းခန့်မှာ လျှပ်စစ်မီးမရရှိသည့်အပြင် နေရာဒေသအချို့တို့တွင် လျှပ်စစ်မီးရရှိမှုမှာ တစ်ရက်လျှင် လေးနာရီမှ ခြောက်နာရီအထိ အချိန်အကန့်အသတ်ဖြင့်သာရရှိကြောင်း အဆိုပါ လေ့လာမှုအရ သိရသည်။

ဖိလစ်ပိုင်အစိုးရသည် လာမည့် ၂၀၁၇ ခုနှစ်ကုန်လောက်တွင် အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းခန့်အထိ လျှပ်စစ်မီးရရှိရေး ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်က ဖိလစ်ပိုင်မြို့တော်အပါအဝင် ဒေသသုံးခုတို့တွင် လျှပ်စစ်မီးရရှိမှု ၉၀ ရာခိုင်နှုန်းခန့်ရှိခဲ့ သည်။ အချို့ဒေသများ အထူးသဖြင့် ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်ရှိ ဒေသများမှာ လျှပ်စစ်မီးရရှိမှု သိသိသာသာ လျော့ကျနေဆဲဖြစ်ကြောင်း လေ့လာမှုအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး တရုတ်နှင့် အမေရိကန်တို့ ပူးပေါင်းဆောင်ရွက်မည်

**ဝါရှင်တန် စက်တင်ဘာ ၃၀**

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံသည် တစ်ကမ္ဘာလုံးဆိုင်ရာနှင့် နှစ်နိုင်ငံလုံးတွင် ကျန်းမာရေးနှင့် လုံခြုံစိတ်ချရစေရေးတို့အတွက် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဝါရှင်တန်ဒီစီ၌ ကြာသပတေးနေ့က အမေရိကန်နှင့် တရုတ်တို့ ပထမဦးဆုံးလူမှုနှင့် ပြည်သူချင်းဆွေးနွေးမှုအစီအစဉ်တွင် ယင်းသို့ ကြေညာခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံလုံးသည် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်များ ရရှိစေနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံစလုံးက ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အေအိုင်ဒီအက်စ်ကဲ့သို့ ကူးစက်လွယ်ရောဂါများ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အစီအစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျန်းမာရေးဆိုင်ရာသုတေသနများ ပြုလုပ်ရာတွင်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းအချင်းချင်း ဆွေးနွေးမှုများ ပြုလုပ်ရာတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဒုက္ခသည်တွေအတွက် အလေးပေးဆောင်ရွက်မယ့် ပြန်လည်အခြေချနေထိုင်ရေးစီမံချက်

**ကလျာမိုးမြင့်**



ဥရောပကော်မရှင်ဟာ မြေထဲပင်လယ်အတွင်းမှာ ဥပဒေနဲ့မညီညွတ်တဲ့ လူမှောင်ခိုကူးမှုကို တားဆီးတဲ့အနေနဲ့ လာမယ့် နှစ်နှစ်ကျော်လွန်တဲ့အထိ ဒုက္ခသည်ပေါင်း ၅၀၀၀၀ ထက်မနည်း ဥရောပသို့ ခေါ်သွင်းလာမယ့် စီမံချက်အသစ်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်လိုက်တယ်လို့ သိရပါတယ်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျိမ်းကလော်ဒီဂျန်ကာက မိန့်ခွန်းပြောကြားခဲ့ပြီးနောက်မှာ အဲဒီစီမံချက်ဆောင်ရွက်မယ့်အစီအစဉ် ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ မိန့်ခွန်းအတွင်းမှာ ကလော်ဒီက နေရပ်ပြန်ရေး၊အာဖရိကနဲ့ စုစည်းညီညွတ်မှုရရှိရေးနဲ့ ဥပဒေနဲ့ညီတဲ့ လမ်းကြောင်းတွေ ဖွင့်ပေးရေးကိစ္စရပ်တွေအပေါ်မှာ အလေးပေးဆောင်ရွက်ဖို့ အဆိုပြုချက်သစ်တွေကို ဥရောပသမဂ္ဂက တင်ပြသွားမယ်လို့ ကတိပေးအပ်ခဲ့ပါတယ်။

ပြန်လည်အခြေချရေးစီမံချက်သစ်ဟာ လာမယ့် ၂၀၁၉ ခုနှစ်အောက်တိုဘာလမတိုင်မီမှာ စတင်သက်ရောက်မှာဖြစ်ပြီး လူမှောင်ခိုကူးနေကြတဲ့ ဒုစရိုက်သားကောင်တွေရဲ့လက်ထဲမှာ အသက်နဲ့ရင်းပြီး စွန့်စားနေကြရတဲ့ ဒုက္ခသည်တွေအတွက် သွားလာရာမှာဘေးကင်းစေဖို့နဲ့ တရားဥပဒေနဲ့ညီညွတ်တဲ့ အခြားရွေးချယ်ခွင့်ရရှိဖို့ရည်ရွယ်ပြီး စီမံချက်ကိုရေးဆွဲခဲ့တာဖြစ်တယ်လို့ ကော်မရှင်က သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

ဥရောပကော်မရှင်က အားနည်းပြီး ခံနိုင်ရည်မရှိသူတွေဖြစ်ကြတဲ့ မြောက်အာဖရိကနဲ့ လစ်ဗျား၊ အီဂျစ်၊ နိုင်ဂျာ၊ ဆူဒန်၊ချက်သမ္မတနိုင်ငံနဲ့ အီသီယိုးပီးယားနိုင်ငံတွေက ဒုက္ခသည်တွေနဲ့ ရွှေ့ပြောင်းသွားလာသူတွေကို အခြေချနေထိုင်ရေး ဆောင်ရွက်ပေးဖို့အတွက် စီမံချက်အတွင်းမှာ အဓိကဦးစားပေး ထည့်သွင်းဖို့ အလေးပေးပြောဆိုခဲ့တာ ဖြစ်ပါတယ်။

ပုံမှန်မဟုတ်ဘဲ ဘေးအန္တရာယ်ကျရောက်နိုင်တဲ့ ခရီးကြမ်းစွန့်စားသွားလာနေရတာတွေကနေ စစ်မှန်တဲ့ရွေးချယ်စရာနည်းလမ်းတွေကို ကျွန်ုပ်တို့ဖွင့်ပေးဖို့ လိုအပ်မှာ ဖြစ်တယ်။ ဒါကြောင့် ကာကွယ်တားဆီးရေးအတွက်သာမက လေ့လာရေးနဲ့ အလုပ်လုပ်ကိုင်မှုအတွက်ပါ တရားဝင်လမ်းကြောင်းတွေမှာပိုပြီး ရင်းနှီးမြှုပ်နှံတာဟာ အရေးပါအရာရောက်တဲ့ ဆောင်ရွက်မှုဖြစ်တယ်လို့ ရွှေ့ပြောင်းသွားလာမှု၊ ပြည်ထဲရေးနဲ့ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကော်မရှင်နာ ဒီမစ်ထရစ် အဗ္ဗရာမိုပေါ်လော့စ်က ပြောကြားခဲ့ပါတယ်။

ဥရောပသမဂ္ဂရဲ့ကနဦး ပြန်လည်အခြေချရေးစီမံချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ စတင်ရေးဆွဲခဲ့တာဖြစ်ပြီး ဥရောပသမဂ္ဂနိုင်ငံတွေအတွင်းမှာ ဒုက္ခသည်အရေအတွက် ၂၃၀၀၀ခန့်အထိ ပြန်လည်အခြေချနေထိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကုလသမဂ္ဂ ရွှေ့ပြောင်းသွားလာမှုအေဂျင်စီဖြစ်တဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာနိုင်ငံတကာအဖွဲ့ကြီးက ၂၀၁၇ ခုနှစ်အတွင်းမှာ ပြီးခဲ့တဲ့ စက်တင်ဘာလတစ်လျှောက်လုံး ပင်လယ်ကို ဖြတ်ကျော်ပြီး ဥရောပကို ဝင်ရောက်လာကြတဲ့ ရွှေ့ပြောင်းသွားလာသူတွေနဲ့ ဒုက္ခသည်အရေအတွက်ဟာ ၁၃၄၅၄၉ ဦးရှိတယ်လို့ အင်္ဂါနေ့က အစီရင်ခံခဲ့ပါတယ်။

အဲဒီထဲက ၇၅ ရာခိုင်နှုန်းဟာ အီတလီကိုရောက်ရှိနေပြီး ကျန်တဲ့အရေအတွက်ကတော့ ဂရိ၊ဆိုက်ပရပ်စ်နဲ့ စပိန်တို့မှာ အသီးသီး အလျှိုလျှိုဝင်ရောက်သွားခဲ့ကြပါတယ်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ကို ဖြတ်ကျော်ဖို့ကြိုးစားခဲ့ရာကနေ လူပေါင်း ၂၆၅၄ ဦးအထိ သေဆုံးခဲ့ရပြီလို့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း( IOM)က ဖော်ပြထားပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ နောက်ထပ် ဒုက္ခသည်ပေါင်း ၅၀၀၀၀ ကို အခြေချနေထိုင်ရေး ဆောင်ရွက်ပေးသွားမှာပါ။ ရွှေ့ပြောင်းသွားလာသူများဟာ ဆီးရီးယားနဲ့ အာဖဂန်က ဒုက္ခသည်တွေနဲ့အတူ ပြည့်သိပ်ကျပ်ညပ်နေတဲ့ ရော်ဘာလှေတွေပေါ်မှာ လိုက်ပါလာပြီး တူရကီကမ်းခြေကို ရောက်ရှိလာကြပါတယ်။ အဲဒီကနေ ဂရိနိုင်ငံ လက်စဘိုကျွန်းဆီကို ဆက်လက်ခရီးနှင်လာခဲ့ကြပါတယ်။

ဥရောပနိုင်ငံတွေအနေနဲ့ ဒုက္ခသည်အရေအတွက် ဘယ်လောက်ကို အခြေချနေထိုင်စေရေး ဆောင်ရွက်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာ အဲဒီနိုင်ငံတွေက အပြည့်အဝ တာဝန်ယူရမှာဖြစ်ပြီး အဲဒီဆုံးဖြတ်ချက်အပေါ်မှာ ဥရောပသမဂ္ဂကပေးအပ်ထားတဲ့ ကတိတွေနဲ့ ကန့်သတ်နှောင်ဖွဲ့ထားခြင်းမရှိပါဘူး။

ပြန်လည်အခြေချနေထိုင်ရေးအစီအစဉ်သစ်ဟာ ဂရိနဲ့ အီတလီလိုမျိုး ဒုက္ခသည်တွေ အလုံးအရင်းနဲ့ဝင်ရောက်လာမှုကို ရင်ဆိုင်နေရတဲ့ မြေထဲပင်လယ်ကမ်းခြေပေါ်ရှိ ဥရောပနိုင်ငံတွေအပေါ်မှာ ကျရောက်လာမယ့်ဖိအားတွေကို လျော့ပါးသက်သာစေဖို့အတွက် တာဝန်ခွဲဝေယူလိုက်ဖို့ ရည်ရွယ်တဲ့အစီအစဉ်တစ်ခုလည်းဖြစ်ပါတယ်။

ဒုက္ခသည်အလုံးအရင်း ဝင်ရောက်မှုနဲ့ စီးပွားရေးရွှေ့ပြောင်းမှုတွေဟာ ၂၀၁၅ ခုနှစ်မှာ ဥရောပကိုစပြီး ထိခိုက်လာစေပါတယ်။ ကြီးမားတဲ့ဒုက္ခသည်အရေအတွက် ပမာဏကို လက်ခံနေရတဲ့ ဂျာမနီနဲ့အီတလီနိုင်ငံတွေက အကယ်၍ နိုင်ငံထဲကို ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေကိုလက်မခံဘူးဆိုရင် အရှေ့တိုင်းသားတွေဟာ အနောက်နိုင်ငံတွေက ငွေကြေးထည့်ဝင်ထားတဲ့ဥရောပသမဂ္ဂရဲ့ ထောက်ပံ့ငွေတွေကိုထိခိုက်အောင် အန္တရာယ်ပြုလာလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ဒါဟာ သဘောထားကွဲလွဲမှုတွေကို မဲခွဲဆုံးဖြတ်မှုသို့ ရောက်ရှိစေတဲ့ သာတူညီမျှရှိရေးဆောင်ရွက်မှုဖြစ်ပြီး နိုင်ငံတချို့က ကန့်ကွက်တာတွေရှိပေမယ့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ကျော်ဖြတ်စေနိုင်တယ်လို့ အဖွဲ့က ပြောကြားခဲ့ပါတယ်။

ပြန်လည်အခြေချရေး စီမံချက်ဟာ ရာထောင်ချီတဲ့ ဒုက္ခသည်တွေနဲ့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက ဥရောပသို့ဝင်ရောက်ဖို့ကြိုးစားခဲ့ကြတဲ့ ရွှေ့ပြောင်းသွားလာသူတွေကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းဖို့ ဥရောပသမဂ္ဂရဲ့ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ ဥရောပသမဂ္ဂနိုင်ငံတွေအနေနဲ့ ပြဿနာကိုဘယ်လိုဖြေရှင်းရမယ်ဆိုတာနဲ့ပတ်သက်ပြီး မကြာခဏငြင်းခုံနေခဲ့ရတဲ့အတွက် ဥရောပသမဂ္ဂရဲ့ စုစည်းညီညွတ်မှုကို ပျက်ပြားလာစေတာတွေကိုလည်း ပြန်လည်ပေါင်းစည်းနိုင်စေမယ့် စီမံချက်ဖြစ်ပါတယ်။


ယနေ့အဆိုပြုချက်အရ အဖွဲ့ဝင်နိုင်ငံတွေဟာ တူညီတဲ့ဒုက္ခသည်ဆိုင်ရာ ခြိမ်းခြောက်မှုတွေ ဆက်လက်ရှိနေရင် တောင်ခြင်းချက်မရှိ ထိန်းချုပ်ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ဥရောပကော်မရှင်က ဖော်ပြခဲ့ပါတယ်။


ဥရောပနိုင်ငံတွေဟာ ပြန်လည်အခြေချနေထိုင်ရေး ဆောင်ရွက်မယ့် အရေအတွက်ကို ဆုံးဖြတ်သတ်မှတ်မှုအတွက် ကိုယ်စီတာဝန်ရှိပြီး ဒုက္ခသည်တွေကို ပိုမိုလက်ခံယူဖို့ ၎င်းတို့ကို ဘရပ်ဆဲလ်က ကန့်သတ်နိုင်မှာ မဟုတ်ပါဘူး။ ရွေးချယ်လိုက်တဲ့ နိုင်ငံတွေဟာ လုံခြုံရေးဆိုင်ရာ ရည်ရွယ်ချက်တွေအတွက် နယ်စပ်ကို တရားဝင်စစ်ဆေးခွင့် ခြောက်လကြာအောင်ထိန်းသိမ်းထားနိုင်မှာဖြစ်တယ်လို့ ကော်မရှင်က ဆိုပါတယ်။


ပြင်သစ်နဲ့ ဂျာမနီအပါအဝင် နိုင်ငံအချို့က အကြမ်းဖက်တိုက်ခိုက်မှုတွေ အများအပြား ဖြစ်ပွားခဲ့ပြီးနောက်မှာ နယ်စပ်လုံခြုံရေးအတွက် စစ်ဆေးခွင့်ကို အချိန်ကာလတိုးမြှင့်ပေးဖို့တောင်းဆိုနေကြပါတယ်။


ဥရောပသမဂ္ဂရဲ့ ပြန်လည်အခြေချရေးစီမံချက်ဟာ ဥရောပနိုင်ငံတွေအပေါ်မှာ ကျရောက်နေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ဘယ်အတိုင်းအတာအထိ ဖယ်ရှားပေးနိုင်ပြီး ဥရောပနိုင်ငံတွေ ပြန်လည်စုစည်းညီညွတ်ရေးကို ဖော်ဆောင်နိုင်မယ်ဆိုတာကို ဆက်လက်စောင့်ကြည့်သွားရမှာ ဖြစ်ပါကြောင်း။ ။ **(ဆင်ဟွာ)**


**ပြန်လည်အခြေချရေးစီမံချက်သစ်ဟာ လာမယ့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမတိုင်မီမှာ စတင်သက်ရောက်မှာဖြစ်ပြီး လူမှောင်ခိုကူးနေကြတဲ့ ဒုစရိုက်သားကောင်တွေရဲ့လက်ထဲမှာ အသက်နဲ့ရင်းပြီး စွန့်စားနေကြရတဲ့ ဒုက္ခသည်တွေအတွက် သွားလာရာမှာ ဘေးကင်းစေဖို့နဲ့ တရားဥပဒေနဲ့ ညီညွတ်တဲ့ အခြားရွေးချယ်ခွင့် ရရှိဖို့ရည်ရွယ်ပြီး စီမံချက်ကိုရေးဆွဲခဲ့တာဖြစ်**









HTOO
AMBULANCE







# မြန်မာသဒ္ဒါသင်ကြားရေး (၂၂)

**မောင်ခင်မင်(ဓနုဖြူ)**

"နာမ်စားအကြောင်း ဆက်ကြဦးစို့။ မြန်မာသဒ္ဒါစာအုပ်တွေမှာ နာမ်စား(၄)မျိုးပြထားတယ် မဟုတ်လား။ ကဲ… ကလေးတွေကို ကြံ့တုန်းစာမေးရဦးမယ်။ နာမ်စား(၄)မျိုးက ဘာတွေပါလိမ့်"

"ပုဂ္ဂလနာမ်စားရယ်၊ အညွှန်းနာမ်စားရယ်"

"ပြီးတော့ အမေးနာမ်စားနဲ့ သချ်ာနာမ်စားပါဆရာ"

"ဟုတ်ပါပြီ။ အဲဒီထဲမှာမပါသေးတဲ့ နာမ်စားတစ်မျိုး ရှိသေးတယ်။ ဆရာကြီးဦးဖေမောင်တင်ရဲ့မြန်မာသဒ္ဒါစာအုပ်တွေမှာတော့ အဲဒီနာမ်စားကိုပြထားတယ်"

" 'အတုံ့နာမ်စား' တဲ့"

"ဟုတ်ကဲ့ပါဆရာ"

"ဆရာကြီးကတော့ 'ပြုလုပ်သည့်အမှုသည် လုပ်သူအပေါ်သို့တုံ့ပြန်သောသဘော' ဖြစ်လို့ အတုံ့နာမ်စားလို့ ခေါ်ကြောင်း ရှင်းပြထားတယ်"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတဲ့သာဓကတွေကတော့ 'ကိုယ့်ကိုယ်ကိုယ်၊ ငါ့ကိုယ်ငါ၊ သူ့ကိုယ်သူ၊ နင့်ကိုယ်နင်၊ မိမိကိုယ်မိမိ' စတဲ့အသုံးတွေပဲ"

"သြော်…ဟုတ်ကဲ့ပါဆရာ"

" 'ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်ချစ်တယ်'၊ 'မင်းကိုယ်မင်းသူဌေးလို့ထင်နေသလား'၊ 'သူ့ကိုယ်သူ သိပ်ချော်တယ်ထင်နေတယ်' ဆိုတဲ့ အသုံးမျိုးတွေ အများကြီးပါပဲ"

"ဟုတ်ကဲ့ပါ"

"ကိုယ့်ဘာသာကိုယ်လုပ်မယ်၊ နင့်ဘာသာနင် စာဖတ်နေပါ' ဆိုတဲ့ အသုံးမျိုးလည်း အတူတူပါပဲ။ ဒီနေရာမှာ 'မိမိကိုယ်မိမိဆိုတဲ့ အသုံးကပြောသူရော၊ ကြားနာသူရော၊ အပြောခံရော ပုဂ္ဂလနာမ်စား သုံးမျိုးစလုံးအတွက် သုံးနိုင်တာမို့ အသုံးကျယ်ပြန့်တာပေ့ါ။ စာသုံး ပေသုံးပေ့ါ"

"ဟုတ်ကဲ့ပါ။ 'မိမိ' ဆိုတဲ့ နာမ်စားတစ်ခုတည်းလည်း သုံးမျိုးစလုံးသုံးနိုင်တယ်ထင်ပါတယ်"

"ကဲ… ဒီလိုဆိုရင် 'မိမိ' ကို ပြောသူနာမ်စားအဖြစ်သုံးပြစမ်းပါ"

"ကျွန်မသည် မိမိ၏ကိစ္စထက် သူတစ်ပါး၏ကိစ္စကို ပို၍အလေးထားပါသည်"

"ဟုတ်ပါပြီ။ နာသူနာမ်စားအဖြစ်သုံးရင်ကော"

"သင်သည်ယနေ့မှစ၍ မိမိ၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါလော့"

"တယ်ဟုတ်ပါလား။ အပြောခံအတွက်ဆိုရင်ကောကွယ်"

"ညီမလေးသည် မိမိ၏ရည်ရွယ်ချက်အောင်မြင်အောင် ကြိုးစားနေသည်"

"ဟုတ်ပါပြီ။ စကားပြောဆိုရာမှာတော့ 'ကိုယ်' ဆိုတဲ့နာမ်စားကို အဲဒီလိုပဲ နာမ်စား သုံးမျိုးစလုံးအတွက် သုံးနိုင်တာပေ့ါ။ 'ငါလည်း ကိုယ့်အလုပ်တွေလုပ်ဖို့ ရှိသေးတယ်။ မင်းလည်း ကိုယ့်အလုပ်ကိုယ်လုပ်။ သူလည်းကိုယ့်အလုပ် ကိုယ်လုပ်လိမ့်မယ်' ဆိုတာမျိုးလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီအတုံ့နာမ်စားကို အခုမြန်မာသဒ္ဒါစာအုပ်တွေမှာ ဘာဖြစ်လို့ မပြတာလည်းတော့ မသိပါဘူးကွယ်"

"ဟုတ်ပါတယ် ဆရာ။ ကျွန်မတို့သင်တော့လည်း အတုံ့နာမ်စားမပါပါဘူး"

"ကဲ… ထားပါတော့။ အခုဆရာပြောချင်တာက သချ်ာနာမ်စားဆိုတဲ့ နာမ်စားအကြောင်းပဲ"

"ဟုတ်ကဲ့ပါ"

"အရင်က သဒ္ဒါစာအုပ်တွေမှာ သချ်ာနာမ်စားဆိုပြီး ပြလေ့မရှိဘူး။ အခုနဝမတန်းမြန်မာသဒ္ဒါမှာ သချ်ာနာမ်စား နှစ်မျိုးရှိကြောင်း ပြတယ်။ အရေအတွက်ပြသချ်ာနာမ်စားနဲ့ ပမာဏပြသချ်ာနာမ်စားပေ့ါ"

"ဟုတ်ကဲ့ပါ။ ကျွန်မတို့လည်း သင်ရပါတယ်"

"အရေအတွက်ပြသချ်ာနာမ်စားမှာ သာဓကပြထားတာက 'တစ်ခု၊ တစ်စောင်၊ သုံးကောင်၊ နှစ်စင်း' ဆိုတဲ့ စကားလုံးတွေပဲ"

"ဟုတ်ပါတယ် ဆရာ"

"ကဲ… 'တစ်ခု' ကို ကြည့်ရအောင်။ 'တစ်' ကို မြန်မာအဘိဓာန်မှာ နာမ်လို့ပြတယ်။ ပြီးတော့ 'ခုကိန်းတွင် အငယ်ဆုံး' လို့ ဖွင့်တယ်။ 'ကိုး' ဆိုရင်လည်း နာမ်လို့ပဲ ပြပြီး 'ရှစ်နှင့် တစ်ဆယ်အကြားရှိ အရေအတွက်' လို့ ဖွင့်တယ်။ ဂဏန်းတွေအားလုံးဟာ နာမ်တွေချည်းပဲလေ"

"ဟုတ်ကဲ့ပါ"

> **"အညွှန်းနာမ်စားမှာလည်း အပြောသုံးဟန်နဲ့ သုံးတဲ့ နာမ်စားတွေရှိတာပဲလေ။ 'ဒီ၊ ဟို၊ အဲဒီ၊ အဲဒါ၊ အဲဟို' ဆိုတဲ့ အသုံးတွေအမြဲသုံးနေကြတာမဟုတ်လား။ 'ဟိုမှာ ဘယ်သူလဲ'၊ 'ဒီကိုလာပါ'၊ 'အဲဒီလိုမဟုတ်ပါဘူး'၊ 'အဲဒါဘာပြောတာလဲ'၊ 'အဲဟိုက ဘယ်သူလာသလဲ' ဆိုတဲ့ အသုံးမျိုးတွေပေ့ါ။ ဒီတော့-အဲဒီလို စာသုံးရော၊ အပြောသုံး ရောထည့်ရင် အမေးနာမ်စားရော၊ အညွှန်းနာမ်စားရော ညီသွားတာပေ့ါကွယ်"**

" 'ခု' ကို အဘိဓာန်မှာ 'ပစ္စည်း' လို့ပြပြီး ဝတ္ထုပစ္စည်း အချို့ကို ရေတွက်ရာတွင် သုံးရင်သာ စကားလုံးလို့ ဖွင့်တယ်။ အဲဒီလိုပဲ 'စင်း' တို့၊ 'ကောင်' တို့၊ 'ယောက်' တို့၊ 'ပါး' တို့ဟာလည်း အရေအတွက်နဲ့ တွဲသုံးတဲ့ မျိုးပြပစ္စည်းတွေပါပဲ။ 'သုံးယောက်' ဆိုရင် 'သုံး' က ဂဏန်းအရေအတွက် 'ယောက်' က ပစ္စည်းပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ သာဓကပြထားတဲ့ 'တစ်ခု' တို့၊ 'တစ်စောင်' တို့၊ 'သုံးကောင်' တို့ဆိုတာတွေဟာ အရေအတွက်ပြတဲ့နာမ်နဲ့ ပစ္စည်းနဲ့ တွဲသုံးတဲ့ နာမ်ပုဒ်တွေဖြစ်မနေဘူးလား"

"ဟုတ်ကဲ့ပါ"

"ပုံမှန်သုံးရင် 'မုန့်တစ်ခု၊ စာတစ်စောင်၊ ခွေးသုံးကောင်' ဆိုတာမျိုးသုံးတယ်။ အဲဒီအသုံးတွေမှာ နာမ်ရယ်၊ အရေအတွက်ရယ်၊ မျိုးပြပစ္စည်းရယ် သုံးခုတွဲနေတယ်။ ပစ္စည်းတွဲထားလို့ နာမ်ပုဒ်တွေပဲပေ့ါ"

"ဟုတ်ကဲ့ ဆရာ"

"အဲဒါတွေကို သချ်ာနာမ်စားလို့ ပြထားတယ်လေ။ ကဲ… ပြထားတဲ့သာဓကတစ်ခုလောက် ဖတ်လိုက်စမ်းပါ"

"မြန်မာပြည်၌ ထင်ရှားသော ပင်လယ်ကမ်းခြေနှစ်ခုရှိသည်။ တစ်ခုသည် ငပလီကမ်းခြေဖြစ်၍ တစ်ခုမှာ မောင်းမကန်ကမ်းခြေဖြစ်သည်"

"အဲဒီသာဓကမှာ 'တစ်ခု' ဆိုတဲ့ စကားလုံးနှစ်လုံးပါတယ်။ အဲဒီစကားလုံးတွေကို 'သချ်ာနာမ်စား' ကိုဆိုချင်တာထင်တယ်။ တကယ်က 'တစ်ခုသည်' ဆိုတာ 'ပင်လယ်ကမ်းခြေတစ်ခုသည်' လို့ အပြည့်အစုံ ထပ်မပြောတော့ဘဲ စကားချုံ့လိုက်တာလေ။ ပြီးတော့ နာမ်အစားသုံးတဲ့သဘောထက် တစ်ခုနဲ့တစ်ခု ခွဲခြားပြတဲ့သဘောက ထင်ရှားနေတာပါ"

"ပြီးတော့ နာမ်အစားသုံးတယ်ဆိုတာက နာမ်ကို တစ်ခါဖော်ပြပြီးနောက် တစ်ခါထပ်မပြတော့ဘဲ အဲဒီနာမ်အစား သုံးတဲ့ စကားလုံးလေ။ 'ငပလီ ကမ်းခြေသည် အလွန်သာယာ၏။ ယင်းသည် မြန်မာပြည်၌ ထင်ရှား၏' ဆိုတာမျိုးမှာ 'ယင်း' က 'ငပလီကမ်းခြေအစား' သုံးတဲ့ နာမ်စားပဲ။ 'တစ်ခု' က ဘယ်နာမ်အစားသုံးတာလဲ။ ဒီဝါကျထဲမှာ ငပလီကမ်းခြေတို့၊ မောင်းမကန်ကမ်းခြေတို့ဆိုတဲ့ နာမ်တွေငုတ်တုတ်ထင်ရှားရှိနေရက်သားနဲ့ နာမ်စားထည့်သုံးစရာလိုလို့လား။ ပြီးတော့ ခုနပြောသလို နာမ်နဲ့ပစ္စည်းတွဲထားတဲ့ စကားပေါင်းတစ်ခုကို နာမ်စားလို့ သတ်မှတ်တာဟာ သတ်မှတ်သင့်ရဲ့လားဆိုတာ စဉ်းစားစရာပဲလေ"

"ပမာဏပြ နာမ်စားကရော ဆရာ"

"ပမာဏပြသချ်ာနာမ်စားဆိုပြီး 'အချို့၊ အားလုံး၊ အများစု' ဆိုတဲ့ စကားလုံးတွေပြထားတယ်။ 'အချို့' နဲ့ 'အားလုံး' ကို မြန်မာအဘိဓာန်မှာ နာမဝိသေသနလို့ပြတယ်။ 'အများစု' ကို မပြပေမယ့် အဲဒီသဘောပါပဲ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'အချို့တို့ ၊အားလုံးတို့ဟာ ယှဉ်တွဲသုံးတဲ့ နာမ်ရဲ့ပမာဏကို ပြတဲ့အထူးပြုစကားလုံးပါ။ 'လူအချို့' တို့ ၊ 'အိမ်အားလုံး' တို့ကို ကြည့်ရင် သိနိုင်ပါတယ်။ အဲဒီမှာ 'အချို့မှာ'၊ 'အားလုံးကို' ဆိုတာမျိုးရှေ့က နာမ်ကို ထပ်မပြောတော့ဘဲနဲ့ ချန်ပြီးသုံးလို့ရပါတယ်။ ဒါပေမယ့် အဲဒီနာမ်အစားသုံးတာ မဟုတ်ဘူးလေ။ နာမ်ရဲ့အစိတ်အပိုင်းပမာဏကိုသာပြတာ။ ဒါကြောင့် ပမာဏပြသချ်ာနာမ်စားလို့ သတ်မှတ်ရတာ ဘဝင်ကျစရာမကောင်းဘူး"

"ဟုတ်ကဲ့ပါ"

"ရှေ့က ပြုစုခဲ့တဲ့ သဒ္ဒါစာအုပ်တွေကိုကြည့်တော့ ဆရာကြီးဦးဖေမောင်တင်ရဲ့သဒ္ဒါတွေမှာလည်း သချ်ာနာမ်စား မပါဘူး။ မြန်မာစာအဖွဲ့မှာ ဆရာကြီးဒဂုန်ဦးစန်းငွေက မြန်မာသဒ္ဒါနှစ်အုပ်ပြုစုသေးတယ်။ အဲဒီအထဲမှာလည်း သချ်ာနာမ်စားမပါဘူး။ ဦးသောင်းလွင်ပြုစုတဲ့ နည်းသစ်မြန်မာသဒ္ဒါမှာတော့ သချ်ာနာမ်စားပါတယ်။ မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာသဒ္ဒါမှာလည်း သချ်ာနာမ်စားပါတယ်။ လေ့လာကြည့်တဲ့သဘောပါ"

"ဟုတ်ကဲ့၊ ဒီတော့ ဆရာဆိုလိုတာက…"

"တခြားနာမ်စားတွေက နာမ်အစား အစားဝင်လို့ရတဲ့စကားလုံးတွေလေ။ 'ငါ၊ သူ၊ ထို၊ ဤ၊ ဘယ်၊ ဘာ' ဆိုတာမျိုးတွေ။ အခု သချ်ာနာမ်စားက နာမ်အစားဝင်ရတဲ့ စကားလုံး မဟုတ်ဘဲ နာမ်ရဲ့ပမာဏကို ဖော်ပြတဲ့ စကားလုံးဆိုတော့ သင်ရတဲ့ကလေးတွေအတွက် ရှုပ်ထွေးစရာဖြစ်တယ်လို့ဆိုချင်တာပါ"

"ဟုတ်ကဲ့ပါ"

"ပြီးတော့။ 'အချို့' တို့ 'အားလုံး' တို့လိုကိန်းဂဏန်းမပါတဲ့ စကားတွေကို သချ်ာနာမ်စားလို့ ပြောရတာလည်း ရှုပ်ထွေးစရာဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ပါဆရာ"

"နောက်ပြောစရာတစ်ခုက အညွှန်းနာမ်စားနဲ့ အမေးနာမ်စားပြပုံပါ"

"ဘယ်လိုပါလဲဆရာ"

"အဌမတန်းသဒ္ဒါမှာ အညွှန်းနာမ်စားနဲ့ အမေးနာမ်စားကို ရှင်းပြထားတယ်"

"ကဲ… အညွှန်းနာမ်စားမှာ ဘာသာဓကတွေပြသလဲ။ ကြည့်ပါဦး"

"ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း ပါဆရာ"

"ဟုတ်ပြီ။ အမေးနာမ်စားမှာရော"

"ဘယ်၊ အဟုတ်၊ မည်သူ၊ ဘယ်သူလို့ ပြပါတယ်ဆရာ"

"ဟုတ်ပါပြီ။ အမေးနာမ်စားမှာပြတဲ့ သာဓကတွေကို ကြည့်ရင် 'ဤစာအုပ်သည် မည်သူ၏စာအုပ်ဖြစ်သနည်း' ဆိုတဲ့ စာသုံးစကားနဲ့ ရေးတဲ့ဝါကျပါသလို၊ 'ဘုရားကို ဘယ်သူနဲ့သွားသလဲ' ဆိုတဲ့ အပြောသုံးဟန်နဲ့ရေးတဲ့ ဝါကျလည်းပါတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဒါက သဘာဝကျတယ်လေ။ မြန်မာစကားကို စာသုံးဟန်နဲ့ ရေးနိုင်သလို အပြောသုံးဟန်နဲ့လည်း ရေးနိုင်တယ်။ မြန်မာစကားမှာ အဲ့ဒီဟန်နှစ်မျိုးစလုံး အပြိုင်သုံးနေကြတယ် မဟုတ်လား။ ဆရာဆိုရင် အခုဆွေးနွေးနေတာ အပြောသုံးဟန်နဲ့ ရေးနေတာလေ။ အပြောသုံးဟန်နဲ့ ဘယ်လိုသုံးတယ်၊ စာသုံးဟန်နဲ့ဘယ်လိုသုံးတယ်ဆိုတာ ကျောင်းသားတွေ ကွဲကွဲပြားပြားသိအောင်သင်ပေးဖို့ လိုအပ်တာပေ့ါ"

"ဟုတ်ပါတယ်ဆရာ"

"ကဲ အမေးနာမ်စားမှာ စာသုံးရော၊ အပြောသုံးရောပါတယ်။ အညွှန်းနာမ်စားမှာကျတော့ 'ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း' ပဲပြတယ်။ စာသုံးစကားချည်းပဲ။ ဝါကျတွေသာဓကပြတော့လည်း စာသုံးဟန်နဲ့ပဲပြတယ်။ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အညွှန်းနာမ်စားမှာလည်း အပြောသုံးဟန်နဲ့ သုံးတဲ့ နာမ်စားတွေရှိတာပဲလေ။ 'ဒီ ၊ ဟို၊ အဲဒီ၊ အဲဒါ၊ အဲဟို' ဆိုတဲ့ အသုံးတွေအမြဲသုံးနေကြတာမဟုတ်လား။ 'ဟိုမှာဘယ်သူလဲ'၊ 'ဒီကိုလာပါ'၊ 'အဲဒီလိုမဟုတ်ပါဘူး'၊ 'အဲဒါဘာပြောတာလဲ'၊ 'အဲဟိုက ဘယ်သူလာသလဲ' ဆိုတဲ့ အသုံးမျိုးတွေပေ့ါ။ ဒီတော့-အဲဒီလို စာသုံးရော၊ အပြောသုံးရောထည့်ရင် အမေးနာမ်စားရော၊ အညွှန်းနာမ်စားရော ညီသွားတာပေ့ါကွယ်"

"နားလည်ပါပြီးဆရာ"

"နာမ်စားကို အဆုံးမသတ်ခင် သင်နေတဲ့ဆရာ ဆရာမတွေ သတိပြုစရာ ကလေးတစ်ခုပြောချင်သေးတယ်။ ပုဂ္ဂလနာမ်စားတွေမှာ 'ငါ၊ နင်၊ သူ' ဆိုတဲ့ အရင်းခံနာမ်စားတွေကနေပြီး 'ကျွန်တော်၊ ကျွန်မ၊ တပည့်တော်' စသည်ဖြင့် နာမ်စားတွေတိုးပွားလာသလို ဒီနေ့ဆိုရင် နာမ်စားအဖြစ်သုံးတဲ့ စကားလုံးတွေအများကြီးတိုးနေပြီဆိုတာ သတိပြုဖို့ပါ။ အင်္ဂလိပ်လိုတော့ Pronominal reference လို့ခေါ်တာပေ့ါ။ နာမ်စားသုံးတဲ့ အညွှန်းစကားတွေပဲ။ 'ဆရာပြောမယ်'၊ 'ဖေဖေ့ကို သားပြောချင်တာက'၊ 'လာလည်ပါဗိုလ်မှူး'၊ 'ဒေါက်တာ့ဆီကျွန်တော်လာသေးတယ်' ဆိုတဲ့ စကားတွေမှာဆွေမျိုးစပ်ဝေါဟာရတွေ၊ အလုပ်အကိုင်ဆိုင်ရာ ဝေါဟာရတွေကို နာမ်စားနေရာမှာ တွင်တွင်ကျယ်ကျယ်သုံးနေကြပြီလေ။ ခုဆိုရင် ကိုရီးယားကားတွေအကြောင်းပြုပြီး 'ယောကျ်ားရေ မိန်းမပြောမယ်နော်' ဆိုတာတွေတောင်ဖြစ်ကုန်ပြီ။ မျက်ခြည်မပြတ်ဖို့ ပြောတာပါ။ ကဲ…. ကဲ …နားကြရအောင်။

# ကပ်ပါးပိုးကြောင့် ဖြစ်ပွားသည့်မျက်စိရောဂါ ဗြိတိန်ကို ကူးစက်ပျံ့နှံ့လာမည်ကို စိုးရိမ်နေ


**ကလျာမိုးမြင့်**

ဥရောပကုန်းမြေပေါ်မှာ ပိုမိုအဖြစ်များလာသောကပ်ပါးပိုးကြောင့် မျက်စိရောဂါဖြစ်ပွားရမှုဟာ ဗြိတိန်ကိုပျံ့နှံ့လာနိုင်တဲ့အတွက် ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူသူတွေကို သတိပေးမှုတွေ ပြုလုပ်ထားတယ်လို့ သိရပါတယ်။

Thelazia callipaeda လို့ခေါ်တဲ့ မြေထဲပင်လယ်အရှေ့ခြမ်းမှာရှိတဲ့ နိုင်ငံတွေမှာ တွေ့ရလေ့ရှိတတ်တဲ့ မျက်စိမှာ တွယ်ကပ်နေထိုင်တတ်သော ကပ်ပါးပိုးကို သစ်သီးစားယင်ကောင်က သယ်ဆောင်လာတာဖြစ်ပြီး အဲဒီယင်ကောင်ဟာ မျက်စိပေါ်မှာခိုနားကာ ရောဂါကူးစက်မှုဖြစ်ပွားစေတဲ့ သားလောင်းကို ပေါက်ပွားစေပါတယ်။ ခွေးတွေ၊ ကြောင်တွေနဲ့လူတွေဟာ မျက်စိအတွင်းကစိမ့်ရည်ကိုစားသုံးတဲ့ ယင်ကောင်တွေဆီကနေ အဲဒီရောဂါကို ကူးစက်ခံရတာဖြစ်ပါတယ်။ မကြာသေးခင်ကပဲ ဗြိတိန်နိုင်ငံအတွင်းမှာ ခွေးသုံးကောင် အဲဒီမျက်စိရောဂါဖြစ်ပွားခဲ့တဲ့အကြောင်း သတင်းပေးပို့ခဲ့ပါတယ်။ ဒါပေမယ့် ရောဂါကူးစက်ခံရတဲ့ခွေးတွေဟာ ပြည်ပကနေကူးစက်ဖြစ်ပွားကြတာ ဖြစ်ပါတယ်။

ခွေးတစ်ကောင်ကို ရိုမေးနီးယားကနေ ဗြိတိန်ကို သယ်ဆောင်လာတာပါ။ ကျန်တဲ့နှစ်ကောင်ကတော့ မကြာသေးခင်ကပဲ သူတို့ရဲ့ပိုင်ရှင်တွေနဲ့ ဥရောပကို ခရီးထွက်ခွာခဲ့ပြီးပြန်ရောက်လာကြတာ ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံမှာလည်း အဲဒီလိုပဲ အမျိုးအစားတူတဲ့ Phortica variegata ယင်ကောင်အမျိုးအစား ပေါက်ပွားမှုရှိနေပြီး အဲဒီယင်ကောင်က နေတစ်ဆင့် ကပ်ပါးပိုးမွှားဝင်ရောက်ကူးစက်ပြီး နိုင်ငံတစ်လွှားမှာရှိတဲ့တိရစ္ဆာန်နဲ့လူတွေကို ကူးစက်ပျံ့နှံ့သွားမှာကို စိုးရိမ်နေရတယ်လို့ လီဗာပူးတက္ကသိုလ်မှ ကျွမ်းကျင်သူ ပညာရှင်ဂွန်ဂရေဟမ်ဘရောင်းက ပြောကြားခဲ့ပါတယ်။

ဒီရောဂါဟာ အိမ်မွေးတိရစ္ဆာန်တွေကနေ သူတို့ရဲ့သခင်တွေဆီကို တိုက်ရိုက်ကူးစက်နိုင်တဲ့ အန္တရာယ်တော့ မရှိဘူးလို့ ဂရေဟမ်က ရှင်းပြပါတယ်။ ဒါပေမယ့် တိရစ္ဆာန်တွေကိုသာမက လူတွေကိုပါကူးစက်နိုင်တဲ့ ကပ်ပါးပိုးမျိုးဖြစ်တာကြောင့် အိမ်မွေးတိရစ္ဆာန်တွေကို မွေးမြူတဲ့သူတွေအနေနဲ့ ရောဂါဖြစ်ပွားမှုရှိတဲ့နေရာဒေသတွေကို လတ်တလောသွားရောက်ခဲ့တယ်ဆိုရင် အိမ်မွေးတိရစ္ဆာန်တွေကိုရော၊ မိမိကိုယ်တိုင်ကိုပါ ရောဂါကူးစက်ခံမှု



အရိပ်အယောင်ရှိမရှိ သေချာသတိထားစောင့်ကြည့်သင့်တယ်လို့ ၎င်းက ညွှန်ကြားထားပါတယ်။

ရောဂါကူးစက်ခံရတဲ့တိရစ္ဆာန်တွေမှာ မျက်ခွံအတွင်းသားတွေရောင်ရမ်းနေတဲ့ မပြင်းထန်သောလက္ခဏာကနေ မျက်ကြည်လွှာအတွင်းမှာပြည်တည်တဲ့အထိ ပြင်းထန်နိုင်ပြီး မကုသဘဲထားရင် မျက်စိလုံးဝကွယ်သွားမှာဖြစ်ပါတယ်။ **(ဘီဘီစီ)**

# မိုင်းသောက်တံတားမှအပြန် . . .

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်



စက်လှေအရှိန်ကြောင့် အင်းလေးရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသည့် လေက မျက်နှာ တည့်တည့်ကို အရှိန်ပြင်းပြင်းထိတွေ့နေသည်။ လေတိုးသည့် အရှိန်ဖြင့် ဆံပင်တို့နောက်သို့ ဖွာလန်ကြဲကာလွင့်ပျံလျက်၊ ရေပြင်တစ်ခွင်တွင် စက်လှေမောင်းနှင်သံများက ဆူညံကာပဲ့တင်ထပ်ပေါ်ထွက်နေပြန်သည်။ အင်းလေးကန် အရှေ့ဘက်သို့ ဦးတည်မောင်းနှင်နေသော ကျွန်တော်တို့ စက်လှေက ရေပြင်ပေါ်မှ ပျံတက်တော့မည့် ငှက်တစ်ကောင်အသွင်ဆောင်နေသည်။

ရှမ်းတောင်တန်း နောက်ခံကာ အင်းလေးရေပြင်က လှပသည့်ရှုခင်း၊ ဘယ်အချိန်ကြည့်ကြည့်မရိုးနိုင်သော မြင်ကွင်းပင်ဖြစ်သည်။ ဟိုမှသည်မှ မောင်းနှင်လာသည့် စက်လှေများ၊ ကျွန်းမျောစိုက်ခင်းများ၊ အင်းလေးကန် အနားသတ်ရွာငယ်များ၏ မြင်ကွင်းက မြန်နှုန်းမြင့်မောင်းနှင်နေသော စက်လှေအရှိန်ကြောင့် ပတ်ချာလည်ဝိုင်းသလို ဖြစ်နေသည်။ နံနက်ခင်းနေရောင်ခြည်ကြောင့် ပတ်ဝန်းကျင်မြင်ကွင်းက တောက်ပကာ ရေပြင်၊ တောင်တန်း၊ ရွာငယ်တန်းများက အစွမ်းကုန်လှပနေသည်ဟု ခံစားရသည်။

“ဟိုး...မှာတွေ့လား... အဲဒါမိုင်းသောက်ရွာပဲ”ဟု စက်လှေ မောင်းသူက အသံမြှင့်ပြီး လက်ညှိုးထိုးကာ လှမ်းပြောသဖြင့် ရှေ့တူရူသို့ ကြည့်လိုက်ရာ သွပ်မိုးရောင်လက်လက်ဖြင့် ကျေးရွာကို မြင်တွေ့လိုက်ရသည်။ ကျွန်တော်သေသေချာချာအား စိုက်ကြည့်လိုက်ရာ ရှမ်းတောင်တန်းနောက်ခံဖြင့် လှပနေသော မိုင်းသောက်ရွာကို မှုန်ပျပျလှမ်းတွေ့ရသည်။ ကျွန်တော် လာရောက်လိုသော မိုင်းသောက်ရွာကို ရောက်တော့မည်ဟု တွေးကာ စိတ်လှုပ်ရှားမိပြန်သည်။ အင်းလေးကန်ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးပြီး ဟဲယာရွာမ၊ အင်းတိန်၊ ခေါင်ကိုင်ရွာများသို့ ရောက်ခဲ့သလို ဖောင်တော်ဦးဘုရားကို အခါခါ ဖူးမြော်ခဲ့သော်လည်း မိုင်းသောက်ရွာဘက်သို့ မရောက်ခဲ့။ ယခုတစ်ခေါက် အင်းလေးသို့ ရောက်ခိုက် ရသမျှ အချိန်အတွင်း မိုင်းသောက်ရွာသို့ ရောက်အောင် လာခဲ့ခြင်းဖြစ်သည်။

မိုင်းသောက်ရွာက ညောင်ရွှေမြို့နယ်အတွင်း တည်ရှိပြီး ညောင်ရွှေမြို့ အရှေ့တောင်ဘက်၌ ရှိကာ အင်းလေးကန်အရှေ့ဘက်တွင် တည်ရှိနေသည့် ရွာလည်းဖြစ်သည်။ မိုင်းသောက်ရွာကို လာရောက်ရသည့် အဓိကရည်ရွယ်ချက်မှာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နေသည့် မိုင်းသောက်သစ်သားတံတားရှည်ကြောင့်ပင်ဖြစ်သည်။ နာမည်ကြီးသည့် မိုင်းသောက်တံတားပေါ်တွင် ဖြတ်လျှောက်လိုသော ဆန္ဒများက အင်းလေးကန်ရောက်တိုင်းဖြစ်ပေါ်ခဲ့ရာ ယခုတော့ ကျွန်တော့်ဆန္ဒပြည့်ဝပြီဖြစ်သည်။

ကျွန်တော်တို့ စက်လှေက အင်းလေးကန် ရေပြင်မှ မိုင်းသောက်ရွာဘက်သို့ ချိုးကွေ့ဝင်လိုက်ပြီး ရေလမ်းကြောင်းအတိုင်း ဖြည်းဖြည်းချင်းမောင်းဝင်လာခဲ့သည်။ ဝဲယာတွင် ကျွန်းမျောစိုက်ခင်းများကို တွေ့ရပြီး လှေဖြင့် ငါးရှာနေသူအချို့ကိုလည်း မြင်ရသည်။ ကျွန်းမျောများပေါ်တွင် မြေကြီးပေါင်အလိုက် တန်းစီစိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ၊ စိုက်ခင်းများအကြားလှေတစ်စင်းဖြင့် လိုက်လံပြုပြင်နေသည့် လုပ်ငန်းခွင်ဝင်နေသူများကို မြင်တွေ့ရသည်။

လှေကို ခြေထောက်ဖြင့် လှော်နေကြသည့် မိုင်းသောက်ရွာမှ အမျိုးသမီးတစ်ဦးစ နှစ်ဦးစကို တွေ့ရပြီး ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသည့် စက်လှေကိုလည်း တွေ့ရသည်။ မိုင်းသောက်ရွာက ကျွန်းမျောများဖြင့် စိုက်ပျိုးရေးအပြင် ကုန်းမြေပေါ်တွင်လည်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်ကြသူများသည်။ ရေပြင်တွင် လှေဖြင့် ငါးရှာကာ အသက်မွေးဝမ်းကျောင်းသူလည်း ရှိကြသည်။

ကျွန်တော်တို့ စက်လှေက မိုင်းသောက်ရွာဘက်သို့ ချဉ်းကပ်လိုက်သည်နှင့် နာမည်ကျော် မိုင်းသောက်တံတားကို လှမ်းမြင်လိုက်ရသည်။ ရေပြင်ပေါ်တွင် ရှည်လျားစွာ တည်ဆောက်ထားသော တံတားဖြစ်ရာ တစ်မျှော်တစ်ခေါ်တွေ့မြင်ရသည်။ ကျွန်တော်တို့ စက်လှေက တံတားဖြင့် ယှဉ်လျက် မောင်းဝင်လာပြီးနောက် မိုင်းသောက်ရွာအခြေသို့ ဆိုက်ကပ်လိုက်လေသည်။ ကျွန်တော်တို့ စက်လှေထက် ကြိုပြီး ဆိုက်ကပ်ထားသော စက်လှေတစ်စင်းမှ ကုန်ပစ္စည်းများ ချနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ စက်လှေပေါ်မှ ဆင်းကာ မိုင်းသောက်တံတားပေါ်သို့ တက်ခဲ့ကြသည်။

မိုင်းသောက်တံတားက သစ်သားဖြင့် ပြုလုပ်ထားသော တံတားဖြစ်ပြီး တံတားတိုင်များကလည်း အရွယ်အစားမကြီးမားသော အနေအထားတွေ့ရသည်။ တံတားပေါ်တွင် ကျွန်တော်တို့ ဖြည်းဖြည်းချင်းလမ်းလျှောက်ခဲ့ကြသည်။ တံတားပေါ်မှ ပတ်ဝန်းကျင်ဝဲယာသို့ လှမ်းမျှော်ကြည့်လိုက်ရာ ခပ်ဝေးဝေးမှ အင်းလေးကန်၊ စိမ်းစိမ်းညို့ညို့ ရှမ်းတောင်တန်းများ၊ စိုက်ခင်းများက ထူးထူးခြားခြားလှပနေသည်။ မန္တလေးမြို့မှ ဦးပိန်တံတားသို့ ကျွန်တော်မကြာခဏ ရောက်ခဲ့ဖူးသည်။ ရေပြင်ပေါ်ဖြတ်သန်းဖောက်လုပ်ထားသည့် တံတားချင်းတူသော်လည်း မြင်ကွင်းက မတူ၊ ရာသီဥတုနှင့် ခံစားမှုက မတူညီ။ တောင်သမန်အင်းကို ဖြတ်သန်းတည်ဆောက်ထားသော ဦးပိန်တံတားက မန္တလေးမြို့နှင့် နီး၍လားမသိ ခံစားမှုက မလတ်ဆတ်ဟု ထင်မိသည်။ ယခုမိုင်းသောက်တံတားက တိတ်ဆိတ်ငြိမ်းချမ်းလှသည်။

မိုင်းသောက်တံတားပေါ် ဖြတ်သန်းနေသူက မများ၊ ခရီးသွားဧည့်သည်တစ်ဦးစ၊ နှစ်ဦးစနှင့် မိုင်းသောက်ရွာသားအချို့ပင်ဖြစ်သည်။ မိုင်းသောက်တံတားကို မူလတည်ဆောက်ခဲ့သူမှာ ရှေးခေတ်ဘုရင်တစ်ပါးဖြစ်သည်ဟု တံတားပေါ်ဖြတ်လျှောက်လာသည့် အသက် ၆၀ အရွယ်ရှမ်းအမျိုးသားကြီး စိုင်းထွန်းရီက ပြောပြသည်။ မိုင်းသောက်တံတားသည် မိုင်းသောက်ရွာအား ရေလမ်းနှင့်ရော ကုန်းလမ်းဖြင့်ပါ အလွယ်တကူ သွားလာ၍ ရအောင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း ၁၀၀၀ ကျော် ခန့်ရှိပြီဟု ရှေးလူကြီးများပြောတာကြားဖူးကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ မိုင်းသောက်တံတားနှင့်ပတ်သက်ပြီး မေးမြန်းသော်လည်း စိုင်းထွန်းရီမှာသည်ထက်ပိုမပြောနိုင်တော့။

မိုင်းသောက်တံတားအရှည်တစ်မိုင်ခန့် ရှည်ကြောင်း သိရပြီး နောက်ပိုင်း တံတားကို ပြုပြင်ထိန်းသိမ်းလာခဲ့ကြသည်ဟု ဆိုသည်။ တံတားပေါ်မှ အခင်းသစ်သားအချို့ကို အစားထိုးပြုပြင်ထားသည်ကိုလည်း တွေ့မြင်ရသည်။ တံတားအလယ်တွင် နားခိုစရာ ဇရပ်ငယ်တစ်ဆောင်ပြုလုပ်ထားပြီး တံတားတစ်ဖက်တစ်ချက်၌ ထိုင်စရာနေရာကျယ်ကျယ်ပြုလုပ်ပေးထားရာ တံတားပေါ်ဖြတ်လျှောက်သူများအတွက် ခေတ္တထိုင်ကာ အပန်းဖြေနိုင်လေသည်။ စက်လှေများ တံတားကို ချဉ်းကပ်ကာ လူများတက်ရောက်နိုင်ရေးအတွက် အဆင်းအတက်လှေကား ပြုလုပ်ပေးထားသည်ဖြစ်ရာ အဆင်ပြေလေသည်။

ကျွန်တော်တို့ မိုင်းသောက်တံတားပေါ် လမ်းလျှောက်ရင်း ပတ်ဝန်းကျင် ရှုခင်းများကိုကြည့်ရသည်မှာ သဘာဝ ဆန်ပြီး လန်းဆန်းမှု၊ ကြည်နူးမှုအပြည့်အဝခံစားရသည်ဟု စိတ်ထဲအလိုလိုသိရှိနေသည်။ တံတားပေါ်မှ ရှမ်းခမောက်ဆောင်းကာ လမ်းလျှောက်လာသူ အမျိုးသမီးကြီးနှစ်ဦးကို တွေ့ရသည်။ မေးမြန်းကြည့်ရာ စိုက်ခင်းများရှိရာ သွားမည်ဟု ပြောပြသည်။ ရေပြင်ပေါ်ဖြတ်သန်းတည်ဆောက်ထားသော သစ်သားတံတားရှည်မှာ မြန်မာနိုင်ငံတွင် များများစားစားမရှိ၊ သက်တမ်းရင့်တံတားဖြစ်ရာ သမိုင်းတန်ဖိုးလည်း ကြီးသဖြင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်ကြသည်ဟု သိရသည်။

ကျွန်တော်တို့ တံတားထိပ်ဘက် လျှောက်လာခဲ့ကြပြီး ဘုန်းတော်ကြီးကျောင်းရှိရာသို့ တက်ရောက်ခဲ့ကြသည်။ အမိုးစောင်းတန်းဖြင့် အမြင့်သို့ တက်ရောက်ရသည်ဖြစ်သော်လည်း လှေကားထစ်များကြောင့် အဆင်ပြေသည်။ ဘုန်းကြီးကျောင်းက တိတ်ဆိတ်နေသဖြင့် ကျောင်းပေါ်သို့ တက်ရောက်ကြည့်ရှုရာ ရဟန်းတစ်ပါး တရားထိုင် နေသည်ကို တွေ့ရသဖြင့် ဦးချရှိခိုးပြီး ခေတ္တထိုင်ကာ ကျောင်းမှ ပြန်ဆင်းလာခဲ့သည်။ တိတ်ဆိတ်အေးချမ်းသဖြင့် တရားဘာဝနာပွားများလိုစိတ်ဖြစ်ပေါ်စေသည့် နေရာပင်ဖြစ်သည်။

တောင်ကုန်းအမြင့်တွင် တည်ရှိနေသော ဘုန်းတော်ကြီးကျောင်းက စေတီတန်ဆောင်းများဖြင့် ပြည့်ပြည့်စုံစုံတည်ရှိနေသဖြင့် ဒေသခံတို့၏ အလှူအတန်းပြုမှုကို အသိအမှတ်ပြုစိတ်ဖြစ်ရသည်။ ကျိုက်ထီးရိုးစေတီပုံစံ ဘုရားတစ်ဆူကိုလည်း ရွှေရောင်ဝင်းစွာ ဖူးတွေ့ရသလို ပတ်ဝန်းကျင်ရှေ့နောက်ဝဲယာကို လှမ်းမျှော်ကြည့်လိုက်ရာ အင်းလေးကန်ရေပြင်၊ ဖောင်တော်ဦးစေတီတို့ကို လှမ်းမြင်ရသဖြင့် မြင်ကွင်းက စိတ်ကြည်နူးစရာပင်။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းမှ ပြန်လာခဲ့ကြပြီး မိုင်းသောက်ရွာအတွင်း လိုက်လံကြည့်ရှုခဲ့ကြသည်။ မိုင်းသောက်ရွာက ရေထဲတစ်ဝက်၊ ကုန်းမြေပေါ်တစ်ဝက်တည်ဆောက်ထားသည့်ရွာဖြစ်ရာ ထူးခြားသည့် နေအိမ်အများစုမှာ ခြေတံရှည်အိမ်များဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းအချို့ကိုလည်း တွေ့ရသည်။ ရှမ်းလူမျိုးအများဆုံး နေထိုင်ပြီး အင်းသားနှင့် မြန်မာအချို့လည်း နေထိုင်ကြကြောင်း သိရသည်။

မိုင်းသောက်ရွာတွင် သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားသော စားသောက်ဆိုင်အချို့လည်းရှိရာ ခရီးသွားဧည့်သည်များလာရောက်စားသောက်ကြသည်ဟု ဆိုသည်။ မိုးသောက်ရွာသို့ ပွင့်လင်းရာသီတွင် အင်းလေးကန်ဘက်မှ စက်လှေစီးပြီး ရေလမ်းခရီးဖြင့် ကမ္ဘာလှည့်ခရီးသည်များလာရောက်ကြသလို ညောင်ရွှေမြို့ဘက်မှလည်း ကား၊ စက်ဘီး၊ ဆိုင်ကယ်များ စီးကာ ကုန်းလမ်းခရီးဖြင့် အလည်လာရောက်သူများရှိကြောင်း သိရသည်။ ခရီးသွားများက မိုင်းသောက်တံတားပေါ် လမ်းလျှောက်ကြ၊ ဓာတ်ပုံရိုက်ကြ၊ ပတ်ဝန်းကျင်လှေ့လာကြစသည်ဖြင့် အပန်းဖြေကြသည်။

ကျွန်တော်တို့ မိုင်းသောက်ရွာအတွင်း လိုက်လံကြည့်ရှုပြီးနောက် မိုင်းသောက်တံတားပေါ်မှ နောက်တစ်ကြိမ်ဖြတ်လျှောက်ကြပြန်သည်။ ရှမ်းတောင်တန်း နောက်ခံဖြင့် လက်ရာမြောက် ပန်းချီကားတစ်ချပ်လို ဆွဲဆောင်မှုရှိလှသည့် မိုင်းသောက်တံတားပေါ်မှ ပြန်ဆင်းရန်ပင် နောက်ဆံတင်းနေမိသည်က အမှန်ပင်။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အာဆီယံတွင် အိမ်အကူအလုပ်သမားများ သင့်တော်သည့်အလုပ်အကိုင်ရရှိရေးကြိုးပမ်းကြမည့် တစ်နှစ်တာ

ခင်ရတနာ

အာဆီယံနိုင်ငံများရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စ၊ ၎င်းတို့၏ ဘဝမြင့်မားရေးနှင့် အလုပ်သမားအခွင့်အရေးများအပြည့်အဝရရှိရေးကို အာဆီယံနိုင်ငံများ၏ အကြီးအကဲများ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်များက နှစ်စဉ်စုပေါင်းအဖြေရှာကာ အကြံဉာဏ်များရယူခြင်း၊ ရရှိလာသည့် အကြံဉာဏ်ကောင်းများကို သုံးစွဲခြင်း၊ သဘောတူညီချက်များချမှတ်ကာ ဝိုင်းဝန်းအဖြေရှာခြင်းများကို ပြုလုပ်ခဲ့သည်မှာ လာမည့် အောက်တိုဘာလတွင် ကျင်းပမည့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်သည် ဒသမအကြိမ်မြောက်ခဲ့ပြီ ဖြစ်သည်။

ယခုနှစ်တွင် အာဆီယံနိုင်ငံများမှ အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များသည် အာဆီယံတွင် အိမ်အကူလုပ်သားများအတွက် သင့်တော်ကောင်းမွန်သည့်အလုပ်အကိုင်ရရှိရေးအကြောင်းကို ကျယ်ပြန့်စွာ ဆွေးနွေးသွားကြမည်ဖြစ်ပြီး ရွှေ့ပြောင်းအိမ်အကူလုပ်သားများအား ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတကာနှင့် အမျိုးသားစံချိန်စံညွှန်းများ၊ မူဝါဒများနှင့် ပံ့ပိုးဝန်ဆောင်မှုများကို အကောင်အထည်ဖော်ကြမည့် ဖိုရမ်တစ်ခုလည်း ဖြစ်လာပေလိမ့်မည်။

ထို့အပြင် အိမ်အကူအလုပ်ကို အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုရန်နှင့် အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် မူဝါဒများ၊ လက်တွေ့ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တက်ရောက်ပါဝင်သူများက ဆွေးနွေးပေးကြရန်ရှိသည်။

အိမ်အကူအလုပ်သည် အလုပ်အကိုင်တစ်ခုပင်ဖြစ်သည်။ အိမ်အကူအလုပ်သမားများကို အိမ်အကူ၊ အိမ်ဖော်၊ အိမ်ထိန်းစသည်ဖြင့် အမည်အမျိုးမျိုးခေါ်ဝေါ်ကြသည်။ အိမ်အကူများသည် ကျွန်ကဲ့သို့ အစေမှုခိုင်းစေခံရသူများ မဖြစ်စေရဘဲ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးသည် တရားမျှတပြီး သင့်တော်ကောင်းမွန်သည့် ဆက်ဆံရေးရှိသော အခြေအနေဖြစ်လာစေရန် အားလုံးပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါသည်။ ILO ၏ အိမ်အကူ အလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၁ အမှတ် ၁၈၉တွင် အိမ်အကူ အလုပ်သမားများသည် အခြားယေဘုယျအလုပ်သမားများနှင့် တန်းတူ တူညီသောဆက်ဆံမှုကို ခံစားပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

**အာဆီယံတွင် အိမ်အကူလုပ်သားလိုအပ်လာခြင်း**

စင်ကာပူနိုင်ငံရှိ အိမ်ထောင်စုငါးစုတွင် တစ်စုသည် အိမ်အကူအလုပ်သမားများကို ငှားရမ်းထားရှိကြသည်။ အသက် ၇၅နှစ်အထက်ရှိသူ၏ ၅၀ ရာခိုင်နှုန်းသည် နေ့စဉ်ပြုစုစောင့်ရှောက်မှုအတွက် အိမ်အကူအလုပ်သမားများအပါအဝင် ရွှေ့ပြောင်းလုပ်သားများအပေါ် မှီခိုနေကြရသည်။ အသက်အရွယ်ကြီးရင့်သည့် လူကြီးဦးရေ တိုးပွားလာမှု၊ သေဆုံးမှုနှုန်းနိမ့်ကျလာမှု၊ အမျိုးသမီးအရေအတွက် တိုးပွားမှုနှင့် မိသားစုဝင်များ စုပေါင်းနေထိုင်သည့် အိမ်ထောင်စုများအရေအတွက် လျော့နည်းလာမှုတို့ကြောင့် မိသားစုဝင်များအတွက် အလုံးစုံပံ့ပိုးပေးနိုင်သည့် ဝန်ဆောင်မှုများကို စင်ကာပူအပါအဝင် အာဆီယံရှိဖွံ့ဖြိုးနေသော နိုင်ငံအများစုတွင် လိုအပ်လျက်ရှိသည်။

ထိုလိုအပ်ချက်များကို ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများဖြင့် အတိုင်းအတာ တစ်ခုအထိ ဖြည့်ဆည်းပေးထားသည်။ သို့သော် လိုအပ်ချက်ရှိသူတိုင်းအနေဖြင့် ပြုစုစောင့်ရှောက်သူ သို့မဟုတ် အိမ်အကူလုပ်သားများကို အလုပ်ခန့်ထားရန် အရင်းအမြစ်များ အလုံအလောက်မရှိသည်ကို တွေ့ရပြီး နိုင်ငံအနေဖြင့် အထောက်အပံ့ပြုသည့် ဝန်ဆောင်မှုများကို တိုးတက်အောင်လုပ်ဆောင်ခြင်းမရှိပါက အိမ်အကူများအပေါ် ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်သည့် အနေအထားကို မြင်တွေ့ရသည်။

**အိမ်အကူများ၏ အခက်အခဲများ**

အိမ်အကူများသည် ကာကွယ်စောင့်ရှောက်မှုအပိုင်းတွင် အားနည်းစွာရရှိနေကြရပြီး အိမ်အကူအများစုသည် အလုပ်သမားရေးရာနှင့် လူမှုကာကွယ်စောင့်ရှောက်မှု မရှိခြင်း၊ သီးခြားသို့မဟုတ် တစ်ဦးတည်း လုပ်ကိုင်ရခြင်း၊ လုပ်သားစုဆောင်းသူများ အပေါ်တွင် အားကိုးမှီခိုနေကြရခြင်း၊ အလုပ်ရှင်နှင့် ချည်နှောင်ထားသည့် ဗီဇာများကြောင့် ရွေးချယ်လုပ်ကိုင်ခွင့်မရခြင်း၊ ခေါင်းပုံဖြတ်သည့် လုပ်ငန်းခွင်မှ ထွက်ခွာရန် လွတ်မြောက်မှုအခွင့်အလမ်းနည်းပါးခြင်းများကို ကြုံတွေ့နေကြရပြီး မိမိကိုယ်ကိုယ်



အဆုံးစီရင်မိသည်အထိ စိတ်ဓာတ်ကျဆင်းမှုများကို မြင်တွေ့နေကြရသည်။

လက်ရှိအခြေအနေကို သုံးသပ်ရပါက အာဆီယံရှိ မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများတွင် အိမ်အကူလုပ်ငန်းကို နှိမ့်ချဆက်ဆံခြင်းများရှိနေသည်ကို မြင်တွေ့ရပြီး အိမ်အကူလုပ်သားများနှင့် အလုပ်ရှင်များအကြား လုပ်ပိုင်ခွင့်မညီမျှမှုကို တွေ့မြင်ရသည်။ သတင်းအချက်အလက်အားဖြင့်လည်း ရရှိနိုင်ခွင့်ကို အိမ်အကူများ မခံစားရဘဲ အလုပ်ရှင်များကိုယ်တိုင်သည်လည်း သက်ဆိုင်ရာဥပဒေများ၊ အလုပ်သမား အခွင့်အရေးများကို အိမ်အကူများနှင့်အတူ မသိရှိကြသေးသည်ကို မြင်တွေ့ရသည်။ ထို့ကြောင့် စုပေါင်းကာစည်းရုံးသင်းဖွဲ့မှုများ လုပ်ဆောင်ပေးသင့်ပြီး အိမ်အကူအလုပ်သမားများအတွက် အလုပ်သမားရေးရာနှင့် လူမှုကာကွယ်စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်စေရန် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်နေပြီဖြစ်သည်။

**ထိုင်းနှင့်မလေးရှားနိုင်ငံတို့ရှိ အိမ်အကူများ၏ အနေအထား**

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်၏ သုတေသနပြုချက်များအရ ၂၀၁၆ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင်ရှိသော ရွှေ့ပြောင်းအလုပ်သမား အိမ်အကူများ၏ ၉၃ရာခိုင်နှုန်းတွင် စာဖြင့်ရေးသားထားသည့် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီမှု စာချုပ်များ မရှိကြကြောင်း သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံတွင် ပျမ်းမျှလုပ်ချိန်မှာ တစ်ရက်လျှင် ၁၂ နာရီနှင့် မလေးရှားနိုင်ငံတွင် ၁၄ နာရီဝန်းကျင်အလုပ်လုပ်ကိုင်နေကြရသည်။ အိမ်အကူ အလုပ်သမားဦးရေ၏ လေးပုံတစ်ပုံသည် ၎င်းတို့ အလုပ်ရှင်များ၏ နားနေချိန်အတွင်း လိုအပ်၍ အလုပ်ရှင်ကနှိုး၍ ခိုင်းစေခြင်းများကို ပြုလုပ်ပေးနေကြရသည်။ အရေးပေါ် အခြေအနေများအတွက် အရန်သင့်ရှိပေးနေကြရပြီး ယင်းအတွက် အချိန်ပိုလုပ်အားခ ဆိုသည်မှာလည်း မရရှိသူက များပြားနေကြသည်။

အိမ်အကူအလုပ်သမားအားလုံး၏ ထက်ဝက်အောက်ရှိသည့် ၄၀ရာခိုင်နှုန်း ကသာလစာဖြင့် တစ်ပတ်တစ်ရက် နားရက်ခံစားခွင့်ကို ရရှိထားကြသည်ကို မြင်တွေ့ရသည်။ အလုပ်ရှင်များကလည်း အိမ်အကူလုပ်သားများသည် အလုပ်သိပ်မလုပ်ကြရသူများ၊ လွယ်ကူသည့်အလုပ်ကိုလုပ်နေသူများဟု တွေးထင်ထားကြသည်ကိုလည်း ဝမ်းနည်းဖွယ်တွေ့ရှိရသည်။

**အိမ်အကူအလုပ်သည် အလုပ်အကိုင်တစ်ခုပင်ဖြစ်သည်။ အိမ်အကူအလုပ်သမားများကို အိမ်အကူ၊ အိမ်ဖော်၊ အိမ်ထိန်းစသည်ဖြင့် အမည်အမျိုးမျိုးခေါ်ဝေါ်ကြသည်။ အိမ်အကူများသည် ကျွန်ကဲ့သို့ အစေမှုခိုင်းစေခံရသူများ မဖြစ်စေရဘဲ အလုပ်ရှင်နှင့် အလုပ်သမားအကြားဆက်ဆံရေးသည် တရားမျှတပြီး သင့်တော်ကောင်းမွန်သည့် ဆက်ဆံရေးရှိသော အခြေအနေဖြစ်လာစေရန် အားလုံးပူးပေါင်းပါဝင်ကြရမည်ဖြစ်**

**အိမ်အကူ၏နိုင်ငံတကာအခွင့်အရေးများ**

အိမ်အကူလုပ်ငန်းဆိုသည်မှာ အိမ်ထောင်စုတစ်စုတွင်သော်လည်းကောင်း သို့မဟုတ် အိမ်ထောင်စုများအတွက် သော်လည်းကောင်း လုပ်ကိုင်ပေးရသည့် အလုပ်အကိုင်ဖြစ်ကြောင်း၊ အိမ်အကူအလုပ်သမားဆိုသည်မှာ အလုပ်ခန့်ထားမှုဆိုင်ရာ အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးတစ်ခုအတွင်းရှိ အိမ်အကူလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သူမည်သူ့ကိုမဆို ခေါ်ဝေါ်ကြရမည်ဖြစ်ကြောင်း ၂၀၁၁ခုနှစ်က ပြဋ္ဌာန်းထားသည့် အိမ်အကူအလုပ်သမားများအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ ပြဋ္ဌာန်းချက် (ILO) တွင် ဖော်ပြထားသည်။

အိမ်အကူများသည် အခြားအလုပ်သမားများနှင့်တန်းတူ ယေဘုယျတန်းတူ ညီမျှသည့် အလုပ်ချိန်များ၊ လုပ်ခလစာများရရှိကြရမည်ဖြစ်သည်။ အနည်းဆုံး အခကြေးငွေ၊ အချိန်ပိုကြေးများနှင့် အနည်းဆုံးတစ်ပတ်လျှင် ၂၄ နာရီတစ်ဆက်တည်းအနားယူခွင့်၊ လစာခံစားခွင့်ဖြင့် နှစ်ပတ်လည်ခွင့်၊ အလုပ်အကိုင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းသည့်သတင်းအချက်အလက်များ၊ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ စုပေါင်းဆွေးနွေးညှိနှိုင်းခွင့်အပါအဝင်လုပ်ငန်းခွင်အခြေခံသဘောတရားများနှင့် အခွင့်အရေးများကို သိရှိလေးစားလိုက်နာကြရန် ပညာပေးလုပ်ငန်းများ ပိုမိုလိုအပ်နေပြီဖြစ်သည်။ ထို့အပြင် မီးဖွားခွင့် ကာကွယ်စောင့်ရှောက်မှုအပါအဝင် အလုပ်သမားများတန်းတူအကျိုးခံစားခွင့်ရရှိစေရမည်ဟု ILO ပြဋ္ဌာန်းချက် ၂၀၁၁၊ အမှတ် ၁၈၉ နှင့် အကြံပြုတိုက်တွန်းချက် ၂၀၁ တွင် ဖော်ပြထားသည်။

**ဆိုက်ရောက်နိုင်ငံများတွင် အိမ်အကူများအတွက် ဥပဒေများရှိပြီးဖြစ်**

လက်ရှိစင်ကာပူနိုင်ငံ၏ ဥပဒေများအရ အိမ်အကူအလုပ်သမားများသည် တစ်ပတ်လျှင် တစ်ရက်ခန့်နားရက်သတ်မှတ်ရယူနိုင်ပြီး၊ ရွှေ့ပြောင်းအိမ်အကူလုပ်သားများ တည်းခိုသည့်နေရာများကို စစ်ဆေးပေးခြင်း၊ ဆေးဝါးကုသမှုကုန်ကျစရိတ်အားလုံး အပြည့်အဝရရှိခြင်းများကို ဥပဒေများသတ်မှတ်ကာဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံတွင်လည်း အိမ်အကူများကို တစ်ပတ်လျှင်နားရက်တစ်ရက်ပေးနိုင်ရန် ဥပဒေများနှင့် မူဝါဒများချမှတ်ထားပြီး အများပြည်သူရုံးပိတ်ရက်များတွင် နားပိုင်ခွင့်၊ လစာဖြင့်ရက်၃၀ နာမကျန်းခွင့်၊ အသုံးမပြုခဲ့သည့် ခွင့်ရက်များအတွက် ငွေပေးချေမှု၊ အားလပ်ရက်အတွက် အချိန်ပို၊ အလုပ်သမားနစ်နာမှုအတွက် လျော်ကြေးများခံစားခွင့်ရရှိရန် သတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

ဟောင်ကောင်တွင် အထွေထွေအလုပ်သမားရေးရာဥပဒေများအတွင်း ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများကို ထည့်သွင်းထားပြီး တန်းတူညီမျှသည့် ဆက်ဆံမှု၊ အလုပ်သမားဖွဲ့စည်းခွင့်အပါအဝင် အခမဲ့အစားအစာ၊ နေရာထိုင်ခင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ကိုလည်း လုပ်ဆောင်ပေးနေသည်ဟု သိရှိရသည်။

*စာမျက်နှာ ၂၁ သို့*

# ဂန္ဓလရာဇ်စိနတိုင်းသွားတောလားနှင့် အတွေးအမြင်များ အပိုင်း(၁)

## မောင်မောင်ထွေး

ဂန္ဓလရာဇ်စိနတိုင်းသို့ တတိယအကြိမ်မြောက် သွားရောက်မည့်ယခုခရီးစဉ်ကအဖော်မပါ တစ်ကိုယ်တည်းမို့ စိတ်အားကတော့ဖြင့် ငယ်ချင်ချင်/ခရီးစဉ်ကလည်း ရက်သတ္တပတ်နှစ်ပတ်ကြာမြင့်ပေမည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ဂုဏ်ရောင်ထွန်းပြောင်စွာပါဝင်ခဲ့သည့် People's Daily (ပြည်သူ့နေ့စဉ်) သတင်းစာကြီး၏စီစဉ်မှုဖြင့်ကျင်းပမည့် ၂၀၁၇ Media Cooperation Forum on Belt & Road သို့ တက်ရောက်ရန်ဖြစ်သည်။

စက်တင်ဘာ ၈ ရက် ညပိုင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကျွန်တော်ရောက်တော့ခရီးသည်များနားနေခန်းမတွင် မမျှော်လင့်ဘဲ တစ်ချိန်က ကျွန်တော်တို့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင်အထွေထွေမန်နေဂျာ တာဝန်ထမ်းဆောင်ခဲ့သူဦးဝင်းတင် (သီဟအောင်) ကို တွေ့လိုက်ရပြီး ခရီးစဉ်ချင်းအတူတူဖြစ်နေ၍ ကျွန်တော့်မှာများစွာအားရဝမ်းသာဖြစ်ရသည်။ ခရီးစဉ်တစ်လျှောက်လုံး၌လည်း ဖေးမကူညီပေး၍ ကျေးဇူးအထူးတင်ရပါသည်။

ဆရာဦးဝင်းတင်သည်လက်ရှိအချိန်တွင် NORTHERN LIGHT အပတ်စဉ်ဂျာနယ်ကိုကိုယ်တိုင်ထုတ်ဝေရုံမကစာတည်းမှူးချုပ်တာဝန်ပါထမ်းဆောင်နေသူဖြစ်၍ပြည်သူ့နေ့စဉ်သတင်းစာကြီးက အထူးဖိတ်မန္တကပြုထားခြင်းဖြစ်ကြောင်း သိရသည်။

သို့နှင့်ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးသည် ည ၁၂ နာရီခန့်တွင် CA-906 ခရီးစဉ်လေယာဉ်နှင့် ထွက်ခွာခဲ့ကြရာ ပေကျင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲခန့်တွင် ရောက်ရှိကြသည်။ ပေကျင်းလေဆိပ်ကြီးက အတော်ကြီးမားကျယ်ပြန့်ခံ့ညားထည်ဝါလှသည်။ ခရီးဆောင်အိတ်များ ရွေးယူဖို့လေဆိပ်အတွင်း ရထားတစ်ဆင့်စီးရသည်။

လေဆိပ်တွင်ပြည်သူ့နေ့စဉ်သတင်းစာကြီးမှ တာဝန်ရှိသူများက လာရောက်ကြိုဆိုကြသည်။ ကျွန်တော်တို့အဖွဲ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသာမက ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် နီပေါနိုင်ငံများမှ မီဒီယာအဖွဲ့ဝင်များလည်း ပါဝင်၍ စုစုပေါင်း ၂၇ ဦးဖြစ်လေသည်။

စက်တင်ဘာ၁၀ရက်မှစတင်၍ ကျွန်တော်တို့ မီဒီယာအဖွဲ့ကိုပေကျင်းရှိ Tsinghua တက္ကသိုလ် PBC School of Finance တွင်စက်တင်ဘာ၁၃ ရက်အထိ လေးရက်တိုင်တိုင် နံနက် ၈နာရီမှ ညနေ ၅နာရီခွဲ တစ်ခါတစ်ရံ ည ၈ နာရီအထိ ပါမောက္ခကြီးများ၊ စီးပွားရေးနှင့်ဆက်စပ်နီးနွယ်သော ဌာနများမှ အရာရှိကြီးများက ဟောပြောပို့ချပါတော့သည်။

ဘာသာရပ်ဆိုင်ရာများကတော့ အမျိုးစုံလင်ပင်၊ Belt & Road Initiative နှင့်ဆက်စပ်သည့် စီးပွားရေးဆိုင်ရာ ဘာသာရပ်များသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ RMB ယွမ်ငွေကြေးဆိုင်ရာများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ နိုင်ငံတကာစီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ အကောင်းမြင် ရှုမြင်သုံးသပ်ချက်များ၊ ယဉ်ကျေးမှုဓလေ့ရိုးရာများပါမကျန်အောင်ပင်။

ကျွန်တော်တို့မှာ အသက်ကြီးပါမှခေါင်းလောင်းသံချိုမြမြကို ပြန်လည်ကြားခွင့်ရတော့သည်။ ရိုးသားစွာဝန်ခံရလျှင် နားမလည်သည်က ပိုများပါသည်။ သို့သော်ဗြောသင်ခန်းစာပို့ချချက် ဘာသာရပ်ဆိုင်ရာများကို စာရွက်စာတမ်းများဖြင့် ကြိုတင်ဝေငှပေးထား၍ တော်ပါသေးသည်။ တစ်ခါတစ်ရံခေါင်းပူလာလျှင်ကျောင်းခန်းအပြင်ခဏထွက်၍ အချိန်မရွေးစားသောက်နိုင်ရန်အသင့်တည်ခင်းထားသော ကော်ဖီ၊ မုန့်နှင့်သစ်သီးများကိုစားလိုက်၊ ဆေးလိပ်ထွက်ဖွာလိုက်လုပ်ရပါသည်။

တစ်ခါက ကတ်သီးကတ်သတ်အတွေးတစ်ခုကလည်း ခေါင်းထဲဝင်ရောက်လာသည်။ ၁၉၆၀ ခုနှစ်နှင့် ၇၀ ကျော်ကာလက ဗမာပြည်ကွန်မြူနစ်ပါတီမှ ခေါင်းကိုင်ဆရာကြီးများက ဂန္ဓလရာဇ်တွင် ကွန်မြူနစ်အိုင်ဒီအိုလိုဂျီများ သွားရောက်သင်ယူပြီး ပေကျင်းပြန်အဖြစ်ပါတီအတွင်း တန်ခိုးထွားခဲ့သည်များကိုပြန်လည်တွေးမိရင်း "ဩော် ငါလည်းအခုပေကျင်းပြန်ပါပဲ" ဟု ပြုံးမိပါသေးသည်။

သို့တစေ ပစ္စက္ခတွင်မူ ပေကျင်းသည် ကွန်မြူနစ်အိုင်ဒီအိုလိုဂျီများအစား ဈေးကွက်စီးပွားရေး နည်းနာနိသယများကိုပို့ချနေပါရောလား။ အမှန်တကယ်လည်း အာသာငမ်းငမ်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်နေ၍ တစ်နိုင်ငံလုံးအကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်၍ နေပါသည်။

သို့စေကာမူ ပေကျင်းသည် အသစ်သစ်သော ဈေးကွက်စီးပွားရေးအိုင်ဒီအိုလိုဂျီများကို ဆက်လက်ကြံဆကြိုးပမ်းဆောင်ရွက်နေဆဲပဲရှိပါသည်။ ယင်းတို့အနက်Belt & Road Initiative က ပစ္စက္ခကမ္ဘာ့အသိုက်အဝန်းကြားတွင် အထူးရေပန်းစားနေသည့် စီမံကိန်းဖြစ်လာသည်။ ယူရေးရှား (ဥရောပ-အာရှ) နှင့် အာဖရိကတစ်လွှားမှ နိုင်ငံများနှင့် ချိတ်ဆက်၍ အဆိုပါနိုင်ငံများအတွင်း လိုအပ်သည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို ရင်းနှီးမြှုပ်နှံသွားမည့်ပေကျင်း၏ ရည်မှန်းချက်အကြီးမားဆုံးမဟာစီမံချက်လည်း ဖြစ်သည်။

စီမံကိန်းဖြတ်သန်းရာနိုင်ငံများ၏ စီးပွားရေးစည်ပင်ဝပြောမှုနှင့် ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းစေရုံမက မတူညီသောယဉ်ကျေးမှုများကို ဖလှယ်ရင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်းဖြစ်ကြောင်းလည်း ပေကျင်းက ဆိုပါသည်။

အဆိုပါ မဟာစီမံကိန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီးမစ္စတာရှီကျင့်ဖျင်က ၂၀၁၃ ခုနှစ်က ကမ္ဘာသိစတင်ကြေညာခဲ့ခြင်းဖြစ်သည်။

ဒေသတွင်း အစဉ်အလာပြိုင်ဘက်နိုင်ငံအချို့နှင့်အားပြိုင်မှုများရှိသော်လည်း Belt & Road စီမံကိန်းသည် "ပြောင်းလဲဖို့ရာပေါင်းစည်းပါ၊ ကမ္ဘာနီးဝေးထိတွေ့ပေး" ဆိုသည့် ဆောင်ပုဒ်နှင့် အညီဘုံအကျိုးစီးပွားရပ်တည်ချက်ချင်းတူညီကြသည့်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အတော်ခရီးရောက်နေသည်ကို တွေ့မြင်ရပေသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံနှင့် ဥရောပအကြားအကြိမ်တစ်ထောင်မြောက်ကုန်ရထားခရီးစဉ်များကို ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဗြိတိန်၊ ချက်၊ ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်၊ ပိုလန်နိုင်ငံများသို့လည်းရထားလမ်းကွန်ရက်များကို ချိတ်ဆက်ထားကြောင်း သိရသည်။

အာရှတိုက်အတွင်းချိတ်ဆက်သွားမည့်စီမံကိန်းများလည်းပါဝင်ပါသည်။ မြန်မာနိုင်ငံသည်လည်း Belt & Road စီမံကိန်း၏ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ(BCIM Economic Corridor )စီမံချက်တွင်တစ်စိတ်တစ်ပိုင်းပါဝင်နေပါသည်။

သို့ဖြစ်၍ ယခုနှစ်မီဒီယာဖိုရမ်တွင် ကျွန်တော်တို့ ဒေသတွင်း အာဆီယံနိုင်ငံများသာမကတောင်အာရှရှိပါကစ္စတန်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများကိုပါ အထူးတလည်ကြိုတင်ဖိတ်ခေါ်၍ စီမံကိန်းနှင့်ဆက်စပ်သည့် ဘာသာရပ်အလိုက်ဟောပြောပို့ချပေးခြင်း၊ စိနတိုင်း၏ နည်းပညာမြင့်ကုမ္ပဏီကြီးများနှင့် ခရီးသွားလုပ်ငန်းတွင် အထူးအရေးပါသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့ ဦးစွာလေ့လာစေခြင်းဖြစ်ပါလိမ့်မည်။

အခြားကမ္ဘာ့နိုင်ငံများမှ မီဒီယာအဖွဲ့များမှာမူ ကျွန်တော်တို့ကဲ့သို့ ရက်သတ္တပတ်နှစ်ပတ်မကြာမြင့်ဘဲမီဒီယာဖိုရမ်နှင့် ပြည်သူ့ခန်းမရှိ Grand Hall တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံခြင်းအစီအစဉ်တို့ကိုသာ အဓိကထားစီစဉ်ထားကြောင်း သိရသည်။

စက်တင်ဘာ ၁၄ ရက်နံနက်တွင်မူ ကျွန်တော်တို့ မီဒီယာအဖွဲ့၏ လေ့လာရေးခရီးစဉ်စတင်ပါတော့သည်။ နေရာကတော့စိနတိုင်း၏အနောက်ဘက် Gansu ပြည်နယ်ရှိ Baiyin City နှင့်ပြည်နယ်၏မြို့တော် Lanzhou မြို့။ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ China Eastern လေကြောင်းလိုင်းလေယာဉ်ဖြင့်Baiyin မြို့သို့ တစ်နာရီခွဲနီးပါးခန့်သာ စီးရပါသည်။

သို့သော်ငြား ကျွန်တော့်မှာ စိတ်စောနေမိသည်။ Baiyin မြို့နှင့် Lanzhou မြို့တွင် နာမည်ကျော် Yellow River ခေါ် မြစ်ဝါမြစ်က စောင့်ကြိုနေ၍ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ပေကျင်းမြို့ရှုခင်း



ပေကျင်းမြို့ လမ်းမကြီးပေါ်တွင် ဥဒဟိုသွားလာနေကြသည့် မော်တော်ယာဉ်များနှင့်ပြည်သူများ

---

*စာမျက်နှာ ၂၀ မှ*

**အခြားနိုင်ငံများရှိ အိမ်အကူအလုပ်သမားများအားကာကွယ်စောင့်ရှောက်မှု**

ILO ၏ ထုတ်ပြန်မှုများအရ ဥရုကွေးနိုင်ငံ၌ ၂၀၀၆ ခုနှစ်မှစ၍ ရွှေ့ပြောင်းအိမ်အကူလုပ်သားများသည် နိုင်ငံသားအိမ်အကူအလုပ်သမားများကဲ့သို့ တန်းတူအခွင့်အရေးများ စတင်ခံစားခွင့်ရှိခဲ့သည်။ ထို့အပြင် တောင်အာဖရိကတွင် အလုပ်ချိန်တစ်ပတ် ငါးရက်ဖြစ်ပါက တစ်ရက် ၉နာရီ၊ တစ်ပတ် ငါးရက်ကျော်ပါက တစ်ရက်ရှစ်နာရီ တစ်ပတ်အများဆုံးအလုပ်ချိန် ၄၅နာရီအဖြစ် အိမ်အကူအလုပ်သမားများကို ကန့်သတ်ပေးထားသည်ကို မြင်တွေ့ရသည်။ ထို့အပြင်လစာဖြင့် နှစ်ပတ်လည်အနားယူခွင့်ကို သုံးပတ်အထိပေးထားပြီး၊ ကိုယ်ဝန်ရှိသည့် အလုပ်သမားအား အလုပ်ရှင်သည် အလုပ်မှထုတ်ပယ်ခြင်းကို တရားမျှတမှုမရှိဟု သတ်မှတ်ထားသည်။

ဘရာဇီးနိုင်ငံတွင်လည်း ကိုယ်ဝန်ရှိသည့် အိမ်အကူအလုပ်သမားသည် ကလေးမွေးဖွားပြီး ငါးလတိုင်အကြောင်းကိစ္စတစ်စုံတစ်ရာမရှိဘဲ အလုပ်မှ ထုတ်ပယ်ခြင်းကို တားမြစ်ထားပြီး ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံတို့တွင် အပတ်စဉ် အလုပ်ချိန် နာရီကို ၄၈ နာရီသို့ ကန့်သတ်ပေးထားသည်။ ထို့ကြောင့် ပုံမှန်အလုပ်ချိန်နှင့် အချိန်ပိုနှစ်ခုပေါင်းသည် ၄၈ နာရီသာရှိကြောင်း သိရသည်။ ကနေဒါနိုင်ငံတွင်လည်း Livein Caregiver အစီအစဉ်တွင် အမြဲတမ်းနေထိုင်ခွင့်အတွက် လမ်းကြောင်းအခွင့်အရေးများကို အိမ်အကူလုပ်သမားများခံစားခွင့်ရှိသည်ကို မြင်တွေ့ရသည်။

**အိမ်အကူအလုပ်သမားများရွှေ့ပြောင်းသွားလာခွင့်အကြောင်း**

အမျိုးသမီးရွှေ့ပြောင်းသွားလာသူများ ရွှေ့ပြောင်းသွားလာခြင်းကို တားမြစ်ပိတ်ပင်ရန် ဆောင်ရွက်ချက်များနှင့်အတူ အိမ်အကူအလုပ်သမားများအား ရွှေ့ပြောင်းသွားလာခြင်းကို ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့က တားမြစ်ပိတ်ပင်ခဲ့သည်။ သို့သော် တားမြစ်ထားသော်လည်း ပြည်ပနိုင်ငံများသို့ အခြားအကြောင်းအမျိုးမျိုးပြကာ သွားရောက်လုပ်ကိုင်နေကြသည့် အိမ်အကူလုပ်သားများကို တားဆီးထိန်းချုပ်နိုင်ခြင်းမရှိဘဲ အိမ်အကူလုပ်သားများ တရားမဝင်သွားရောက်မှု၏ နောက်ဆက်တွဲအကျိုးဆက်များအပေါ် ထိန်းသိမ်းကာကွယ်ပေးရန် ခက်ခဲနေသည်ကိုလည်း မြင်တွေ့ရသည်။

ရွှေ့ပြောင်းသွားလာသူများအား တားမြစ်ပိတ်ပင်ခြင်းဖြင့် ရည်ရွယ်သည့် ကာကွယ်စောင့်ရှောက်မှုအတွက် အဖြေမဟုတ်သည်ကို မြင်တွေ့လာကြရသည်။ အမျိုးသမီးများသည် တစ်နည်းနည်းဖြင့် ရွှေ့ပြောင်းသွားလာနေကြသည်။ ပုံမှန်မဟုတ်သည့် လမ်းကြောင်းများမှ သွားလာခြင်းကြောင့် ကုန်ကျစရိတ်များပြားခြင်း၊ လုံခြုံမှု မရှိခြင်းတို့ကြောင့် ဘဝဆုံးရှုံးသည်အထိ ဖြစ်ပေါ်နေကြသည်ကိုလည်း မြင်တွေ့နေရသည်။ ယခုနောက်ပိုင်းတွင် တရားဝင်မဟုတ်သည့် လမ်းကြောင်းမှ သွားလာလုပ်ကိုင်သူများသည် လုပ်ငန်းအတွက် ကြိုတင်သင်ကြားမှု မရရှိခြင်း၊ တိုင်တန်းမှုယန္တရားများကို အသုံးပြုရန် ခက်ခဲခြင်း၊ အကူအညီအထောက်အပံ့များ မရရှိခြင်းတို့ကို ကြုံတွေ့နေကြရသည်။

**ကောင်းမွန်သည့် ကျင့်သုံးဆောင်ရွက်မှုများ**

ထို့ကြောင့် အိမ်အကူအလုပ်သမားများအတွက် လုံခြုံစိတ်ချရပြီး တရားမျှတမှုရှိသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်နိုင်ရေး၊ အလုပ်ရှင်အလုပ်သမားသဘောတူညီချက်စာချုပ်များချုပ်ဆိုနိုင်ရေး၊ ဘာသာစကားနှင့် အခြားလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများတက်ရောက်နိုင်ရေး၊ တရားဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဖြစ်ရေးနှင့် အလုပ်ရရှိမှုအတွက် ဝန်ဆောင်ခသက်သာစေရေးနှင့် အခြားအလုပ်သမားအခွင့်အရေးများရရှိရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းမြှင့်တင်ရန်နှင့် အလုပ်အမျိုးအစားများထဲမှတစ်မျိုးအဖြစ်ရှုမြင်ကာ ကူညီစောင့်ရှောက်ပေးရန်မှာ အားလုံးတွင် တာဝန်ရှိပါကြောင်း။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၀-၉-၂၀၁၇ ရက်နေ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကိုသင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါကအောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါကနိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

PadamyarFM
Radio Station




ပတ္တမြား FM ကို (၈) နှစ်တိုင်တိုင်
စဉ်ဆက်မပြတ် နှစ်ခြိုက်စွာအားပေးကြသော အနယ်နယ်အရပ်ရပ်မှ ပရိသတ်များ
ကြော်ငြာထည့်သွင်းကြပါသော စီးပွားရေးလုပ်ငန်းရှင်များ၊ အသံပညာရှင်၊ အတတ်ပညာရှင်များ
အနုပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ အောင်မြင်တိုးတက်မှုများကို
နောင်နှစ်ပေါင်းများစွာတိုင် အတူတကွ လက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပတ္တမြား FM မိသားစု

CONSTRUCTION, POWER & MINING
Myanmar 2017
12-14 October 2017
New Venue MEP at Mindama Yangon 9.00 -17.00 Hrs.
The 5th International Construction, Power & Mining Exhibition
